BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၉၁) ရေရန်နှစ်၊ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ | မြန်မာသက္ကရာဇ် (၁၃၆၉) | (၁၅-၁-၉၉) ရက်နေ့တွင်စတင်ထုတ်ဝေသည်။

တင်းကြပ်သည့်စောင့်ကြည့်မှုများအောက်မှ နှစ် (၆၀) ပြည့် မြန်မာ့လွတ်လပ်ရေးနေ့

ရန်ကုန်အစိုးရက အစောင့်အကြပ်များ တင်းကြပ်စွာချထားစောင့်ကြည့်ခြင်းဖြင့် မြန်မာ့လွတ်လပ်ရေး နှစ် (၆၀) ပြည့်အခမ်းအနားကို ကြိုဆိုလိုက်သည်။

အိန်နယ်လ်ဒီပါတီရုံးချုပ်တွင် အဖွဲ့ဝင် (၃၅၀)ခန့်နှင့် ဗိုလ်ကြီးထားသောသာအနောက် ထုပ်ရုံးထဲကမန်များနှင့် စုစုပေါင်း (၆၀၀)ခန့်ဖြင့် လွတ်လပ်ရေးအခမ်းအနားကိုကျင်းပခဲ့ကြရာ စစ်ထုပ်စုစု၏အထူးရဲများက သတိအနေအထားဖြင့် စောင့်ကြည့်နေခဲ့ကြသည်။

ဖက်တင်းကာအရေးအခင်းဖြစ်ပွားခဲ့စဉ်က ရှေ့ပိုင်းများဖြစ်ခဲ့ကြသော ရန်ကုန်မြို့တော်ခန်းမအမြင်ဘက်တွင်လည်းကောင်း၊ ရွှေတိဂုံနှင့် ဆူးလေစေတီတော်ဝန်းကျင်တို့တွင်လည်းကောင်း လုံထိန်းတပ်များက အခိုင်အမာနေရာယူစောင့်ကြပ်နေခဲ့ကြသည်။ အရည်မဖော်လိုသော အစိုးရအရာရှိကြီးတဦးက စစ်အစိုးရသည် လုံထိန်းတပ်များကိုသာမက စွမ်းအားရှင်များကိုလည်း ဒီမိုကရေစီနှင့်လူ့အခွင့်အရေးလှုပ်ရှားသူများ ပြန်လည်လှုပ်ရှားလာမှုမှ အချိန်မီ ထားလွယ်နှိမ်နှင်းနိုင်ရန် အသင့်ပေးထားကြောင်းပြောသည်။

စစ်အစိုးရက ၎င်းတို့၏ မြို့တော်သစ် နေပြည်တော်တွင် စစ်တပ်ထုပ်ချုပ်လာခဲ့သော နှစ်ပေါင်း (၄၅) နှစ်အတွင်း အလွန်အကန့်အသတ်များသော လွတ်လပ်ရေးနေ့ အခမ်းအနားအဖြစ် ကျင်းပခဲ့ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လွတ်လပ်ရေးနေ့သိန်းခွန်းကိုအထမ်းတွင်ခဲ့သည်။

ကြားနေကျောင်းသားတစ်ဦး၏ ကျောင်းကြော်ငြာများကို ထပ်မံရေရွတ်လျက် အသက် (၅၇) နှစ်ရှိနေပြီဖြစ်သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၅၃) သန်းသော ပြည်သူများအား သစ်လွင်သော၊ ငြိမ်းချမ်းသာယာသော၊ ခေတ်မီဖွံ့ဖြိုးသော၊ နိုင်ငံတော်ကိုတည်ဆောက်နေရာ ဆောင်ရွက်ထားသော စည်းကမ်းရှိသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်လာရေးကို အတိအလင်းအကောင်အထည်ဖော်မည်ဖြစ်ကြောင်းကိုသာ ထည့်သွင်းပြောကြားသွားသည်။

သူ၏မိန့်ခွန်းတွင် ထိန်းသိမ်းခံနေရသော နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးအဖြေရှာရေးနှင့် ပတ်သက်သည့်ကိစ္စရပ်ကိုမှုလည်း ဖော်ပြခဲ့ခြင်းမရှိပေ။ ဒေါ်အောင်ဆန်းစုကြည်၏ အိန်နယ်လ်ဒီပါတီသည် (၁၉၉၀) ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော်လည်း အာဏာလွှဲပြောင်းပေးရန် စစ်အစိုးရမှ အဆင့်ဆက်ငြင်းဆန်နေခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ဦးညာဏ်ဝင်းက တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်ကို ဆုပ်ကိုင်ထားဆဲဖြစ်ကြောင်း ပြောခဲ့သည်။ "ယခုနှစ်ကုန်ခန့်မှာ တွေ့ဆုံဆွေးနွေးရေးဖြစ်လာဖို့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဖြစ်လာဖို့တို့ကို အစ ၂၀၀၈

စာမျက်နှာ (၉) ကော်လံ (၄) သို့...

ပြည်သူအား လွဲမှားသည့်မျှော်လင့်ချက်များပေးမည်မဟုတ်ဟုဆိုသော လူထုခေါင်းဆောင်က အဆိုးဆုံးအတွက်ပြင်ဆင်ထားရန်ပြောကြား

လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်တို့ တွေ့ဆုံစဉ်

ဇန်နဝါရီလ (၃၀) ရက်နေ့က လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖ၏ဆက်ဆံရေးဝန်ကြီးဦးအောင်ကြည်တို့၏ ယခုအကြိမ်မြောက်တွေ့ဆုံပြီးနောက် သူမ၏ပါတီကပေါ်ပေါက်သော သတင်းစာရှင်းလင်းပွဲမှထွက်ပေါ်လာသောသတင်းများအရ ဤသို့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ပါတီ၏ ပြောခွင့်ရပုဂ္ဂိုလ်ဦးညာဏ်ဝင်းနှင့်အတူ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်လူကြီးများသည် ရန်ကုန်မြို့ရှိ အစိုးရဧည့်ဂေဟာတွင် တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ ဇော်တင်းကာအရေးအခင်းနောက်ပိုင်း တွေ့ဆုံရခြင်း၏ ဒုတိယအကြိမ်မြောက်လည်းဖြစ်သည်။ ၂၀၀၇ ခုနှစ် စီပံယင်းအရေးအခင်းအကြမ်းဖက်မှုနောက်ပိုင်းမှစ၍ ဒေါ်အောင်ဆန်းစုကြည်မှာ ဆရာဝန်ကိုင်ပုံမှန်တွေ့ဆုံရန် ခက်ခဲသောအချိန်များရှိနေခဲ့သည်။

ဆက်လက်၍ ဒေါ်အောင်ဆန်းစုကြည်က အိန်နယ်လ်ဒီအဖွဲ့ဝင်များ၏ အနစ်နာခံဆောင်ရွက်မှုများကို တန်ဖိုးထားပါကြောင်းနှင့် ဘယ်တော့မှလည်းမမေ့ပါကြောင်းတို့ကို ထည့်သွင်းပြောကြားသွားကြောင်းသိရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် သွားရောက်တွေ့ဆုံခွင့်ရခဲ့သည့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်လူကြီးများမှာ ဥက္ကဋ္ဌဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်၊ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များဖြစ်ကြသော ဦးလွန်းတင်၊ ဦးသန်းထွန်း၊ ဦးညွန့်ဝေ၊ ဦးလှပေ၊ ဦးစိုးမြင့်တို့ဖြစ်ကြပြီး ဒုဥက္ကဋ္ဌဖြစ်သူ နေအိမ်အကျယ်ချုပ်ကျခံနေရသော ဦးတင်ဦးမပါဝင်ခဲ့ပေ။

၂၀၀၈ ခုနှစ်အား အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်အဖြစ်အဖွဲ့ချုပ်ကြေညာ တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်အောင်မြင်ရန် စစ်အစိုးရအား တိုက်တွန်း

၂၀၀၈ ခုနှစ်အား အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်အဖြစ် သတ်မှတ်ကြေညာထားခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာချက်အမှတ် (၂) ကို ဇန်နဝါရီလ (၁၈) ရက်နေ့၌ဖြင့် ထုတ်ပြန်ကြေညာလျက် အဖွဲ့ချုပ်၏ခေါင်းဆောင်များဖြစ်သော ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးတင်ဦးတို့အား ခြွင်းချက်မရှိလွှတ်ပေးရန် တောင်းဆိုလိုက်သည်။ ထိုကြေညာချက်တွင် တိုင်းရင်းသားလူမျိုးစုများ စည်းလုံးညီညွတ်စွာပါဝင်ခြင်းမရှိဘဲ တည်ငြိမ်အေးချမ်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်မဟုတ်ကြောင်းဖော်ပြထားသည်။

တိုင်းပြည်တွင် ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသော အရေးရေး အကျပ်အတည်းများကို အမြန်ဆုံးဖြေရှင်းရန် အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်နိုင်မှသာဖြစ်မည်ဟုလည်း ထိုကြေညာချက်တွင်ပါရှိသည်။ တိုင်းပြည်နှင့်ပြည်သူလူထု၏အကျိုးစီးပွားအတွက် အတိတ်၏ဖြစ်ရပ်များကိုသင်ခန်းစာယူလျက် မျှော်မှန်းနိုင်အနာဂတ် ထိုင်ဦးစားပြုပြီး မိုးသားရေးခြင်းမတိုင်ခြင်း ကိုယ်ကျိုးစွန့်အနစ်နာခံခြင်းတို့ဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် ယင်းတွေ့ထွင်ဆုံးဆောင်ရွက်ရန်အရေးကြီးကြောင်းကိုလည်း တိုက်တွန်းထားသည်။ ထို့အပြင် အာဏာပိုင်များအနေဖြင့်လည်း ကြေညာချက်အမှတ် (၂/၂၀၀၇) ကို ထုတ်ပြန်လျက် ဒေါ်အောင်ဆန်းစုကြည်နှင့်လုပ်ငန်းစဉ်များဆွေးနွေးဆောင်ရွက်ရန် အလုပ်သမားဝန်ကြီး ဦးအောင်ကြည်အား ဆက်ဆံရေးဝန်ကြီးအဖြစ်ခန့်အပ်ခဲ့ခြင်း၊ မစ္စတာဂမ်ဘာရီနှင့်လည်း တွေ့ဆုံခွင့်ပေးခဲ့ခြင်းများလည်းရှိနေသည့် ယခုအခြေအနေတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို ညှိနှိုင်းအဖြေရှာသင့်နေပြီဖြစ်ကြောင်း ဖော်ပြချက်တွင်ပါရှိသည်။

ထိုအချက်အလက်စာစောင်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အခြေခံမူ (၇) ချက်အားဖော်ပြထားရာတွင် ပွင့်လင်းမြင်သာမှုနှင့် အပြန်အလှန်လေးစားလိုက်နာရေး၊ တမျိုးသားလုံးပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းစွာ ဆွေးနွေးသောနည်းကိုအသုံးပြုရေး၊ အသာအတင်းစေသော အတွေးအခေါ်ဟောဇာတမြစ်မှုကိုရှောင်ရှားရေး၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ နားလည်မှုရှိရေးနှင့်လေးစားရေး တို့ကို ဖော်ပြထားသည်။ ❖

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ကျင်းပခဲ့သည့် (၆၀) နှစ်ပြည့်လွတ်လပ်ရေးနေ့အခမ်းအနား

ဗိုလ်ချုပ်နဲ့ ဒေါ်စုပြောတဲ့...
အကောင်းဆုံးကိုမျှော်လင့်...
အဆိုးဆုံးအတွက်ပြင်ဆင်ဆိုတာ
ရှင်ရ...၊ မရှင်ချ...လို့ပြောတာဖြစ်တယ်...

အယ်ဒီတာ့အာဘော် (မိုးကြိုးသတင်းစာ)

ပင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

အယ်ဒီတာ့အာဘော်

အကောင်းဆုံးကိုမျှော်လင့် အဆိုးဆုံးကိုပြင်ဆင်

နေအိမ်တွင်အကျယ်ချုပ်ချခံထားရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်က သူမ၏အလုပ်အမှုဆောင်အဖွဲ့မှတဆင့် ပြည်သူလူထုကြီးအား အကောင်းဆုံးကိုမျှော်လင့်ရင်း အဆိုးဆုံးအတွက်လည်းပြင်ဆင်ထားရန် မေတ္တာရပ်ခံသွားကြောင်းသိရသည်။

လက်တလောအတွင်း သံတမန်များဖြစ်ကြသော လူထုလွှမ်းမိုးမှုကြီးမားသည့်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖခေါင်းဆောင်များ စိုးသိန်းဦးအောင်ကြည်တို့၏ ပထမအဆင့် တွေ့ဆုံညှိနှိုင်းမှုများလည်း (၅) ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ယင်းတွေ့ဆုံပွဲများမှတဆင့် အကောင်းအတည် မပေါ်ပေါက်သေးသော အမျိုးသားပြည်သူ့ ရင်ခုန်သံဖြင့်စောင့်မျှော်နေကြသည့် အနေအထား ဆွေးနွေးပွဲများပေါ်ပေါက်လာရေးအတွက် မြန်မာပြည်သူများ သာမက နိုင်ငံတကာအသိုင်းအဝိုင်းကပါ ဝိုင်းဝန်းကြိုးပမ်းလျက်ရှိသည်။

နအဖစစ်အုပ်စုက မြန်မာပြည်အနာဂတ်အား လမ်းပြမြေပုံ (၇) ချက်အတိုင်း တသွေမတိမ်း အကောင်အထည်ဖော်သွားမည်ဟု အခိုင်အမာကြေညာထားသည်။ ပုဂ္ဂိုလ် (၅၄) ဦးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင်ကိုဖွဲ့စည်းကာ လမ်းပြမြေပုံအဆင့် (၃) ကို အကောင်အထည်ဖော်နေသည်။ တဖက်မှလည်း ဖိနှိပ်မှုယန္တရားကို အစွမ်းကုန်အသုံးချပြီး ဒီမိုကရေစီလှုပ်ရှားမှုများကို နှိမ်နင်းချေမှုန်းရန်ကြိုးပမ်းနေသည်။ နှစ်ပေါင်းနှစ်ဆယ်ကျော် တိုင်းပြည်နှင့်လူမျိုး၏ မျက်နှာကိုထောက်ထား၍ ဆောင်ရွက်ရမည့်အစား စစ်အာဏာရှင်စနစ် ဆက်လက်တည်မြဲရေးအတွက်သာ မရှက်မကြောက်ဆောင်ရွက်နေခြင်းများကို မယုံနိုင်လောက်အောင် အထင်အရှား တွေ့မြင်နေရသည်။

တဖက်တွင်မူ အမေရိကန်ပြည်ထောင်စုက ၂၀၀၈ ခုနှစ်အား အမျိုးသားပြန်လည် သင့်မြတ်ရေးနှစ်အဖြစ် သတ်မှတ်ကြေညာလိုက်သည်။ တွေ့ဆုံဆွေးနွေးမှုအဆင့်မြင့် ရေးဆွဲ ဆောင်ရွက်ပါရန်လည်း စစ်အုပ်စုအား အဆင့်မြင့် တောင်းဆိုလိုက်လျက်ရှိသည်။

ထို့အပြင် နအဖ ကရေးအဝိုင်းအပါအဝင် ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက် (၁/၉၀) အပိုဒ် (၂၀) တွင် ဖော်ပြထားသည့် "၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲရန်တာဝန်ရှိသူများဖြစ်သည်" ဟူသောတာဝန်ကို ထမ်းဆောင်နိုင်ရေးအတွက်လည်း အမေရိကန်ပြည်ထောင်စုက အခြေခံအားဖြင့်ကြိုးပမ်းလျက်ရှိသည်။

ထုတ်ပြန်ကြေညာချက်များ၊ သတင်းများအရ တွေ့ဆုံဆွေးနွေးပွဲနှင့်စပ်လျဉ်းသော အမေရိကန်၏ 'တိုင်းရင်းသားအမျိုးသားစုကြီးလက်ခံနိုင်သော ရလဒ်ဖြစ်ရမည်။ သဘောတူညီမှုများမရသည့်တိုင် တွေ့ဆုံဆွေးနွေးပွဲများကို ရပ်ဆိုင်းမပစ်ဘဲ ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပြီး ရရှိသောသဘောတူညီချက်များကိုလည်း ထုတ်ပြန်မည်' ဆိုသောသဘောထားမှာ အကြောင်းအကျိုးဆက်၍ လက်ခံနိုင်ဖွယ်ဖြစ်သည်ဟု ယူဆသည်။

မည်သို့ပင်ဖြစ်စေ တွေ့ဆုံဆွေးနွေးရေးဖြစ်စဉ် (Dialogue Process) ကား ဖြစ်ထွန်းနေပြီဖြစ်သည်။ ကြိုက်သူရော၊ မကြိုက်သူပါ ဤအချက်နှင့်အပြင်းမှား ရှောင်မရ။ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းပြည်အနာဂတ်အကျိုးမျှော်ကိုး၍ လုပ်ဆောင်သည့်မှာယုံမှားဖွယ်မရှိ။ သို့သော် နအဖစစ်အုပ်စု၏ စစ်အာဏာရှင်လမ်းကြောင်းမှ တရွေ့ရွေ့သွားမှုမရွေ့သောမှုကြောင့် တတိုင်းပြည်လုံး ကြိမ်ဖန်များစွာ သည်းခံခဲ့ရသည်။ အတိတ်ကမှုရောက်နေတော့မည်ဟု သတိရနေပြီဆိုပါက ...

ဤနေရာတွင် "ဆိုရေးရှိက ဆိုအပ်လှ၏" ဆိုသည့်အတိုင်း ...

လက်တလောမှု မမေ့သင့်သော ဒေါ်အောင်ဆန်းစုကြည်မှ တိုင်းပြည်သို့ အမှာစကားကို ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုလိုသည်။

"အကောင်းဆုံးအတွက်မျှော်လင့်၍ အဆိုးဆုံးအတွက်ပြင်ဆင်" ဆိုသည်မှာ "ရလျှင်မှ မရလျှင်ရှုံးပြီ" ဟုသာ အဓိပ္ပာယ်သက်ရောက်ပါကြောင်း ...။

ပင်းဆိုးကို မိုးကြိုးပစ်မည်

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အား လွှတ်မပေးပါက အာဆီယံပဋိညာဉ်တွင် လက်မှတ်ရေးထိုးမည်မဟုတ်ဟု ဖိလစ်ပိုင်သမ္မတပြောဆို

ဖိလစ်ပိုင်သမ္မတ အာရိုယို

မြန်မာ့ဒီမိုကရေစီရေးပြောင်းလဲမှုများပြုလုပ်ပေးရန် ထပ်မံပြောကြားချက်များအရ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရန် ဖိလစ်ပိုင်သမ္မတ အာရိုယိုက စစ်အစိုးရအား ထပ်မံတောင်းဆိုလိုက်သည်။

ဆွစ်ဇာလန်နိုင်ငံ၊ ဒါဗို့စ်တွင်ကျင်းပခဲ့သော ကမ္ဘာ့စီးပွားရေးဖိုရမ်အစည်းအဝေးတွင်ပြောကြားလိုက်ခြင်းဖြစ်သည်။ အကယ်၍ ဒေါ်အောင်ဆန်းစုကြည်အားလွှတ်မပေးပါက ဖိလစ်ပိုင်အထက်လွှတ်တော်က လည်း အာဆီယံပဋိညာဉ်စာတမ်းအား အတည်ပြုလက်မှတ်ထိုးပေးလိမ့်မည်မဟုတ်ကြောင်း အတိအလင်းကြေညာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲနှင့် ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ခြင်းတို့သည် မြန်မာ့အရေးနှင့်ပတ်သက်သော ဖိလစ်ပိုင်နိုင်ငံ၏ရပ်တည်ချက်ဖြစ်ကြောင်းကိုလည်း အာရိုယိုကပြောသည်။ မြန်မာနိုင်ငံအနေနှင့် ယမန်နှစ်ကုန်ပိုင်းက စင်ကာပူတွင် အခြားအာဆီယံနိုင်ငံများနှင့်အတူ ပဋိညာဉ်စာတမ်းအား လက်မှတ်ရေးထိုးခဲ့စဉ်က နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ပါမည်ဆိုသည့် ကတိအတိုင်းလုပ်ဆောင်မည်ဆိုပါက ပထမအဆင့်အဖြစ် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရမည်ဖြစ်ကြောင်း၊ အတိအလင်းပြောကြားလိုက်သည်။

"မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲ ဖြစ်လာတာမြင်ရဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်။ စစ်မှန်တဲ့နိုင်ငံရေးပြောင်းလဲမှုဖြစ်မလာရင်လည်း အာဆီယံပဋိညာဉ်ကို ဖိလစ်ပိုင်အထက်လွှတ်တော်အနေနဲ့ အတည်ပြုလက်မှတ်ရေးထိုးမှာမဟုတ်ပါဘူး။ ဒါကြောင့် အာဆီယံအနေနဲ့ ထိရောက်စွမ်းမြန်တဲ့အဖွဲ့အစည်းတခုဖြစ်ဖို့နဲ့ အောင်ဆန်းစုကြည်လွတ်မြောက်ဖို့ ခက်ခဲတဲ့ရွေးချယ်မှုတွေကို အတူလက်တွဲဆောင်ရွက်ရမှာဖြစ်တယ်" ဟု အာရိုယိုကပြောသည်။

အာဆီယံနိုင်ငံများအားလုံး တရားဝင်ဖွဲ့စည်းမှုအောင်တခုတည်းဆောက်တွင်ရှိစေရန် ထိုပဋိညာဉ်စာတမ်းအား လက်မှတ်ရေးထိုးခဲ့ကြသော်လည်း အဖွဲ့ဝင်တနိုင်ငံချင်းစီ၏အတည်ပြုချက် ရရှိရန်လိုအပ်နေသေးကြောင်းလည်းသိရှိရသည်။ ❖

အာရုဏ်သစ်စာစောင်ထုတ်ဝေခြင်းပတ်သက်၍ အဖွဲ့ချုပ်ကို တပေစိစစ်ရေး ဖိအားပေး

(၂၀၀၈) ဇန်နဝါရီလ (၄) ရက် လွတ်လပ်ရေးနေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်အဖွဲ့မှ ထုတ်ဝေဖြန့်ချိခဲ့သည့် အာရုဏ်သစ်စာစောင်နှင့်ပတ်သက်၍ စစ်သားကောင်စီများက အဖွဲ့ချုပ်လူငယ်များကို အလုပ်အမှုဆောင်အဖွဲ့အား ခေါ်ယူစစ်ဆေး မေးမြန်းခြင်းများရှိခဲ့ကြောင်း သိရသည်။

အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ်ဖြစ်သည့် ဦးဉာဏ်ဝင်းမှ စီအိုင်အီး ကိုယ်စား နအဖအာဏာပိုင်များနှင့် သွားရောက်တွေ့ဆုံခဲ့ပြီး မည်သည့်ကိစ္စများမေးမြန်းပြောဆိုခဲ့သည်ကို ထုတ်ဖော်ပြောဆိုခြင်းမရှိခဲ့ပေ။

ယင်းကဲ့သို့ ခေါ်ယူပြောဆိုခြင်းနှင့်ပတ်သက်၍ အဖွဲ့ချုပ်၏ပြောခွင့်ရပုဂ္ဂိုလ်တဦးဖြစ်သည့် ဦးဟံသာမြင့်က "ဒီကိစ္စနဲ့ပတ်သက်ပြီး အာဏာပိုင်တွေပြောတာကတော့ နိုင်ငံတော်စာစောင်လုပ်တာတော့လုပ်လို့ရပါတယ်။ ဒါပေမဲ့ ထုတ်လိုင်းဖြစ်သွားတဲ့အတွက် ပုံနှိပ်ထုတ်ဝေခွင့် ဥပဒေနဲ့ညီတယ်။ နိုင်ငံရေးပါတီတွေကို ပေးထားတဲ့ (နသ) ပုံနှိပ်ထုတ်ဝေခွင့်လည်း အဖွဲ့ချုပ်ကို ပေးထားတာမရှိဘူး။ ဒါ့ပြင် (နသ) မရှိတဲ့အတွက် ထုတ်ဝေခွင့်မရှိဘူး၊ အဲဒါကို ခေါ်ပြောတာလို့သိရပါတယ်" ဟု ပြောဆိုခဲ့သည်။

လက်ရှိစစ်အစိုးရကျင့်သုံးနေသည့် (၁၉၆၂) ခုနှစ် နအဖအစိုးရပြဋ္ဌာန်းသတ်မှတ်လိုက်သည့် ပုံနှိပ်ထုတ်ဝေခွင့် အက်ဥပဒေပုဒ်မ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀) အရ ထောင်ဒဏ် (၁) နှစ်မှ (၇) နှစ်အထိလည်းကောင်း၊ ငွေဒဏ်ကျပ် (၃၀၀၀) မှ ကျပ် (၃၀၀၀၀) အထိလည်းကောင်း၊ ထောင်ဒဏ် ငွေဒဏ်နှစ်ရပ်စလုံးကိုသော်လည်းကောင်း ချမှတ်နိုင်သည်ဟု ရှေ့နေကြီး ဦးအောင်သိန်းက ပြောဆိုခဲ့သည်။

ဇန်နဝါရီလ (၄) ရက် လွတ်လပ်ရေးနှစ် (၆၀) ပြည့်တွင် အာရုဏ်သစ်စာစောင်ကို နံရံကပ်စာစောင်အဖြစ် ပြုလုပ်ခဲ့ကြခြင်းဖြစ်ပြီး အင်တာနက်အွန်လိုင်းပေါ်သို့ ရောက်ရှိသွားသည့်အတွက် ယခုကဲ့သို့ ပြဿနာဖြစ်ပွားရခြင်းဖြစ်ကြောင်းသိရသည်။ ယင်းစာစောင်သည် စီအိုင်အီးခွင့်ပြုချက်ဖြင့်ထုတ်ဝေခဲ့ခြင်း မဟုတ်ဘဲ သတင်းစာအင်တာနက်သာသာမျှဖြင့်လုပ်ရာမှုပေါ်ထွက်လာခြင်းဖြစ်ကြောင်း၊ အင်တာနက်ပေါ်သို့ မည်သူတင်လိုက်သည်ကိုမသိရဘဲ အွန်လိုင်းပေါ်သို့ရောက်ရှိသွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အာရုဏ်သစ်စာစောင်တွင် အဖွဲ့ချုပ်ဗဟိုမှူးပါများနှင့် ဒေါ်အောင်ဆန်းစုကြည်အား အီတလီနိုင်ငံရောမမြို့တော်ဝန်က ဂုဏ်ပြုသည့်သတင်းများအပါအဝင် အထိန်းသိမ်းခံထားရသည့် အဖွဲ့ချုပ်အဖွဲ့ဝင်များ၏ ဓာတ်ပုံများ၊ (၈၈) မျိုးဆက်ကျောင်းသားများအဖမ်းဆီးခံရသည့်သတင်း၊ အစာငတ်ခံဆန္ဒပြသူများသတင်းစသည့် စစ်အစိုးရ၏ လုပ်ရပ်များအား ထင်ဟပ်သောသတင်းဆောင်းပါးတချို့နှင့် စက်တင်ဘာလအတွင်း ငြိမ်းချမ်းစွာဆန္ဒပြပွဲအား စစ်အစိုးရမှ အကြမ်းဖက်နှိမ်နင်းမှုသတင်းများကို ဖော်ပြထားသည်။

လွန်ခဲ့သည့် (၁၈)နှစ်ခန့်က အဖွဲ့ချုပ်အဖွဲ့မှထုတ်ဝေခဲ့သည့် သတင်းလွှာစာစောင်ကိုလည်း စစ်အစိုးရက (၁၉၉၀) ခုနှစ်ကတည်းက ပိတ်ပင်ထားခဲ့ပြီးဖြစ်သည်။

စစ်အစိုးရ၏အကျဉ်းထောင်အတွင်းနှစ်ရှည်အကျဉ်းကျခံနေရသည့် သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် ခွဲစိတ်ကုသမှုခံယူ

ဇန်နဝါရီ (၂၆)

အသက် (၇၈) နှစ်အရွယ်ရှိပြီဖြစ်သည့် သတင်းစာဆရာကြီး ဦးဝင်းတင်သည် ဇန်နဝါရီလ (၂၆) ရက်နေ့က ရန်ကုန်ဆေးရုံကြီးတွင် ဆီးကျိရောဂါဖြင့်ပင် ဒုတိယအကြိမ် ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။

၁၉၈၉ ခုနှစ်မှစ၍ စစ်အစိုးရကို အန်တုခဲ့သည့်အတွက် ထောင်တွင်းမှာပင် ပုဒ်မအမျိုးမျိုးတပ်ကာ ထောင်သက်တမ်း အကြိမ်ကြိမ်တိုးခြင်းကိုခံနေခဲ့ရသော ဆရာကြီးဦးဝင်းတင်သည် ထောင်တွင်း၌ နှလုံးရောဂါ၊ ဆီးချိုနှင့်ကျောက်ကပ်ရောဂါအပါအဝင် ကျန်းမာရေးချို့တဲ့သည့် ရောဂါဝေဒနာများကိုလည်း ခံစားနေရသည်။

ပြည်ပအခြေစိုက် မြန်မာသတင်းအဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ ဦးစံမိုးဝေက "သူတို့မတရားချုပ်ထားတဲ့ ထောင်သက်တမ်းကလည်း ကျော်နေပြီ။ အသက်အရွယ်အရရော၊ ကျန်းမာရေးအရပါ ဆရာဦးဝင်းတင်ကို အမြန်ဆုံးပြန်လွှတ်ပေးသင့်ပါတယ်"ဟု ပြောဆိုခဲ့သည်။



နအဖစစ်အစိုးရအကျဉ်းထောင်အတွင်း နှစ်ရှည်အကျဉ်းကျခံနေရသည့်ဦးဝင်းတင်

ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ စာနယ်ဇင်းအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးအဖွဲ့များ၊ ဒီမိုကရေစီအင်အားစုများက ဦးဝင်းတင်အားပြန်လွှတ်ပေးရန် နှစ်အတော်ကြာကပင် တောင်းဆိုနေခဲ့သော်လည်း နအဖစစ်အုပ်စုက မသိကျိုးကျွံပြုနေခဲ့သည်။

မြန်မာနိုင်ငံစာရေးဆရာများအသင်း ဥက္ကဋ္ဌနှင့် ဟံသာဝတီသတင်းစာ အယ်ဒီတာချုပ်ဟောင်းတစ်ဦးလည်းဖြစ်သည့် ဦးဝင်းတင်သည် အသက် (၆၀) ကျော် အသက်ကြီးနိုင်ငံရေးအကျဉ်းသားတစ်ဦးဖြစ်ကြောင်း အေအေပီပီက ပြောဆိုခဲ့သည်။ ထိုအဖွဲ့၏အဆိုအရ အသက် (၇၀) ကျော် ဦးလှမြင့်သန်း၊ ဦးကျော်ဆန်းနှင့် ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီမှ ဗိုလ်မှူးဟောင်း၊ နေအိမ်အကျယ်ချုပ်ဘဝဖြင့် အသက် (၈၀) အရွယ်ရှိပြီဖြစ်သည့် ထိုအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦးတို့သည်လည်း အသက်ကြီး နိုင်ငံရေးအကျဉ်းများဖြစ်သည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ ဆိုခဲ့သည်။

ယခုအခါတွင် မြန်မာနိုင်ငံရှိ အကျဉ်းထောင်များအတွင်း၌ နိုင်ငံရေးအကျဉ်းသား ၁၀၅၀ ခန့်ရှိသည်ဟု သိရသည်။ ◆

အထိန်းသိမ်းခံထားရသူများ၏ကျန်းမာရေးအခြေအနေဆိုးရွား

နအဖစစ်အစိုးရ၏ အင်းစိန်အကျဉ်းထောင်အတွင်း အထိန်းသိမ်းခံနေရသည့် (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုလှမျိုးနောင်၊ ကိုကျော်စိုး (တော်ကီ)၊ ရွှေဘိုစဉ်တေးဂီတအဖွဲ့ခေါင်းဆောင် ကိုဝင်းမော်နှင့် မန္တလေးအကျဉ်းထောင်အတွင်း အကျဉ်းကျခံနေရသည့် မကွေးတိုင်း အန်အယ်လ်ဒီပါတီစည်းရုံးရေးကော်မတီ၏ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဦးတို့၏ ကျန်းမာရေးအခြေအနေများဆိုးရွားလာသဖြင့် ဆေးရုံတင်ထားရကြောင်းသိရသည်။

လွန်ခဲ့သည့် (၂၀၀၇) ခုနှစ် အောက်တိုဘာလအတွင်း မျက်ကြည်လွှာရောဂါဖြစ်ပွားသည့် ဝေဒနာကြောင့် တယ်ဘက်မျက်လုံးအားခွဲစိတ်ကုသရန် ဆေးခန်းသို့သွားရာတွင် ဖမ်းဆီးခံခဲ့ရသည့် ကိုလှမျိုးနောင်၏မျက်စိနှင့် ဘက်စပ်ရုံသည့် ယခုအခါတွင်ယူရိုးပါဖြစ်လာသဖြင့် အင်းစိန်ထောင်ဆေးရုံတွင်တင်ထားရကြောင်းသိရသည်။ နအဖစစ်အုပ်စုမှ ကိုလှမျိုးနောင်၏ မျက်စိအားခွဲစိတ်ကုသမှုများပြုလုပ်ပေးခဲ့သော်လည်း အောင်မြင်မှုမရရှိဘဲ အာရုံကြောထိခိုက်ခဲ့သည်။

ကိုဝင်းမော်မှာ စစ်ကြောရေးကာလအတွင်း ဦးခေါင်းသို့ရိုက်နှက်ခံရ၍ ဦးနှောက်အမြှေးကိုခိုက်ခဲ့ရသည့်အတွက် အဆုတ်နာရောဂါဖြစ်ခဲ့ရပြီး အင်းစိန်ထောင်ဆေးရုံတွင် တက်ရောက်ကုသနေရသည်။ ကိုကျော်စိုးသည်လည်း စစ်ကြောရေးစခန်းအတွင်း ဦးခေါင်းအား အရိုက်ခံခဲ့ရသည့်အကြောင်း ယခုအချိန်အထိ မူးဝေနေသည့်အတွက် အင်းစိန်ထောင်ဆေးရုံတွင် တက်ရောက်ကုသနေရသည်။

မကွေးတိုင်း အန်အယ်လ်ဒီပါတီစည်းရုံးရေးကော်မတီ၏ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဦးသည်လည်း အဆုတ်နှင့်ပတ်သက်သည့် ရောဂါဝေဒနာခံစားနေရသဖြင့် မန္တလေးဆေးရုံကြီးပေါ်တွင် တက်ရောက်၍ ဆေးကုသမှုခံယူနေရသည်။

(၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်သည့် ကိုမင်းကိုနိုင်မှာ သွားကိုက်ဝေဒနာကိုခံစားနေရပြီး ကိုကိုကြီးမှာလည်း အစာအိမ်ဝေဒနာကိုခံစားနေရကြောင်း ၎င်းတို့၏မိသားစုဝင်များမှတဆင့် သိရသည်။

မြန်မာစစ်အုပ်စုသည် လွန်ခဲ့သည့်ဩဂုတ်လမှစတင်၍ယနေ့အချိန်ထိ လူဦးရေ (၇၀၀) ကျော်ကိုဖမ်းဆီးထားပြီး အထိန်းသိမ်းခံနေရသူများမှာ ကျန်းမာရေးစောင့်ရှောက်မှုများ မရကြောင်း၊ ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ၏ အတွင်းရေးမှူးဖြစ်သူ ဦးတိတ်နိုင်ကပြောဆိုခဲ့သည်။ ◆

မင်းကိုနိုင်နှင့် ကိုကိုကြီးတို့အပါအဝင် ကျောင်းသားခေါင်းဆောင်များ ပုံနှိပ်ဥပဒေဖြင့် စွဲချက်တင်

[illegible] ကျောင်းသားခေါင်းဆောင်များ

ဇန်နဝါရီ (၂၅) ရက်

အင်းစိန်ထောင်တွင် ဖမ်းဆီးခံနေရသည့် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်သည့် မင်းကိုနိုင်၊ ကိုကိုကြီး အပါအဝင် ခေါင်းဆောင် (၁၀) ဦးတို့ကို တရားမဝင်ပုံနှိပ်ထုတ်ဝေမှုနှင့် တရားစွဲဆိုပြီး ရုံးမှယူထားကြောင်း (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုစိုးထွန်းကပြောဆိုသည်။

မင်းကိုနိုင်အပါအဝင် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များကို ပြီးခဲ့သည့် ဩဂုတ်လတွင်ဖြစ်ပွားခဲ့သည့် လောင်စာဆီဈေးနှုန်းတက်မှုဆန့်ကျင်ဆန္ဒပြပွဲအတွင်း နအဖစစ်အုပ်စုက ဖမ်းဆီးထားခြင်းဖြစ်သည်။

ယခုစွဲဆိုထားသည့် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များမှာ ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမြေအေး၊ ကိုမာကီ၊ ကိုအောင်သူ၊ ကိုမင်းဇေယျ၊ ကိုဇော်ထက်ကိုကို၊ ကိုအောင်နိုင်၊ ကိုတင်ထွဋ်ဆောင်တို့ဖြစ်ပြီး ၎င်းတို့အားလုံးကို အင်းစိန်ထောင်တွင်း အကျဉ်းချုံးနည်းဖြင့် စုံစမ်းစစ်ဆေးလျက် ပုံနှိပ်ဥပဒေပုဒ်မ ၁၇၊ ၁၉ တို့နှင့် ရုံးမှုတင်ထားခြင်းဖြစ်ကြောင်း ကိုစိုးထွန်းက ဆိုသည်။

ထိုလုပ်ရပ်အပေါ် ကိုစိုးထွန်းက မတရားလုပ်များတော်ပြီး ဖမ်းဆီးချုပ်နှောင်ထားခြင်းနှင့် ထောင်တွင်းအကျဉ်းချုံးနည်း တရားစီရင်မှုများရပ်တန့်ရန် တောင်းဆိုလိုက်သည်။

လွတ်လပ်မှုနှင့်လူ့အခွင့်အရေးဆုံးရှုံးမှု အဆိုးဆုံးနိုင်ငံများထဲတွင် မြန်မာနိုင်ငံပါဝင်

နအဖစစ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင်ရှိနေသည့် မြန်မာနိုင်ငံသည် နိုင်ငံရေးလွတ်လပ်မှုနှင့် ပြည်သူလူထု၏ အခွင့်အရေးများဆုံးရှုံးနေမှုများတွင် အဆိုးဆုံးနိုင်ငံတခုအဖြစ် ဝါရှင်တန်အခြေစိုက် (Freedom House) အဖွဲ့မှ ထုတ်ပြန်ခဲ့သည့် ၂၀၀၈ ခုနှစ်၊ ကမ္ဘာ့နိုင်ငံများ၏ လွတ်လပ်မှုလေ့လာချက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

လွတ်လပ်ခွင့်ဆုံးရှုံးနေသည့် အဆိုးဆုံးနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံအပါအဝင် ကျူးဘား၊ မြောက်ကိုရီးယား၊ တိဘက်၊ ဆူဒန်၊ တာ့ခ်မင်နစ္စတန်၊ ဥဇဘက်ကစ္စတန်၊ လစ်ဗျား၊ ဆိုမာလီယာနိုင်ငံများလည်းပါဝင်သည်။ နိုင်ငံရေးအရ လွတ်လပ်မှု လျော့နည်းလာသည့်နိုင်ငံများတွင် ရုရှား၊ အီရန်၊ ပါကစ္စတန်၊ ဗင်နီဇွဲလားနှင့်ကင်ညာနိုင်ငံတို့လည်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

၂၀၀၇ ခုနှစ်တွင် အာရှဒေသ၏ အရေးကြီးဆုံး (၄) နိုင်ငံဖြစ်သည့် အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့တွင် စစ်အုပ်ချုပ်မှုပိုမိုတိုးမြှင့်လာပြီး ပြည်သူလူထု၏အခွင့်အရေးများကို ကန့်သတ်မှုများပိုမိုများပြားလာသည့်အတွက် လွတ်လပ်မှုများဆုတ်ယုတ်လာသည့်နိုင်ငံများအဖြစ် သတ်မှတ်ခံရသည်။ အလားတူ ဖိလစ်ပိုင်၊ မြန်မာနှင့်မလေးရှားနိုင်ငံတို့ကိုလည်း လွတ်လပ်မှုများကျဆင်းလာသည့်နိုင်ငံများအဖြစ် အစီရင်ခံစာတွင်ဖော်ပြထားခဲ့ခြင်းဖြစ်သည်။

ယခင်က မလွတ်လပ်သည့်နိုင်ငံများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည့်ထိုင်းနိုင်ငံနှင့် တိုဂိုနိုင်ငံတို့ကို တစိတ်တပိုင်းလွတ်လပ်သည့် နိုင်ငံများအဖြစ် တိုးမြှင့်သတ်မှတ်ခြင်းခံခဲ့ရသည်။ နိုင်ငံပေါင်း (၄၃) နိုင်ငံမှာ မလွတ်လပ်သည့်နိုင်ငံများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပြီး ပါလက်စတိုင်းနိုင်ငံမှာ တစိတ်တပိုင်း မလွတ်လပ်သည့်နိုင်ငံအဖြစ် လျှော့ချသတ်မှတ်ခြင်းခံခဲ့ရသည်။

ပြီးခဲ့သည့် (၂၀၀၇) ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် စစ်တမ်းများအရ နိုင်ငံပေါင်း (၉၀) ကို လွတ်လပ်သည့်နိုင်ငံများအဖြစ် သတ်မှတ်ခဲ့ပြီး နိုင်ငံ (၆၀) ကို တစိတ်တပိုင်းလွတ်လပ်သည့်နိုင်ငံများအဖြစ် သတ်မှတ်ထားခဲ့သည်။

Freedom House အဖွဲ့ကြီးသည် ကမ္ဘာ့တဝန်းရှိ နိုင်ငံရေးလွတ်လပ်မှုအခြေအနေများနှင့် ပြည်သူလူထု၏အခွင့်အရေးအခြေအနေများကိုစောင့်ကြည့်ကာ ၁၉၇၂ ခုနှစ်မှစတင်ကာ အစီရင်ခံစာထုတ်ပြန်ခဲ့သည်။

မြန်မာစစ်အုပ်စု၏မတရားဖမ်းဆီးမှုများနှင့်ပတ်သက်၍

စာပေနှင့်ဂီတအနုပညာရှင်များမှကြေညာချက်တစောင်ထုတ်ပြန်

ပြီးခဲ့သည့် ၂၀၀၇ ခုနှစ် [illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible] ◆

လူထုအတွက်.. လူထုဖက်က... လူထုဒေါ်အမာ

အပိုင်း (၂)

ဝင်းတင့်ထွန်း

လူထုရုပ်တည်ချက်နဲ့ လူထုဖက်က လူထုအတွက် စာပေတွေကို အိုကြီး အိုမပေမယ့် ကလောင်မချ တက်တက်ကြွကြွ ရေးသားဖော်ကျူးနေလိမ့်မယ်ဆိုတာတွေကို မှန်းမျှော်တွေးဆကြည့်မိရင်း စိတ်ထဲကနေဂါရဝပြုမိခဲ့တာကလည်း အကြိမ်ကြိမ် ပါပဲ၊ ကျနော်တို့ကိုယ်တိုင် နိုင်ငံရေးစာပေတွေကို အသည်းအသန်ဖတ်စအရွယ် ...

စကားများသောင်း ချိုသာယဉ်ကျေးတဲ့ အခေါ်အဝေါ်အသုံးအနှုန်းတွေနဲ့ 'မန်းစကား' ဆိုတာ ထူးခြားတဲ့ကိုယ်ပိုင်ဟန်ရှိတယ်မဟုတ်လား။

ဆရာ့စွမ်း (ဆရာမောင်စွမ်းရည်) ကတော့ မန္တလေးသူဖြစ်တဲ့ အမေလူထုဒေါ်အမာရဲ့ရေးဟန်ကို 'မန်းသံအပြည့်နဲ့ အသုံးထူးအလင်္ကာတွေ ဝေဝေဆာဆာနဲ့ မြိုင်မြိုင်ကြွဲကြွဲရေးလေ့ရှိတယ်' လို့ မှတ်ချက်ပြုဖော်ပြခဲ့ဖူးပါတယ်။ ဟုတ်ပါတယ်။ အမေလူထုဒေါ်အမာရဲ့ရေးဟန်ဟာ မန်းသံမန်းဟန်အပြည့်နဲ့ တကယ့်ကို ထူးထူးခြားခြားကိုယ်ပိုင်ဟန်ရှိတဲ့ရေးဟန်ပါ။ မန္တလေးဟာ ဗမာဘုရင်ခေတ်ရဲ့ နောက်ဆုံးနန်းစိုက်ခဲ့ရာ မင်းနေပြည်ရွှေတော်ကြီးတခု ဖြစ်ခဲ့လေတော့ တချို့ကတော့ 'မန်းဟန်' 'မန်းသံ' ဆိုတာ 'နန်းဆန်' တာလို့ပဲ မြင်ချင်မြင်ကြနိုင်ပါတယ်။ အမေလူထုဒေါ်အမာရဲ့ မန်းသံ မန်းဟန်ကတော့ ကျနော့်အမြင်မှာ အင်မတန်ကို 'လူထုဆန်' ပါတယ်။ လူထုကြားမှာ လူထုတွေနေ့စဉ်သုံးစွဲပြောဆိုနေကြတဲ့ လူထုသုံးစကားတွေနဲ့ပဲ ဝေဝေဆာဆာဖြစ်အောင် ပေါ်ပေါ်လွင်လွင်ဖြစ်အောင် ရေးသားပေါ်ကျူးပြလေ့ရှိပါတယ်။ လူထုကြား နိုင်းနိုင်းပြောဆိုသုံးစွဲနေကြတဲ့ ပြောဆိုထုံးလေးတွေ စကားပုံလေးတွေ ဆိုရိုးစကားလေးလေးတွေ ဒေသိယလေးလေးတွေ လူထုအလင်္ကာလေးတွေကတော့ သူ့နေရာနဲ့သူ ၊ 'ဂွင်' ကိုကျလို့ပေါ့။ ထမင်းတနပ်လုပ်ပြီး ရေးထားတာမဟုတ်ဘဲ ရင်ထဲကလာတဲ့အတိုင်း ရေးထားတဲ့ အမေရဲ့လက်ရာတွေဟာ အမေဝမ်းစာဘယ်လောက်ရှိတယ်ဆိုတာ ဝေါဟာရတွေဘယ်လောက်ကြွယ်တယ်ဆိုတာ အမျိုးသားယဉ်ကျေးမှုအနှစ်သာရနဲ့ ဘယ်လောက်တသားတည်းဖြစ်နေသလဲဆိုတာ လှစ်ကနဲ လှစ်ကနဲ ထင်ဟပ်ပြနေသလိုပါပဲ။

အမေလူထုဒေါ်အမာဟာ စာပေနယ်မှာ သူ့ကိုယ်တိုင် အင်မတန်အရိပ်ကောင်းလှတဲ့ ကြီးတဲ့ စာပေဝင်ရိပ်ကြီး တပင်ဖြစ်နေပေမဲ့ နောက်ထပ် နောက်ထပ်သော စာပေပင်ပျိုးပင် ပျိုးလေးတွေရဲ့ အဆက်မပြတ် ဖွံ့ဖြိုးကြီးထွားထိုးတက်လာရေးကိုပဲ ဂရုတစိုက်အရေးတယူ မေတ္တာထားပြီး ချွန်းဆင်တတ်လေ့ရှိတာ အထင်အရှားပါပဲ။

(၃)

သူ့မြေးအရွယ်လောက်ပဲ ရှိမယ့် 'ချောအိမာန်' ဆိုတဲ့ မန္တလေးသူ ကလောင်ရှင်လေးရဲ့ 'ကောင်းကောင်းအနမ်း' ဆိုတဲ့ စာအုပ်ကလေးအတွက် အမှာစကားရေးသားချီးမြှင့်ပေးရာမှာ အမေလူထုဒေါ်အမာက....

'အမေမျှော်ခဲ့တဲ့လမ်းကို ခေတ်လူငယ်တယောက်အနေနဲ့ လျှောက်ဖော်ရတဲ့အတွက် အမေအရမ်းဝမ်းသာတယ်။ စာကလေးတွေနဲ့ များများရေးလေ ကောင်းလေလေ။ တနဲ့လုပ်ပြီးရေးရင် မကောင်းတော့ဘူး။

အမေမှာချင်တာကတော့ လူငယ်တွေ စာတွေများများဖတ်ပြီး စာတွေများများရေးကြပါလို့........' တဲ့။

လူငယ်တွေ စာတွေများများဖတ်ပြီး စာတွေများများရေးကြဖို့ကို လိုလိုလားလား ရှိလွန်းလှတဲ့ အမေလူထုဒေါ်အမာဟာ ကိုယ်တိုင်ပဲ စာတွေများများဖတ်ပြီး များများရေးနိုင်ခဲ့သူဖြစ်ပါတယ်။ အမေရေးခဲ့တဲ့ စာတွေ နည်းရော့သလား။ လူထုဂျာနယ်၊ လူထုသတင်းစာ ပုံမှန်ထုတ်ဝေနေတုန်းကတည်းက ညနက်သန်းခေါင်အထိ စာတွေဖတ်၊ ပရုဖ်တွေပါဖတ်ရလွန်းလို့ အသက် (၃၉) နှစ်လောက်ကတည်းက မျက်မှန်တပ်ခဲ့ရတဲ့ အမေဟာ ဖိုးကြီးအိုမကြီးအထိလည်း စာတွေဖတ်၊ စာတွေရေးနေလိုက်တာ အားကျစရာပါပဲ။

ကျနော်တို့က အမေလူထုဒေါ်အမာကို သည့်ထက် အသက်ရာကျော်ရှည်စေချင်ပြီး လူထုအတွက် လူထုဖက်က အမေ့စာတွေကို ဒီထက်များနိုင်သမျှများလေ၊ ကောင်းလေ ဖတ်ချင်ပေမယ့် မတရားအာဏာသုံးထားတဲ့ လူထုကလုံးဝမကြည်ဖြူတဲ့ နအဖစစ်အစိုးရနဲ့ စစ်အစိုးရရဲ့ လက်ကိုင်တုတ်တွေ ကပ်ဖားရပ်ဖား လူ့ရှိန်ကာလတွေကတော့ အမေ့ကို မလိုမုန်းထား ရန်ငြိုးထားရင်း အမေ့စာတွေ အပေါ် မျှော်မှန်းမှုကင်း၊ တတ်နိုင်ရင်အမေ့ကို မြို့ပြင်အသေချောနေကြတဲ့အထိတောင် အလိုရှိမှားနေကြတာကိုပဲ ကြားနေသိနေရပါတယ်။ လွန်ခဲ့တဲ့ (၁၀) နှစ်လောက် ၁၉၉၇ ခုနှစ်လောက်တုန်းကလဲ အသက် (၈၂) နှစ်အရွယ်မှာ ရာဘိုတုကတုန်းလောက်လွန်းလို့ မေမြို့တက်နေရရှာတဲ့ အမေ့ကို နအဖက ကသူတောင်းစားတွေက 'ဒေါ်အမာထိမ်ရှာရှိသလား'လို့ သုံးကြိမ်လောက် ဖုန်းဆက်မေးမြန်းတောင်းခံကြလို့ ထိမ်ထိတောင်လာပြီး 'ဒေါ်အမာသေသေးလားကြည့်ဖို့ ဟုတ်သလား' လို့ လာမေးခဲ့ကြဖူးပါ၊ အမေ့ပုံရ

ကောင်လေးလုံးကျောင်းက ဆရာတော် ဦးဥတ္တမဆီကိုလည်း 'ဒေါ်အမာသေတယ် ကြားတယ်၊ ဟုတ်သလား' လို့ မေးတဲ့သူတွေလာမေးကြသေးတယ်ဆိုပဲ။ အဲဒီတုန်းက အဖြစ်အပျက်ကိုတော့ အမေလူထုဒေါ်အမာ ကိုယ်တိုင် ပင်တိုင်ရေးနေတဲ့ 'မိုးရာနယ်' ကနေ 'တုံးကျော်မ' ဆိုပြီး ပြန်ရေးပြခဲ့ဖူးတာ ကျနော်တို့ဖတ်ရဖူးပါတယ်။ ဒါကြောင့် ၂၀၀၅ ခုနှစ်က အမေ့အသက် (၉၀) ပြည့်အဖြစ် တောင်သမန်အင်းစောင်းက တိုးညာရဲ့ ကောင်လေးလုံးကျောင်းမှာ အခမ်းအနား ပွဲလုပ်ကြတဲ့အခါ အရင်က 'လမင်းတရာ အပြုံးမဲ့'ကို ခေါင်းဆောင်ကခဲ့တဲ့ မဒွေးဒွေး မြင့် (ဝန်ထမ်းဒွေးဒွေးမြင့်) က အမေ့ရဲ့ရှေ့မှောက်မှာပဲ ပထမဆုံးရက်ပြအမှုနှင့်အဖြစ် နာမည်ကျော်လေးဘာတီရဲ့ 'တုံးကျော်မ' သီချင်းကို သီဆိုပြီးဂါရဝပြု ဖွင့်လှစ်ပေးခဲ့တာတို့လည်း ဗီဒီယိုပြောပေါ်ကနေတဆင့် ကျနော်တို့မှတ်မှတ်ရရ ကြည့်လိုက်ရဖူးပါတယ်။ အမေဟာ အတီမေပါ အဆိုပိုင်ပိုင်နဲ့ သီဆိုပြသွားတဲ့ မဒွေးဒွေးမြင့်ရဲ့ တုံးကျော်မသီချင်း တိုနားဆင်ရင်း လှလှပပကြီးပြုံးလို့မဟုတ်လား။ တော.... မကြာသေးခင်ကလေးလောက်ထဲ မန္တလေးမှာ နအဖထောက်သား လုရမ်းကားနွမ်းမင် မသမာအရွဲ့ဝင်ကမျိုးက အမေလူထုဒေါ်အမာကို အောက်လမ်းနည်းတွေနဲ့ တိုလိုလို ဒီလိုလို စကားတင်ဆိုလာကြတဲ့အသံတွေ တကျော့ပြန်ထွက်ပေါ်လာတာ ကြားလိုက်ရပြန်ပါတယ်။

အမေ့ကလောင်ကို ရောင်မြှည်မထွက်နိုင်အောင် အမှောင်ချပိတ်ကြပ်ကြဉ်းမလား ကောင်မသိပါဘူး။

ဘာပဲဖြစ်ဖြစ် အမေကတော့ အရှိုရှိုနှလုံးတွေနဲ့ တုံးကျော်မသီချင်းထဲကို နားဆင်ရင်း လှလှပပကြီးပြုံးနေဦးမှာပါပဲ။

အမေလူထုဒေါ်အမာဟာ ဗိုလ်ချုပ် အောင်ဆန်းနဲ့ မွေးသက္ကရာဇ်အတူတူ အတူ တည်းမွား၊ ၁၉၁၅ ခုနှစ်မွားဆိုတော့ ဒီနှစ်ဆိုရင် အသက် (၉၂) နှစ်တောင်ရှိပါပြီ။ မကြာခင်ရက်ပိုင်းအတွင်း နိုဝင်ဘာ (၂၉) ရက်နေ့ဆိုရင် အသက် (၉၂) နှစ်တင်းတင်း ပြည့်တော့မှာပါ။

နှစ်စဉ်လိုလို မွေးနေ့ကျင်းပနေကျ တောင်သမန်အင်းစောင်းက ကောင်လေးလုံးကျောင်းမှာ အသက် (၉၀) ပြည့်ပွဲကို ၂၀၀၅ ခုနှစ်က ကျင်းပနိုင်ခဲ့ပေမယ့် မနှစ်က ၂၀၀၆ ခုနှစ်ကတော့ အသက် (၉၁) နှစ်ပြည့်ပွဲကို ကျင်းပနိုင်ခွင့်ပိတ်ပင်ခံခဲ့ရပါတယ်။ ဒီနှစ်ကော ကျင်းပနိုင်ခွင့်ရပါ့မလား။

ဒီနှစ်ဟာ အမေလူထုဒေါ်အမာရဲ့ အသက် (၉၂) မြောက်ဖြစ်သလို အမေလူထုဒေါ်အမာရဲ့ အမေကိုယ်တိုင်ခေါင်းစဉ်တပ်ပြီး မကြာမကြာရေးခဲ့လေ့ရှိတဲ့ (ငယ်ကကျွမ်းတဲ့ ခင်ပွန်းသည်ဖြစ်သူ) ဆိုတဲ့ ငယ်ကကျွမ်းတဲ့ခင်ပွန်းသည် လူထုဦးလှကွယ်လွန်ခဲ့တာ (၂၅) နှစ်မြောက်လည်းဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ် ဩဂုတ်လ (၇) ရက်နေ့က ကွယ်လွန်ဆုံးပါးသွားခဲ့ရတဲ့ လူထုဦးလှဟာ ၁၉၁၀ ပြည့် ဇန်နဝါရီ (၁၉) ရက်နေ့မွေးပါ။ အခုချိန်အထိရှိဦးမယ်ဆိုရင် (၉၇) နှစ်တောင် ကျော်ပြီပေါ့။ နောက် (၂) နှစ်ကျော်ကျော် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလထဲဆိုရင် လူထုဦးလှရာပြည့်ပေါ့။ ကျနော်တို့တော့ လူထုဦးလှရာပြည့်ပွဲကို အမေလူထုဒေါ်အမာကိုယ်တိုင်ဦးစီးကျင်းပသွားတာမြင်ချင်သလို အမေကိုယ်တိုင် အမေ့ရာပြည့်ပွဲကို မျက်ဝါးထင်ထင် တွေ့မြင်သွားရေးကိုလည်း တမ်းတမ်းတတ ဆန္ဒပြုမိနေပါတယ်။

ကျနော်ဟာ အမေလူထုဒေါ်အမာရဲ့ စာတွေနဲ့ ငယ်ငယ်ကတည်းက ကင်ပျက်သားတွေရခဲ့တာကတော့ အမေ 'လူထုဒေါ်အမာ' ပါပဲ။ အမေလူထုဒေါ်အမာ နာမည်နဲ့ လူထုဒေါ်အမာကိုယ်စားဆိုပြီး ဆရာလူထု ဦးစိန်ဝင်းကပဲ လက်မှတ်ထိုးထားပေးပါတယ်။ 'လူထုဒေါ်အမာရဲ့ဖုန်းနဲ့လှမ်းပြီး အကြောင်းကြားချက်အရ' ဆိုပြီးလည်း ဆရာလူထုဦးစိန်ဝင်းက ဖော်ပြရေးသားထားပြီး လက်မှတ်ရေးထိုးထားတာဖြစ်ပါတယ်။ ကျနော့်ရင်ထဲမှာ လှိုက်ကနဲစွန့်သွားရပြန်ပါတယ်။ အမေလူထုဒေါ်အမာဆိုတာ အဲဒီလိုအမေမျိုးပေါ့ကလား။ လူထုအရေး လူထုတိုက်ပွဲတွေနဲ့ ပတ်သက်ရင် ဘယ်နေရာပဲဖြစ်ဖြစ် ရှိရာနေရာကြားရာအရပ်ကနေ တက်တက်ကြွကြွ ပါဝင်ပူးပေါင်းတတ်သူပါကလား။ လူထုအရေးအတွက် လူထုဖက်ကနေ လူထုတိုက်ပွဲတွေနဲ့အစဉ်ထာဝရ တသားတည်းကျနေတတ်သူမျိုးပါကလားလို့ မှတ်မှတ်သားသား ဖြစ်ခဲ့ရပါတယ်။ ကျနော်ဟာ အမေ့ကို လူထုဦးစိန်ဝင်းတို့ရဲ့ အောက်မြေကပ်လျှက်သားကနေ ဂုဏ်ယူစွာနဲ့လက်မှတ်ရေးထိုးခဲ့ဖြစ်ပါတယ်။ ကျနော်ပြီးတော့ အဲဒီစာရွက်ပေါ်မှာပဲ အဲဒီနေရာနားမှာပဲ လက်မှတ်ထိုးပေးသူတွေ ကာတွန်းထိပ်တင်ထွန်း၊ (အခု ပြည်ပရောက် ကာတွန်း မစ္စတာဘားမား) လို့ပဲ စိတ်ထဲမှာစွဲထင်မှတ်မိနေပါတယ်။ အမေနဲ့လူချင်း နောက်ဆုံးတွေ့ဆုံဖြစ်ခဲ့တာကတော့ ၁၉၈၈ ခုနှစ်ကုန် (၈၉) ခုနှစ် ဆန်းကာလထဲမှာပါပဲ။

အမေ့ရဲ့အိမ်၊ အမေ့ရဲ့ 'လူထု' တိုက်ထဲမှာပဲ သွားရောက်တွေ့ဆုံခဲ့ရတာဖြစ်ပါတယ်။ ကျနော်တို့ အကိုကြီးကိုလှရွှေတို့ပါ ပါဝင်ပြီး စည်းဖြစ်ခဲ့ကြတဲ့ ပြည်သူ့တိုးတက်ရေးပါတီ ပေါ်ပေါက်ပြီးစ ထိပ်တောင်ကာလမကြာခင် လှုပ်ရှားတဲ့အချိန်အတောအတွင်းမှာပါ။ မှတ်မှတ်ရရနှင်းတွေဝေနေဆဲ ဆောင်းကာလကြီးအတွင်းမှာပါပဲ။

မန္တလေးသား ရဲဘော်ကြီးတည်ဦးနဲ့အတူ အမေ့အိမ်ကို ရောက်ဖောင်းသွားခဲ့ကြတာပါ။ လူထုတိုက်ရဲ့ ဧည့်ခန်းလေးအတွင်း ကျနော်တို့ ကိုလှရွှေတို့ရောက်ရှိသွားချိန်မှာ အမေက အပြုံးလဲ့လဲ့လေးနဲ့ကြိုဆိုပါတယ်။

ဘေးနားမှာ ဖတ်လက်စလို့ ထင်ရတဲ့ စာအုပ်တအုပ်နဲ့ အဲဒီစာအုပ်လေးပေါ်မှာ မျက်မှန်လေးတလက် တင်ထားတာလည်း တွေ့ရပါတယ်။ အဲဒီတုန်းကတော့မှပဲ ကျနော်က အမေ့မျက်နှာကို သေသေချာချာသတိထားပြီး ကြည့်မိပါတယ်။ အသက်အရွယ် တော်တော်ကြီးနေပြီဖြစ်ပေမယ့် အမေ့ရဲ့မျက်နှာဟာ ဖိုးကြီးအိုမနဲ့ ဇရာထောင်းနေတဲ့ပုံ အားအင်ကုန်ခမ်း ညှိုးနွမ်းမှေးမှိန်နေတဲ့ပုံ မပေါ်သေးပါ။

ကျနော်က အမေလူထုဒေါ်အမာကိုယ်တိုင် တချိန်ကရေးခဲ့ပြီးခဲ့ဖူးတာလို့ စိတ်ထဲမှာ ရေးထားထားထင်နေတဲ့ ဆရာကြီးသခင်

စာမျက်နှာ (၁၄) ကော်လံ (၁) သို့...

ဥရောပသမဂ္ဂ အထူးကိုယ်စားလှယ်က မြန်မာ့အရေးကို နိုင်ငံတကာမှ ဦးစားပေးအဆင့်ထားရှိစေလိုကြောင်းပြော

ဥရောပသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာပီယာရိုဖက်စီနိုသည် မြန်မာ့အရေးကိစ္စများတွင် မြန်မာစစ်တပ်ခေါင်းဆောင်များအကြား စစ်မှန်သောတွေ့ဆုံဆွေးနွေးရေးများဖြစ်ပေါ်လာစေရန် အာရှနိုင်ငံအားလုံးက သံတမန်နည်းဖြင့် ဖိအားပေးမှုများလုပ်ဆောင်ရေးသည် အဓိကကျကြောင်းပြောသည်။

ဥရောပသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာပီယာရိုဖက်စီနို

မစ္စတာဖက်စီနိုက ၎င်းတို့၏အဓိကရည်မှန်းချက်မှာ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးဖြစ်ပြီး ၎င်း၏သဘောထားသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်း၏ မြန်မာနိုင်ငံဆိုင်ရာ ကုလအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီတို့နှင့် အတူတူပင်ဖြစ်သောကြောင့် ဆက်လက်၍ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောခဲ့သည်။

မစ္စတာပီယာရိုဖက်စီနိုက လာမည့်နှစ်လအတွင်း အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများသို့သွား၍ မြန်မာ့အရေးတိုးတက်လာရေး စစ်အုပ်စုအားဖိအားပေးရန်ကိစ္စများကို ဆွေးနွေးမှုများပြုလုပ်ရန်စီစဉ်နေသည်ဟုလည်း တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်။ ဒီဇင်ဘာလတွင်လည်း စစ်အစိုးရအား ဖိအားပေးရာတွင် တရုတ်နိုင်ငံ ပါဝင်လာရေးမှူးဆောင်ရွက်မှုများအတွက် တရုတ်ပြည်သို့သွားရောက်ဆွေးနွေးဦးမည်ဖြစ်ကြောင်းပြောသည်။

အီတလီနိုင်ငံတရားရေးဝန်ကြီးဟောင်း မစ္စတာပီယာရိုဖက်စီနိုသည် ပြီးခဲ့သည့်နိုဝင်ဘာလမှစ၍ မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂအထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသူဖြစ်သည်။

ထို့အတူ မစ္စတာဂမ်ဘာရီကလည်း မြန်မာနိုင်ငံသို့ တတိယအကြိမ်ခရီးစဉ်အဖြစ် နယူးယောက်မှ ဘာကြောင့် မကြာမီသွားရောက်ရန် စီစဉ်ထားကြောင်းလည်းသိရသည်။

ဤကဲ့သို့ ကုလသမဂ္ဂနှင့်ဥရောပသမဂ္ဂတို့မှ မြန်မာ့ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများအပြိုလာစေရေးနှင့် စစ်မှန်သောတွေ့ဆုံဆွေးနွေးပွဲများဖြစ်ပေါ်လာစေရေး မနားမနေကြိုးပမ်းဆောင်ရွက်နေစဉ် စင်ကာပူနိုင်ငံကိုတည်ထောင်ခဲ့သော မစ္စတာလီကွမ်ယူကမူ မြန်မာနိုင်ငံပြဿနာများ ကြားဝင်ဖြေရှင်းပေးရေးအား စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်ကြောင်း ဟောင်ကောင်မှရှေ့လျှောက်ရေးအဖွဲ့တွေ့ဆုံပွဲတွင် ပြောကြားလိုက်သည်။

ထိုသို့ပြောကြားရခြင်းမှာ နအဖစိုးရ ချုပ်ကြီးများက ပြောင်းလဲမှုကိုလုံးဝလိုလားသူများဖြစ်နေသောကြောင့်ဖြစ်သည်ဟု ထည့်သွင်းပြောကြားခဲ့သည်။ ဆက်လက်၍ အာဆီယံနိုင်ငံများအနေနှင့်လည်း နအဖစစ်အစိုးရအပေါ် ဆက်ဆံရေးအဆင့်ကိုလျှော့ချနေခြင်းကြောင့် ကြားလူမဖိမ်မှုမှာလည်း အနည်းငယ်မျှသာရှိသည်ဟုဆိုသည်။ ❖

အားလပ်ရက်များတွင် မြန်မာနိုင်ငံသို့ခရီးသွားလည်ပတ်ခြင်းများ ရပ်ဆိုင်းရန် ဗြိတိသျှအလုပ်သမားသမဂ္ဂမှ တိုက်တွန်း

နိုင်ငံခြားသားများစိတ်ဝင်စားရာနေရာတစ်ခုတွင်ပါဝင်သည့်မြန်မာနိုင်ငံအင်းလေးဒေသ၏ရေပေါ်ဈေးတစ်ရှုခင်း

အလုပ်သမားသမဂ္ဂပေါင်း (၇၀) ကျော် ဖွဲ့စည်းထားသည့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (Trade Union Congress) က မြန်မာနိုင်ငံအား ခရီးသွားလုပ်ငန်းလုပ်ကိုင်နေခြင်းကိုရပ်တန့်ပြီးသပိတ်မှောက်ရန် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို တိုက်တွန်းလိုက်သည်။

ဇန်နဝါရီ (၁၆) ရက်နေ့ နေ့ခွဲမြို့ ဗြိတိန်အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာလူ့အခွင့်အရေးအဖွဲ့အစည်းတခုဖြစ်သည့် (Torism Concern) တို့မှ ပူးတွဲထုတ်ပြန်ခဲ့သည့်ကြေညာချက်တွင် ယခုကဲ့သို့ တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် အဓမ္မခိုင်းစေမှုများနှင့် ကလေးစစ်သားအသုံးပြုမှုများရှိနေသည့်အတွက် ထမ္မာလှည့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများတွင် မြန်မာနိုင်ငံကို စာရင်းမှပယ်ရှားပေးရန်နှင့် ခရီးသွားများအနေဖြင့် အားလပ်ရက်များကို မြန်မာနိုင်ငံတွင်အသုံးမပြုကြရန် အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၏ ညွှန်ကြားရေးမှူး ဘရင်ဒန်ဘာဘာကပြောဆိုခဲ့သည်။

အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၏ ပြောခွင့်ရပြစ်သူ မစ္စတစ်ဖ်ရုပ်နှန်က အလုပ်သမားအဖွဲ့ချုပ်အနေဖြင့် ပြည်သူများအား ရက်ရက်စက်စက်ဖိနှိပ်အုပ်ချုပ်နေပြီး ဒီမိုကရေစီခေါင်းဆောင်မှုပေးသည့်အစိုးရကို ကန့်ကွက်သည့်အနေဖြင့် စီးပွားရေးအရ ပိတ်ဆို့သည့်လုပ်ရပ်များတွင် ပါဝင်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံရှိ ပြည်သူများသည် လွတ်လပ်မှုကင်းမဲ့နေကြောင်းနှင့် ဗြိတိန်နိုင်ငံက ဖြစ်စေ၊ တခြားနိုင်ငံများကပဲဖြစ်စေ ထမ္မာလှည့်ခရီးသွားများကို မြန်မာနိုင်ငံအားအလည်အပတ်သွားခြင်းအားဖြင့် ပြည်သူလူထုအပေါ် ရက်ရက်စက်စက်အုပ်ချုပ်နေသည့် စစ်အစိုးရ၏ အကျောကိုဖြည့်ဆည်းပေးရာရောက်နေကြောင်းကိုလည်း မစ္စတစ်ဖ်ရုပ်နှန်ကပြောဆိုခဲ့သည်။

ခရီးသွားဆိုင်ရာလူ့အခွင့်အရေးအဖွဲ့ဖြစ်သည့် (Tourism Concern) အဖွဲ့၏ ညွှန်ကြားရေးမှူး မီခ်ယာရစ်ဘ္ဘာဘာနောက်က မြန်မာနိုင်ငံသို့ခရီးသွားခြင်းသည် စစ်အစိုးရအား တရားဝင်အသိအမှတ်ပြုရာရောက်ကြောင်း ပြောဆိုသည်။

ဤသို့ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ခရီးသွားလုပ်ငန်းများလုပ်ကိုင်နေခြင်းရပ်ဆိုင်းရန် လှုပ်ရှားရခြင်းမှာ မြန်မာနိုင်ငံစစ်အုပ်စု၏ မလိုအပ်ဘဲ နိုင်ငံလောက်ဆောင်ကြောင်ရာ ကောင်းသည့် လူ့အခွင့်အရေးချိုးဖောက်နေမှုများကြောင့်ဖြစ်ကြောင်းသိရသည်။ ❖

မြန်မာနိုင်ငံ၌ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး နှေးကွေးလျက်ရှိဟု လုံခြုံရေးကောင်စီပြောဆို

(၂၀၀၈) ခု ဇန်နဝါရီ (၁၇) ရက်နေ့က ကျင်းပခဲ့သည့် လုံခြုံရေးကောင်စီ၏ တံခါးပိတ်အစည်းအဝေးပွဲတွင် မြန်မာနိုင်ငံ၏ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုသည် အလွန်နှေးကွေးလျက်ရှိပြီး တိုးတက်မှုရှိစေရန် ကုလသမဂ္ဂ၏အထူးကိုယ်စားလှယ် မစ္စတာအီဘရာဟင်ဂမ်ဘာရီအနေဖြင့် မြန်မာနိုင်ငံသို့ အမြန်ဆုံးပြန်လည်သွားရောက်ရမည်ဖြစ်ကြောင်း အစည်းအဝေးတွင်ကြေညာခဲ့သည်။

လုံခြုံရေးကောင်စီတွင် အလှည့်ကျဥက္ကဋ္ဌ အဖြစ်တာဝန်ယူထားရသည့် လစ်ဗျားအမြဲတမ်းကိုယ်စားလှယ် ဂီယာဒါလာအီတယ်လ်တိက "လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ (၂၀၀၇) အောက်တိုဘာ သည့် အကောင်းဆုံးဖြစ်ကြောင်းကိုလည်း လုံခြုံရေးကောင်စီအစည်းအဝေးအပြီးတွင် ပြောဆိုခဲ့သည်။ မြန်မာအာဏာပိုင်များအနေဖြင့်လည်း အခြေခံဥပဒေ၊ နိုင်ငံရေးအကျဉ်းသားအားလုံး၏ လွတ်လပ်ခွင့်၊ ပြည်သူများကြားဖြစ်ပေါ်နေသည့် မကျေနပ်ချက်အခြေခံအကြောင်းရင်းများနှင့် ပတ်သက်၍လည်း အဓိကကျသည့်တိုးတက်မှုများ ရရှိအောင်ဆောင်ရွက်ရန် လိုအပ်သည်ဟုလည်း မစ္စတာဂမ်ဘာရီမှပြောဆိုခဲ့သည်။

ယခုထုတ်ပြန်လိုက်သည့် လုံခြုံရေးကောင်စီ၏သဘောထားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှလည်းကြိုဆိုလိုက်ပြီး ကုလ

အောက်တိုဘာကြေညာ ချက်၌ ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်မှန်သည့်တွေ့ဆုံဆွေးနွေးရေးလုပ်ဆောင်ရန် သက်ဆိုင်သူအားလုံးပါဝင်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဖော်ဆောင်ရန်နှင့် ဇက်တင်ဘာအရေးအခင်းအတွင်း အဖမ်းအဆီးခံခဲ့ရသူများနှင့် နိုင်ငံရေးအကျဉ်းသားများအား လုံးပြန်လွှတ်ပေးရန် လုံခြုံရေးကောင်စီမှတောင်းဆိုခဲ့သည် ...။

(၁၁) ကြေညာချက်ပါရည်မှန်းချက်တွေကို လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေက ထောက်ခံတဲ့အကြောင်း ထပ်မံအတည်ပြုပြောဆိုပါတယ်။ အဲ့ဒီရည်မှန်းချက်တွေပြည့်မီဖို့ တိုးတက်မှုနှေးကွေးနေတာကို စိတ်မကောင်းဖြစ်ရကြောင်းပါ"ဟု ကြေညာချက်တွင်ဖော်ပြထားခဲ့သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာကြေညာချက်၌ ဒေါ်အောင်ဆန်းစုကြည်နှင့်စစ်မှန်သည့် တွေ့ဆုံဆွေးနွေးရေးလုပ်ဆောင်ရန် သက်ဆိုင်သူအားလုံးပါဝင်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးဖော်ဆောင်ရန်နှင့် စက်တင်ဘာအရေးအခင်းအတွင်း အဖမ်းအဆီးခံခဲ့ရသူများနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးပြန်လွှတ်ပေးရန် လုံခြုံရေးကောင်စီမှတောင်းဆိုခဲ့သည်။

မစ္စတာဂမ်ဘာရီအနေဖြင့် ယခုလအတွင်း မြန်မာနိုင်ငံသို့သွားရန် အစီအစဉ်ရှိသော်လည်း မြန်မာစစ်အစိုးရမှ ခေါ်ယူသည့်မှသာသွားရောက်ရန်အကြောင်းကြားထားသဖြင့် သွားရမည့်ရက်အား ပြန်လည်ညှိနှိုင်းနေဆဲဖြစ်ကြောင်း၊ ဆွေးနွေးရောက်ရှိမှုအများအပြားရှိနေသဖြင့် အလောသုံးသွားရောက်ခြင်း အဓိပ္ပာယ်မရှိနေဖြင့် မြန်မာ့အရေးကို ပိုမိုကောင်းမွန်အောင်ရွက်သင့်သည်ဟုပြောသည်။

ထိန်းအယ်လ်ဗီ၏ ပြောရေးဆိုခွင့်ရှိသူဖြစ်သည့် ဦးညှာဏ်ဝင်းက "ဒီကြေညာချက်ကို ကျနော်တို့ ကြိုဆိုပါတယ်။ ကျနော်တို့ကတော့ ကုလသမဂ္ဂက မိမိလုပ်နိုင်တဲ့ဘောင်အတွင်း မှာလုပ်ရတာလို့ မိတ်ပိုင်းအသောပေါက်ပါတယ်။ ကျနော်တို့မျှော်လင့်ထားတာက ကုလသမဂ္ဂက ဒီမြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေအပေါ်မှာဝင်ရောက်ဆောင်ရွက်တာ ဒီထက်ပိုပြီးတော့ အရှိန်တိုးမြှင့်ဆောင်ရွက်ဖို့လိုအပ်နေတယ်လို့ယူဆပါတယ်"ဟုပြောဆိုခဲ့သည်။

ယခုအချိန်သည် ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးအောင်ကြည်တို့၏ တွေ့ဆုံဆွေးနွေးမှုသည် (၄) ကြိမ်မြောက်ခဲ့ပြီဖြစ်သော်လည်း တစ်စုံတရာတိုးတက်မှုအခြေအနေရှိမရှိကို ထိန်းအယ်လ်ဒီအနေဖြင့်လည်းမသိရှိရသေးကြောင်း၊ မစ္စတာဂမ်ဘာရီအနေဖြင့်လည်း မြန်မာနိုင်ငံသို့ အမြန်ဆုံးလာရောက်ပါက တွေ့ဆုံဆွေးနွေးမှုအခြေအနေကိုအထောက်ကူပြုနိုင်ကြောင်း ဦးညှာဏ်ဝင်းကပြောဆိုခဲ့သည်။

❖

မဖြစ်နိုင်ဘူးဆိုရင် ဘာတွေဖြင်ထားမလဲ ...

ယနေ့ရရှိတဲ့လွတ်လပ်ရေးဟာ လူတန်း စားတစုတည်းရဲ့ လွတ်လပ်ရေးမဟုတ်၊ ပြည်ထောင်စုတစုလုံးမှာရှိကြတဲ့ လယ်သမား၊ အလုပ်သမား၊ ရေးသူရေးသား၊ ကျောင်းသူကျောင်းသား၊ အမှုထမ်းအရာထမ်းများမှစ၍ တော်လှန်ရေးသမားများအထိပါဝင်သော လူတန်းစား အားလုံးတို့က ညီညီညာညာ စွန့်စွန့်စားစား အံ့ကြွကြိုးပမ်းခဲ့ကြသောကြောင့် ရရှိလာသော လွတ်လပ်ရေးဖြစ်တဲ့အတွက် ယခုလွတ်လပ်ရေး ဟာ လယ်သမား၊ အလုပ်သမား၊ ရေးသူရေးသား၊ ကျောင်းသူကျောင်းသား၊ အမှုထမ်းအ ရာထမ်းများမှစ၍ တော်လှန်ရေးသမားများ အထိပါဝင်သော လူတန်းစားအားလုံးရဲ့လွတ် လပ်ရေးဖြစ်တယ်...။

(၁)

ကျနော်တို့ လွတ်လပ်ရေးရတာ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့ဆိုရင် နှစ် (၆၀) တင်းတင်းပြည့်သွားပြီ။

ဒီလွတ်လပ်ရေးရဲ့အရသာကို ဘယ်သူတွေ အပ်မလောက်ရရှိခဲ့ပါသလဲ။

လက်တဆုပ်စာ စစ်ဗိုလ်ချုပ်ကြီးတစုသာ အခွင့်အလမ်းမှန်သမျှ ရရှိခံစားနေရပြီး (၅၄) သန်းသော လူမျိုးစုံ မြန်မာပြည်သူတွေက တော့ ကြိတ်ချက်ကြိုက်ဘဲ၊ ကျွန်စက်ဆက်ရဲ့ ဘေးဒုက္ခချုပ်ခဲ့ရတဲ့ကာလတွေထက် ဒီနေ့အထိ ဘာမှပိုမြီးမရခဲ့သေးဘူး။

လွတ်လပ်မှုဆိုလို့ ဘာဆို ဘာမှမရှိ။

ဒီမိုကရေစီဆိုလို့ ဘာဆို ဘာမှမရှိ။

လူ့အခွင့်အရေးဆိုလို့ ဘာဆို ဘာမှမရှိတဲ့ မှောင်မိုက်ကူးပါးနေတဲ့ကာလတွေမှာပဲ စစ်အုပ်စု ရဲ့စစ်ဖိနပ်အောက်မှာ ဖိနှိပ်ကျောက်ချထားတာကို ကျနော်တို့ပြည်သူတွေ ဒီနေ့အထိ ခံနေကြရဆဲဖြစ်ပါတယ်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့ နံနက် (၄) နာရီနှင့် မိနစ် (၂၀) က ကျနော်တို့ လွတ်လပ်ရေးရခဲ့တယ်ဆိုတာ တကယ်ရခဲ့တာ မှဟုတ်ရဲ့လား။

အိပ်မက်ထဲမှာ လွတ်လပ်ရေးရပြီဆေ့ဒ် ပေါ်လာလို့နိုးတဲ့အခါ အိပ်မက်ထဲမှာရခဲ့တဲ့လွတ် လပ်ရေးလည်း အိပ်မက်နှင့်အတူ ပျောက်ကွယ် သွားသလိုမျိုး လူမျိုးပေါင်းစုံမြန်မာပြည်သူတွေ တစတွေ အသက်တွေ ရင်းနှီးပေးဆပ်ရယူခဲ့ ရတဲ့ ဒီလွတ်လပ်ရေးကို ကျနော်တို့ပြည်သူတွေ လက်ထဲကနေ စစ်အုပ်စုက အတင်းအဓမ္မ လု ယက်ယူသွားခဲ့တာ လွတ်လပ်ရေးအတိတ်ဟု နဲ့အမျှပဲလို့ ကျနော်ပြောရင်လွန်မလား။

ကျနော်ကတော့ အဲဒီလိုပဲပြောချင်တယ်။

(၂)

၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့ နေ့က်မှာ အာဇာနည်ကွင်းပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံရဲ့ ပထမဆုံးနိုင်ငံတော်ဝန်ကြီး ချုပ်သခင်နုက လွတ်လပ်ရေးကျောက်စာတိုင်ကို အုတ်မြစ်ချပေးရင်း မိန့်ခွန်းကိုပြောကြားပေး ခဲ့တာလည်းအထောက်အထားရှိပါတယ်။

"ယနေ့ရရှိတဲ့လွတ်လပ်ရေးဟာ လူမျိုး ရေးတစုတည်းရဲ့ လွတ်လပ်ရေးမဟုတ်။ ပြည် ထောင်စုတစ်စုလုံးမှာရှိတဲ့ ဗမာ၊ ရှမ်း၊ ကချင်၊ ကရင်၊ ကရင်နီ (ကယား)၊ ချင်း၊ မွန်၊ ရခိုင် အစရှိတဲ့ ဌာနေတိုင်းရင်းသား ပြည်ထောင်စုသား လူမျိုးစုအားလုံးတို့ ညီညွတ်စွာပူးပေါင်းကြိုးပမ်း ခဲ့ကြသောကြောင့် ပြည်ထောင်စုသားလူမျိုးစု အားလုံးရဲ့ လွတ်လပ်ရေးဖြစ်တယ်။"

"ယနေ့ရရှိတဲ့လွတ်လပ်ရေးဟာ လူတန်း စားတစုတည်းရဲ့ လွတ်လပ်ရေးမဟုတ်။ ပြည် ထောင်စုတစုလုံးမှာရှိကြတဲ့ လယ်သမား၊ အလုပ် သမား၊ ရေးသူရေးသား၊ ကျောင်းသူကျောင်း သား၊ အမှုထမ်းအရာထမ်းများမှစ၍ တော်လှန် ရေးသမားများအထိပါဝင်သော လူတန်းစား အားလုံးတို့က ညီညီညာညာ စွန့်စွန့်စားစား အံ့ကြွကြိုးပမ်းခဲ့ကြသောကြောင့် ရရှိလာသော လွတ်လပ်ရေးဖြစ်တဲ့အတွက် ယခုလွတ်လပ်ရေး ဟာ လယ်သမား၊ အလုပ်သမား၊ ရေးသူရေး သား၊ ကျောင်းသူကျောင်းသား၊ အမှုထမ်းအ ရာထမ်းများမှစ၍ တော်လှန်ရေးသမားများ အထိပါဝင်သော လူတန်းစားအားလုံးရဲ့လွတ် လပ်ရေးဖြစ်တယ်။"

မိန့်ခွန်းကတော့ ကောင်းပါတယ်။

လက်တွေ့က မကောင်းခဲ့ဘူး။

ဒီထက်နည်းနည်းတော့ပြီးပြောရရင် လက် တွေ့ဟာ မိန့်ခွန်းကို အသိလိုမှမပြည့်မီခဲ့ဘူး။

ဒါကြောင့်လည်း လွတ်လပ်ရေးရပြီး (၂) လနှင့် (၂၄) ရက်မှာ ပြည်တွင်းစစ်မီးတောက် ခဲ့ရတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ လက်နက် ကိုင်ခဲ့ရတယ်။

လွတ်လပ်ရေးရပြီး (၁) နှစ်နှင့် (၂၇) ရက်မှာ ကရင်အမျိုးသားတော်လှန်ရေးအစည်း ခံ့ရတယ်။ ရေ့ဆင်နောက်ဆင့် မွန်အမျိုးသား တွေလက်နက်ကိုင်ခဲ့ရတယ်။

ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ပဲ့ကိုင်ပေး ထားခဲ့တဲ့ ပြည်သူ့ရဲဘော်အဖွဲ့ အဖြူ/အဝါတို့ ခွဲရတယ်။ ထို့ဖြင့်ပင်က ပြည်သူ့ရဲဘော်အဖြူ က လက်နက်ကိုင်တော်လှန်ကိုက်ခိုက်ရတဲ့အထိ ဖြစ်ခဲ့ရတယ်။

ထိုဒီကနေစလိုက်တဲ့ ပြည်တွင်းစစ်ဟာ အခုထိလိုမျိုးမပြီးဆုံးသေးဘူး။

ဒီနေ့ဆိုရင် ....

လက်နက်မကိုင်တဲ့ လူမျိုးစုဆိုတာမရှိ တော့ဘူး။ အားလုံးကိုယ်စီ လက်နက်ကိုင်အား ကြရပြီး တိုင်းရင်းသားတိုင်း၊ တိုင်းရင်းသား တိုင်း မိမိတို့ရဲ့ ကာကွယ်ဖို့ ခုခံဆန့်ကျင်စစ် ကိုတိုက်နိုင်ဖို့ အားလုံးလက်နက်ကိုင်ထားကြရ မှာကျင်းပခဲ့တဲ့ ဖဆပလညီလာခံကြီးမှာ လွတ် လပ်ရေးနှင့်ပတ်သက်ပြီး ဖဆပလရဲ့ဥက္ကဋ္ဌ အောင်ဆန်းက အခုလိုပြောကြားခဲ့တယ်။

"တိုင်းပြည်လွတ်လပ်တယ်ဆိုတာက နိုင် ငံရေးကတော့ လွတ်လပ်တယ်၊ လူမျိုးကတော့ မလွတ်လပ်ဘူး၊ ပြောချင်တာ မပြောရဘူး၊ ကရေးချင်တာ မရေးရဘူး၊ ဆိုချင် တာ မဆိုရ၊ စားချင်တာ မစားရ၊ ဝတ်ချင်တာ မဝတ်ရ၊ ဒါမျိုးဟာ ဖက်ဆစ်တော်လှန်ခဲ့ရ တယ်။ ထိုဒီလွတ်လပ်ရေးမျိုးဟာ ပါတစ်ပါတ် ကြာလို့ပြီးတော့နေရတဲ့ လွတ်လပ်ရေး ဖြစ်တယ်။ ကာဖိုးအားကြီး လွတ်လပ်ရေးဟာ တိုင်းသူပြည်သားတွေ မလွတ်လပ်ဘူး။"

အောင်ဆန်းခေါင်းဆောင်ခဲ့တဲ့ လွတ်လပ် ရေးဟာ ၁၉၄၇ ခုနှစ် ဖြေဒဝါရီလ (၁) ရက်နေ့ မှာ ဗျူဟာဆက်သွေးကမ္ဘာဆိုကရရှိခဲ့တဲ့ လွတ်လပ် ရေးဖြစ်ပါတယ်။

ဒါကို ကျနော်တို့ မြန်မာပြည်သူတွေက အဲဒါတွေကို မေ့ပျောက်လို့ မောင်တို့မိနိုင် တို့အနေနဲ့ကျင်ပြိုင်ဆက်တဲ့ တိုင်းရင်းဖြည့်ဖွံ့စိတ် နိုင်မှု ဘယ်သူမဆို ဖူးမြင်မသေတိုင်း ကျိုးကန်း တောင်းမှောက်မောင်ကြည့်ခဲ့ရတယ်။ ရာစု ဝမ်းဆိုခဲ့ရတယ်။ မိမိဆိုရင် လက်ညှိုးရုံ့ဘာ တာအမှ ခေါင်းဖြတ်သတ်ပစ်တာအဆုံး ဖူးပွဲ ခဲ့ရတာ ကရာဇ်တွေဖြစ်ခဲ့ရတယ်။

၁၉၄၄ ခုနှစ် ဖြေဒဝါရီ (၁) ရက်ကရခဲ့ တဲ့လွတ်လပ်ရေးဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီ လ (၄) ရက်နေ့မှာ ရခဲ့တဲ့လွတ်လပ်ရေးနှင့် ဘာကြောင့် ဒီလောက်ကွာခြားနေရတာလဲ။

၁၉၄၄ – ၄၅ ကာလတာ ဒီကနေ့ ဗမာ့ အာဏာရှင်ဘာလိုတွေရောက်ဘဲ့ အဖြစ် ကျည်းတွေနေရတာလဲ။

(၄)

လွတ်လပ်ရေးအတွက်အခဲယဉ်းရဲ့ ကြွေးဆိုး တွေကို အဆုံးသတ်ဖို့ ဒါမှမဟုတ် အနေနဲ့

တယ်။

လွတ်လပ်ရေးရဖို့အတွက် လက်နက်ကိုင် ခဲ့ကြရတဲ့ ကျနော်တို့ လူမျိုးစုံပြည်သူတွေဟာ လွတ်လပ်ရေးရပြီး ဒီနေ့ နှစ် (၆၀) တိုင်တဲ့ အထိ ဘဝတွေ၊ သွေးတွေ၊ အသက်တွေ ဘာ ကြောင့်ဆက်ပြီး မရပ်မနားပေးဆပ်နေကြရ သေးတာလဲ။

စိတ်ထဲ လက်ထဲအနှင့် မနက်ဖြန်ရဲ့ နေ့ သစ်များစွာအတွက် ကြံစည်စိတ်ကူးနေရပေ မယ့်အခေ ဘာကြောင့် တကြောင်ကျကျ စိုး ထိတ်ထိတ်နှင့် မအေးမဆေးနိုင်၊ မငြိမ်းချမ်းနိုင် ဖြစ်နေကြရသေးတာလဲ။

(၃)

၁၉၄၆ ခုနှစ် ဇန်နဝါရီလ (၂၀) ရက်နေ့ ဘယ်လိုသတ်မှတ်ခဲ့ပါသလဲ။

'ရွှေရည်စိမ်လွတ်လပ်ရေး'၊ 'အတုအ ယောင်လွတ်လပ်ရေး'လို့ သတ်မှတ်ခဲ့ကြတယ် မဟုတ်လား။

အဲဒီ ရပ်နေးတဲ့လွတ်လပ်ရေးအောက် မှာ မြန်မာအမျိုးသမီးတွေ အဓမ္မပြုကျင့်ခံခဲ့ရ တယ်။ မြန်မာလူငယ်တွေ ချွေးတပ်အဆွဲခံရပြီး ချွေးတပ်စခန်းမှာ အသေဆိုးနှင့် သေခဲ့ကြရ တယ်။ ဘုန်းတော်ကြီးကျောင်းတွေ ဂျပန်စစ် စခန်းဖြစ်ခဲ့ရတယ်။ ထီးသာကော်တွေ ပါးအရိုက် ခံခဲ့ကြရတယ်။ အဝတ်အစားတွေ အစာ၊ အဓာ အသောက်ကအစ ရှားပါးပြီး တပြည်လုံး ဆန် ကြီးတွေကျွေ ဝဲတွေနဲ့ပြီး သတ်ပေါင်းခိုးဆင်းရဲ နိမ့်ကျခဲ့ရတယ်။

ကောင်းကျောင်းတွေ ပိတ်ထားခဲ့ရတယ်။ တောက်ပြီး လူမျိုးစုံပြည်သူလူထုဆီက အတင်း လုယူသွားခဲ့တဲ့ လူထုပိုင်လွတ်လပ်ရေးကို လူထု လက်ထဲ ပြန်လည်ရောက်ရှိလာစေဖို့ အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်က လွတ်လပ်ရေးနှစ် (၆၀) ပြည့်တဲ့ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့မှာ ကြေညာချက် (၁/၀၁/၀၈) ကို ထုတ်ပြန်ပြီး အခုလိုတောင်းဆိုလိုက်ပါတယ်။

"နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တာဝန်ရှိသည့်နှင့်အညီ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုဦးတည် လျက် ပြည်သူလူထုက ငွေတင်ကိုယ်စား လှယ် ပိုင်ခွင့်အာဏာ (mandate) အပ်နှင်းလာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသား လူမျိုးစုကိုယ်စားလှယ်များကြား၊ မှူးမတ်နှင့်ပေး နာဝင်အကျဉ်းကိုပြောများကိုရော့ဆိုလို့ နိုင်ငံ ရေးအခန်းကဏ္ဍပြည့်ဝသော တွေ့ဆုံဆွေးနွေး ပွဲများကို အနေအထိုင်နှိုးကျင်းပပြီး ညှိနှိုင်းဆွေး နွေးကြပါရန် မေ့မဆွေတိုက်တွန်းပေးသည်။"

ထိုသက်တည်းမှာပဲ တွေ့ဆုံဆွေးနွေးရေး ကို ကြန့်ကြာနေတာနှင့်အမျှ ပိုမိုနက်ရှိုင်းတဲ့ အကြပ်အတည်းတွေနှင့် ထိပ်တိုက်ရင်ဆိုင်ရ မှုမယ်ဆိုကြောင်းကိုထောက်ပြရင်း ၂၀၀၈ ခုနှစ် ကို ဘယ်လိုတယ်ဆိုတဲ့ ထအောသာမျှော်ကြောင်း ထောက်ပြပါတယ်။

"တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာမှု နှောင့်နှေးလေလေနှင့်အမျှ နိုင်ငံတွင် အမှန်တကယ် တွေ့ကြုံနေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှု ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စသည့်အရေး တွေအကျပ်အတည်းများသည် နက်ရှိုင်းသည် ထက် နက်ရှိုင်းလာပြီး တနေ့တခြား ထိုင်းပြည် တွင် ပိုမိုတင်းမာလုံသောအခြေအနေများ၊ တင်းကြပ်မှာသေသော ဆုံးရှုံးမှုများ၊ လက်လွတ်လိုက် ရသည့်အခွင့်အလမ်းများ စသည့် ပွတ်တွေးသော အကျိုးဆက်များနှင့် မလွဲမသွေ ရင်ဆိုင်ကြုံ တွေ့ရနိုင်ကြောင်းကို အထူးသတိပြုသင့်ပေသည်။ ထို့ပါအပြင် ၂၀၀၈ ခုနှစ်ကို အမျိုးသားပြန် လည်သင့်မြတ်ရေးနှစ်အဖြစ် သတ်မှတ်ရမည် ဖြစ်ပေသည်။"

(၅)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၀၈ ခုနှစ်ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်လို့ သတ်မှတ်ချင်တယ်ဆိုတဲ့ ဖြစ်နိုင်ပါ့မလား ....။

ဖြစ်နိုင်ရင်တော့ သိပ်ကိုကောင်းပါတယ်။

တဆက်တည်း အမျိုးသားပြန်လည်သင့် မြတ်ရေးလုပ်ငန်းစဉ်အတွက် နအဖက ဦးစွာ အားဖြင့် ဆောင်ရွက်ပေးရမယ့် အခြေခံလိုအပ် ချက် (၃) ချက်ကို အဲဒီကြေညာချက်ထဲမှာပဲ အခုလိုတောင်းဆိုထားပါတယ်။

"အမျိုးသားပြန်လည် ရင်းလုံးညီညွတ် ရေးအတွက် နိုင်ငံရေးအခန်းသာရှုပြည့်ဝသည့် တွေ့ဆုံဆွေးနွေးပွဲများ အထမြောက်အောင် မြင်စေရန် နိုင်ငံတော်ရေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာယာသောနိုင်ငံရေး ပတ်ဝန်းကျင်အခြေအနေကောင်းများကို ဖန် တီးပေးရန် လိုအပ်ပေသည်။

ထို့ကြောင့် ....

(က) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့် အရေးများရရှိရန် အစဉ်တစိုက် ကြိုးပမ်းသော ထုတ်မှုများကြောင့် နေအိမ်များတွင် ထိန်းသိမ်း ခြင်းခံနေကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် ဒုတိယဥက္ကဋ္ဌဦးတင်ဦးနှင့် အထွေထွေ အတွင်းရေးမှူး၊ ဒေါ်အောင်ဆန်းစုကြည်တို့အား အွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်။

(ခ) တိုင်းရင်းသားလူမျိုးစုများ ပေါင်း ဘဲ ခိုင်မာသောဒီမိုကရေစီပြည်ထောင်စုမြန်မာ နိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်သော ကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအ ဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွှန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်း ဆောင်များအား ခွင်းချက်မရှိ အမြန်ဆုံးပြန် လွှတ်ပေးရန်။

(ဂ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက် ကြောင့် ပြစ်ဒဏ်ကျခံနေကြရသော ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံ ရေးအကျဉ်းသားများအားလုံးတို့ ခွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်။

(ဃ) ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပြခဲ့ကြ သောကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံနေကြ ရသည့် သံဃာတော်အရှင်သူမြတ်များ၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် ဒီမို ကရေစီအင်အားစုများကို ခွင်းချက်မရှိ အမြန် ဆုံးပြန်လွှတ်ပေးရန်။

စာမျက်နှာ (၁၂) ကော်လံ (၄) သို့...

ဂျပန်အစိုးရက မြန်မာနိုင်ငံအား ဒေါ်လာ (၁) သန်းကျော် အကူအညီပေးမည်

စစ်တင်သာအရေးအခင်းနောက်ပိုင်း စစ်အစိုးရ၏ အကြမ်းဖက်နှိမ်နင်းမှုများအား ကန့်ကွက်သည့်အနေဖြင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအားပေးအပ်မည့်အကူအညီငွေ ဒေါ်လာ (၅) သန်းခန့်ကို ကန့်သတ်ခဲ့သည့်နှစ်အောက်တိုဘာလတွင်က ဖျက်သိမ်းခဲ့သော်လည်း ယခုအခါ အမေရိကန်ဒေါ်လာ (၁ ဒသမ ၅၉) သန်းကူညီထောက်ပံ့မည်ဟု ပြောဆိုလိုက်သည်။

မြန်မာနိုင်ငံ၏ အကြီးမားဆုံးအလှူရှင်ဂျပန်နိုင်ငံက ဂျပန်နိုင်ငံသားဓာတ်ပုံသတင်းထောက်တစ်ဦးအား မြန်မာစစ်တပ်မှပစ်သတ်လိုက်ပြီးနောက် စစ်အစိုးရ၏အကြမ်းဖက်လုပ်ရပ်များကို ကန့်ကွက်သည့်အနေဖြင့် ရပ်ဆိုင်းပေးအပ်သောအကူအညီများကို ရပ်တန့်ခဲ့ခြင်းဖြစ်သည်။

ယခု ပြန်လည်ပေးမည့်ထောက်ပံ့ငွေများအား ကလေးငယ်များ၏ရောဂါကြိုတင်ကာကွယ်ရေး ဆေးဝါးများနှင့်အခြားအသက်ရှူရာလမ်းကြောင်းဆိုင်ရာ ရောဂါများကာကွယ်ရေးနှင့် အမျိုးသမီးများကိုယ်ဝန်ဆောင်မှုနှင့် ဆက်နွယ်သည့် အသက်ရှူရာလမ်းဖြစ်စေနိုင်သောရောဂါများအတွက် ကာကွယ်ပေးရေးနှင့် ဆေးဝါးစမ်းသပ်ကိရိယာများအတွက် အသုံးပြုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရှိဂျပန်သံရုံးနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ယူနီဆက်ဖ်တို့မှ ထုတ်ပြန်ကြေညာခဲ့သည်။

စစ်အစိုးရက မြန်မာနိုင်ငံတွင် ကျန်းမာရေးအတွက် နှစ်စဉ်ဘိုင်ငြိမ်းပေးမှု၏ (သုည ဒသမ ၃) ရာခိုင်နှုန်းမျှကိုသာသုံးစွဲခဲ့ကြောင်း ကုလသမဂ္ဂ၏စာရင်းဇယားများအရ သိရသည်။ အမေရိကန်နှင့် ဥရောပသမဂ္ဂ (အီးယူ) တို့မှ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့အရေးယူမှုများပြုလုပ်ထားသဖြင့် ကမ္ဘာ့ဆင်းရဲမွဲတေသောနိုင်ငံများ ထဲတွင် မြန်မာနိုင်ငံသည် နိုင်ငံခြားအကူအညီ အနည်းဆုံးရရှိသည့်နိုင်ငံဖြစ်သည်။

◆

မြန်မာဒုက္ခသည်များ၏အခြေအနေကို ဗြိတိန်ကိုယ်စားလှယ်လာရောက်လေ့လာ

ထိုင်း - မြန်မာနယ်စပ်ရှိ မြန်မာဒုက္ခသည်များနေထိုင်ရာစခန်းတခု

ဗြိတိန်နိုင်ငံရှိဒုက္ခသည်များအား အကူအညီအထောက်အပံ့များပေးနေသည့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဌာန (DFID) မှ အထွေထွေရေးရာမန်နေဂျာဖြစ်သူ အလက်စန္ဒာက ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ကိုယ်စားလှယ်တဦးနှင့် ထိုင်းနိုင်ငံဆိုင်ရာဗြိတိန်သံအမတ်အပါအဝင် အဖွဲ့ဝင် (၈) ဦးပါဝင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယခုနှစ်နှစ်ပိုင်းက ထိုင်း-မြန်မာနယ်စပ်ရှိ မယ်လဒုက္ခသည်စခန်းရှိ တာဝန်ရှိသူများနှင့်သွားရောက်တွေ့ဆုံခဲ့ပြီး ဒုက္ခသည်များ၏အခြေအနေနှင့် အခက်အခဲများအား သွားရောက်လေ့လာကြည့်ရှုခဲ့သည်ဟုသိရသည်။

မယ်လဒုက္ခသည်စခန်း၏ ဥက္ကဋ္ဌဖြစ်သူ စောဗျာပေလက "ဒီနေ့က သူတို့စခန်းကိုလာပြီး ဒုက္ခသည်တော်တော်များများ ဒုက္ခသည်တွေရဲ့ စားဝတ်နေရေးအခြေအနေ ပညာရေး ကျန်းမာရေးကိစ္စတွေကို အသေးစိတ်မေးတယ်။ အမျိုးသမီးအဖွဲ့နဲ့တွေ့တယ်၊ လူငယ်လူထောင်တွေနဲ့တွေ့ပြီး စခန်းတွင်းနေထိုင်ရတဲ့အခြေအနေတွေအပြင် တတိယနိုင်ငံထွက်ခွာရတဲ့အကြောင်းတွေကိုလည်း ဒုက္ခသည်တွေကိုတိုက်ရိုက်မေးမြန်းတယ်" ဟု ပြောပြခဲ့သည်။

ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများအား စားနပ်ရိက္ခာအကူအညီပေးနေသည့် (တီဘီဘီစီ) အဖွဲ့မှ ဒုက္ခသည်များအား စားနပ်ရိက္ခာအကူအညီ (၁၀) ရာခိုင်နှုန်းလျှော့ချလိုက်ခြင်းနှင့်ပတ်သက်၍ အခြေအနေသိရှိထောက်လှမ်းရေးကြည့်ရှုခြင်းဖြစ်နိုင်ကြောင်းကိုလည်းပြောခဲ့သည်။

အဆိုပါအဖွဲ့သည် ဒုက္ခသည်ကော်မတီ၊ ဒုက္ခသည်များနှင့်ကူညီပံ့ပိုးမှုများအပြင် စခန်းအုပ်ချုပ်ရေးတာဝန်ယူထားရသည့် ထိုင်းပြည်ထဲရေးဌာနမှ ဝန်ထမ်းများနှင့်လည်းတွေ့ဆုံခဲ့သည်။

ယင်းအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဗြိတိန်အစိုးရမှ ပေးနေသည့်ထောက်ပံ့ရေးအကူအညီများကို တိုးပေးသွားမည်ဖြစ်ပြီး မြန်မာဒုက္ခသည်များအတွက် ဆက်လက်၍အကူအညီများပိုမိုပေးသွားနိုင်ရေးအတွက်လည်း ကြိုးပမ်းသွားမည်ဟုသိရသည်။

ထိုင်း-မြန်မာနယ်စပ်ရှိ မဲဆောက်မြို့၏ မြောက်ဘက် ကီလိုမီတာ (၆၀) အကွာတွင်ရှိသည့် မယ်လဒုက္ခသည်စခန်းသည် နယ်စပ်တလျှောက်ရှိ ဒုက္ခသည်စခန်း (၉) ခုအနက် အကြီးဆုံးဒုက္ခသည်စခန်းတခုဖြစ်ပြီး လက်ရှိအချိန်တွင် ဒုက္ခသည်ဦးရေပေါင်း (၅) သောင်းခန့်ရှိသည်။ ◆

အနောက်အုပ်စုများ၏စီးပွားရေးဒဏ်ခတ်ပိတ်ဆို့နေမှုများကြားမှ အိန္ဒိယက မြန်မာစစ်အုပ်စုနှင့်စီးပွားကုန်သွယ်မှုပြုလုပ်

အနောက်အုပ်စုများ၏ စီးပွားရေးပိတ်ဆို့နေမှုများကြားကပင် အိန္ဒိယနိုင်ငံသည် မြန်မာစစ်အုပ်စုနှင့် စီးပွားကုန်သွယ်မှုပြုလုပ်လျက်ရှိသည်။ အမေရိကန်နှင့်ဥရောပသမဂ္ဂတို့မှ လူ့အခွင့်အရေးချိုးဖောက်နေသောစစ်အုပ်စုအား စီးပွားရေးပိတ်ဆို့ခြင်းဖြင့် အရေးယူဆက်ဆံမှုများဆောင်ရွက်နေသောကြောင့် စစ်အုပ်စုအတွက် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ အရေးတကြီးနှင့် အလုံးအရင်းနှင့်လိုအပ်နေချိန်တွင် ဤသို့ပြုမူလိုက်ခြင်းဖြစ်သည်။

အိန္ဒိယအစိုးရက မြန်မာနိုင်ငံအနောက်ဘက်စွန်းရှိ စစ်တွေဆိပ်ကမ်းအား ပြန်လည်ပြုပြင်ရန်နှင့် မြန်မာနိုင်ငံရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေနှင့်အိန္ဒိယနိုင်ငံမြောက်ပိုင်း မစ်ဇိုရမ်ပြည်နယ်တို့၏ ကုန်းလမ်းဆက်သွယ်ရေးတိုးချဲ့ဆောက်လုပ်ရေးနှင့် ရေလမ်းခရီးတို့အတွက် လိုအပ်သောငွေ အမေရိကန်ဒေါ်လာ သန်း (၁၂၀) ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ကုလားတန်အထွေထွေကုန်းလမ်းဆက်သွယ်ရေးစီမံကိန်းဟု ခေါ်ဆိုသည့် ကီလိုမီတာ (၁၆၀) ရှိသော မစ်ဇိုရမ်နှင့်ကလေးဝကိုဆက်သွယ်ထားသော လမ်းဖောက်လုပ်ရေးအတွက် ယခင်ဦးစွာအမေရိကန်ဒေါ်လာ (၂၇) သန်းကို အတိမှတ်လျာထားသည်။ ကလေးဝမြို့သည် စစ်တွေမြို့မြောက်ဘက် စစ်ကိုင်းတိုင်းအတွင်း၌တည်ရှိသည်။

ထိုစီမံချက်မှာ မြောက်နှစ်အကြာမှ ပြီးဆုံးမည်ဖြစ်ပြီး ပြီးပြည့်စုံသည်အထိ ဆုံးနှစ်နှစ်ပါးဆောင်ရွက်ရမည်ဖြစ်ကြောင်း မြန်မာစစ်အုပ်စုခေါင်းဆောင်များ၊ အိန္ဒိယသို့ လာရောက်ခဲ့သောဧပြီလအတွင်းက လာရောက်စဉ်တွင် စစ်တွေစီမံချက်၏ နောက်ဆုံးအဆင့်သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ထိုသဘောတူညီချက်သည် မြန်မာနိုင်ငံအပေါ် အာဏာရှိပြီးဖြစ်သော အိန္ဒိယနိုင်ငံ၏မူဝါဒအသဘောထားမှ လမ်းလွှဲနေကြောင်းကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။ ယမန်နှစ်နှောင်းပိုင်းကာလက မြန်မာပြည်တွင် ငြိမ်းချမ်းစွာဆန္ဒပြနေမှုများအား စစ်အစိုးရမှ အကြမ်းဖက်နှိမ်နင်းလိုက်စဉ်ကတည်းက နယူးဒေလီအစိုးရက မြန်မာပြည်နိုင်ငံရေးပြုပြင်မှုများဖြစ်လာရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် အိမ်နီးချင်းနိုင်ငံအနေနှင့် အသောတာဒေျှာပြောင်းစွာဖြင့် ထောက်ခံအကြံပြုခြင်းများရှိခဲ့သည်။ ဒီမိုကရေစီ နောင်ပိုင်းမှစ၍ မြန်မာနိုင်ငံအား လက်နက်ရောင်းချခြင်းကို ပုံမှန်မဟုတ်ဘဲ ရပ်ဆိုင်းလိုက်ခြင်းသည် အပြောင်းအလဲဖြင့် မြန်မာပြည်ပြုပြင်ပြောင်းလဲရေးကိုထောက်ခံကြောင်း အပြင်ပန်းအားဖြင့် မီးမောင်းထိုးပြသလိုဖြစ်နေခဲ့သည်။ အိန္ဒိယပိုင်ကုမ္ပဏီများမှာ မြန်မာစစ်အုပ်စုနှင့်ဆက်လက်၍ စီးပွားရေးစာချုပ်များကို ချုပ်ဆိုလျက်ရှိနေပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို လက်ခံသော်လည်း အနောက်အုပ်စု၏ ပိတ်ဆို့ဒဏ်ခတ်မှုများကိုထောက်ခံမည်မဟုတ်ဘဲ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို ပိုမိုနှစ်သက်မိကြောင်း တရားဝင်ကြေညာထားခဲ့သည်။

◆

မြန်မာနိုင်ငံရှိစားနပ်ရိက္ခာအကူအညီအစီအစဉ်တိုးချဲ့မည်ဖြစ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ကြီးကပြောဆို

ကမ္ဘာ့အကြီးဆုံးလူသားချင်းဆိုင်ရာအကူအညီများပေးနေသည့်အဖွဲ့ဖြစ်သည့် ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ (WFP) က ၂၀၀၇ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်လုပ်ဆောင်ခဲ့သည့်လုပ်ငန်းစဉ်များဆက်လက်၍ ယခုနှစ်တွင် ပိုမိုတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အဆင်းထုတ်ပြန်ကြေညာချက်တွင် ဆင်းရဲကျပ်တည်းသည့် ကချင်ပြည်နယ်ဒေသရှိပြီး ဒေသသို့သွားရောက်၍ အကူအညီများကိုပေး၍ ထောက်ပံ့မှုမည်ရှိကြောင်းကို ဖော်ပြထားသည်။

(WFP) ၏ (၃) နှစ် စီမံကိန်းအတွင်း စားနပ်ရိက္ခာလိုအပ်နေသော (၁) သန်း (၆) သိန်းအတွက် ထောက်ပံ့ကူညီရန်စီစဉ်ထားပြီး အမေရိကန်ဒေါ်လာ (၅၁) သန်းကျော် ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် (၂၀၀၇) ခုနှစ်တွင် စားနပ်ရိက္ခာလိုအပ်သည့် လူပေါင်း (၅) သိန်းကို ကူညီထောက်ပံ့နိုင်ခဲ့ကြောင်း၊ နေရပ်ပြန်လာသည့်မိုဟင်ဂျာများ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိမူဆလင်များ မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားဒေသများနှင့်ရှမ်းပြည်နယ်ရှိ ဘိန်းစိုက်ပျိုးသည့် တောင်သူတောင်းများကို အကူအညီပေးခဲ့ကြောင်းကို ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

(WFP) သည် ပျမ်းမျှအားဖြင့် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံပေါင်း (၈၀) ရှိ အစားအစာငတ်မွတ်သည့်ကလေးငယ်ပေါင်း (၆၅) သန်းအပါအဝင် ဆင်းရဲပြီးအာဟာရလိုအပ်နေသည့် လူပေါင်းသန်း (၉၀) အား စားနပ်ရိက္ခာအကူအညီများ နှစ်စဉ်ပေးနေသည်။

"စပ်စေသတဲ့ – ကျွန်ုပ်တို့ ကြား လိုက်ရသည် ...."

"ဗျို့ ဦးမြသူကြီး ....၊ မျောက်ချက် သားကောင်းလှရှည်းလား၊ စကားမပြည့်ပြော ချင်လွန်းလို့ လာလာချောင်းရတာ မောလှ ပြီဗျာ" ပြောပြောဆိုဆိုဝင်လာသူမှာ ဦးတိမ် ထောင်ပါခင်ဗျား။ 'တိမ်ထောင်သတ္တဝါ မင်း ရေးကျယ်၏' လို့ ပြောလေ့ပြောထရှိသူမို့ သူ့နာမည် 'ဦးတိမ်ထောင်' ....။

"ဟား .... ဟား .... ဦးတိမ်ထောင် ရေ .... ၊ တို့ လူလွန်မသားတွေနဲ့ လိုက် တမ်း ပြေးတမ်းကစားနေခဲ့ရလို့ ကိုယ်ရောင် မျောက် ပြီးနေခဲ့တာ၊ ဟား .... ဟား .... အခုတော့ မျောက်တွေ ခါးတော်ရောက် သွားပြီဗျ"

"ဟား .... လျော့မတွက်နဲ့နော် ဦး မြသူကြီး ....၊ သူတို့ဘဝက သူတို့ကိုချုပ် ကိုင်ထားတယ်၊ သူတို့ ဘာလုပ်ရမယ်ဆို တာပြဋ္ဌာန်းထားတယ်၊ သူတို့ကို မိုက်လုံး ကြီးသည်ထက် ကြီးအောင် 'ကျောင်' ပိတ်ပြီး တွန်းပို့နေတယ်"

'ဗျာ'

"ဦးမြသူကြီးပဲ စဥ်းစားကြည့် ....၊ ဦးမြသူကြီးတို့ ကျနော်တို့ရဲ့ဘဝက အမိန့်ခံ နင်းပြားဘဝ၊ ကျနော်တို့အတွက် လွတ်လပ် မှုဆိုတာ ဝေလာနတ္ထိ၊ ဒီမိုကရေစီရေးလှုပ်ရှား အရေးဆိုတာလည်း အငွေ့လေးတောင်ရောင် ရောင်ကလေးမှမရှိ၊ ဒီတော့ ကျနော်တို့ရဲ့ အမိန့်ခံနင်းပြားဘဝက ကျနော်တို့ ဘာ လုပ်ရမယ်ဆိုတာ ပြဋ္ဌာန်းထားပြီး လွတ်လပ် ရေး၊ ဒီမိုကရေစီရေး လူ့အခွင့်အရေးအ တွက်တိုက်ပွဲဝင်အောင် ကျနော်တို့ကိုမောင်း နှင်နေပြီ"

"အဲ ....ဟုတ်ပါ့ဗျာ"

"ဒါကြောင့် ဦးမြသူကြီးရေ ....၊ ကျ နော်တို့ဟာ စစ်အာဏာရှင်စနစ်ကိုဖျက်သိမ်း ချုပ်ငြိမ်းသွားအောင် ဖျက်ဆီး ဖြိုမှ နေမှ ဝစ်ဝဲ့ အချိန်ရှိသမျှကြိုးစားနေကြတယ်၊ ကာယ ထဲ၊ ဝစီထဲ၊ မနောထဲတွေနဲ့ အစဥ်တစိုက် အားထုတ်နေကြတယ်"

ဦးတိမ်ထောင်က ပြောင်းကျဲ့ဆက် စပ်ပြီး မှုမိဋ္ဌာန်ကျကျ သုံးသပ်ပြ၏ သူက ပင်စကားဆက်ဆိုသည်။

"ဒီမှာ ဦးမြသူကြီးရဲ့၊ ကျနော်တို့ဘဝ က ကျနော်တို့ကို မောင်းနှင်နေသလို၊ စစ် အာဏာရှင်တွေရဲ့ဘဝကလည်း စစ်အာဏာ ရှင်တွေကို မောင်းနှင်နေတယ်ဗျ၊ သူတို့ဘာ လုပ်ရမယ်ဆိုတာကို ပြဋ္ဌာန်းပေးနေတယ်ဗျ ဦးမြသူကြီးရေ၊ စကားစပ်လို့ပြောရဦးမယ်။

မဟာလေခကြီး ဦးကျော်ငြိမ်းရဲ့ ရဲဘော် ကြီးဆိုရှယ်ဒီမိုကရက်အစိုးအိုတာဟောင်းက ၁၉၈၈ မတိုင်မီမှာ ပြောသွားခဲ့တဲ့စကားရှိ တယ်ဗျ၊ အဲဒီအဖိုးအိုရဲ့နာမည်ကို အချိန် မတန်သေးလို့ဖွင့် မပြောသေးဘူး၊ အဲဒီအ ဖိုးအိုပြောခဲ့တာက ဒီလိုဗျ"

ဒီလိုဗျဟု စကားခံပြီး ဦးတိမ်ထောင် ကယ်၊ စိတ်ဝင်စားစရာစကားကို ဆက်ပြော သည်။

"ဗိုလ်နေဝင်းဟာ သူ့တပည့်တွေကို သရဲသဘက်မွေးသလို မွေးလာခဲ့တာဗျ၊ ဒါ ကြောင့် ဗိုလ်နေဝင်းရဲ့တပည့်တွေဟာ လူ စင်စစ်ကနေပြီး သရဲကြီးတွေ သဘက်ကြီး တွေဖြစ်ကုန်ကြပြီ

အသက်အရွယ်တွေ ရင့်လာကြလို့ အ

မှုတွေကော လက်ထည်းမြေသည်းတွေပါ တအားကုန်ရှည်လာကြပြီ၊ တနေ့ကျရင် ဗိုလ် နေဝင်းကိုတောင် ပြန်ပြီးဂုဏ်ချီးကြလိမ့်မယ် တဲ့"

"ဟိုက် ....ဦးတိမ်ထောင်ရဲ့၊ ဦးကျော် ငြိမ်းရဲ့ ရဲဘော်ကြီးအဖိုးအိုက အဲဒီလိုပဲပြော ခဲ့သလား"

"ဟုတ်ပါ့ဗျား၊ အဖိုးအိုက ကျနော့်ကို ဒီအတိုင်းမှ ဒီအတိုင်းပြောခဲ့တာ၊ အဖိုးအို

အဆို အကျယ်ချုပ်အကျဥ်းချခဲ့တယ်၊ ဗိုလ်နေ ဝင်းရဲ့အစွယ်အပွားတွေပြေးလေးတွေနဲ့ အမက် ကို ထောင်ထဲထည့်ခဲ့တယ်၊ သမီးစန္ဒာဝင်းကို နတ်တိုင်းအကျယ်ချုပ်ချုပ်ထားတယ်၊ နောက် တဆင့်တက်ပြီး ဗိုလ်နေဝင်းရဲ့လက်ရှင်း တ ပည့်ကြီးလည်းဖြစ်၊ ဗိုလ်သန်းရွှေကို မာယာ ပရိယာယ်တွေအကျွတ်ဆင်ပြီး မွေးထိုးပေး နိုင်သူလည်းဖြစ်တဲ့ ဗိုလ်ခင်ညွန့်ကိုလည်း ခေါင်းမထောင်နိုင်အောင် ရှင်းပစ်ခဲ့တယ်၊"

"ဗုဒ္ဓဘာသာဝင် စစ်မစစ်တော့မသိဘူး ဗျ၊ တပြည်လုံးရောက်လေရာရာမှာ ဘုရား တွေမှုပြောတယ်၊ ဆရာတော် သံဃာတော် ကြီးတွေကိုရှိခိုးပြတယ်၊ ဒါ အားလုံးအမြင်ပဲ၊ ဗုဒ္ဓပူဇော်၊ ဓမ္မပူဇော်၊ သံဃာပူဇော်၊ ပြီး တော့ ဗုဒ္ဓရက်ကျွတ်မီ၊ ဓမ္မသရက် ကျွတ်မီ သံဃာရက်ကျွတ်မီလို့ နေ့စဥ်လိုလို ရွတ် ဆိုနေမှာပါ၊ သူ့အသွေးအသားထဲမှာ သူ့မို့ တွင်းချည်ထဲမှာ သူ့ခန္ဓာကိုယ်ထဲမှာ ဗုဒ္ဓ

လောဘရမက်ကြောင့် အာဏာနဲ့ဥစ္စာ

စည်းစိမ်ကိုထိပါးလာမယ်ထင်တာနဲ့

ဒေါသမီး

တဟုန်းဟုန်းတောက်တော့တာပဲ၊

တဆက်တည်း အမှားအမှန်အကောင်း

အဆိုးကို အကြောင်းအကျိုးမခွဲခြားနိုင်

လောက်အောင်မောဟဖုံးသွားပြီး

ဒီမှာတင် အပြစ်တွေကို

ရာဇဝင်ရှိုင်းလောက်အောင်

ကျူးလွန်တော့တာပဲ ...၊

မြသူကြီး

အရှင်ထွက် ထွက်မလား ...

အသေထွက် ထွက်မလား ဗိုလ်သန်းရွှေ ...

ပြောခဲ့တဲ့အတိုင်းပါပဲ၊ ဗိုလ်သန်းရွှေက တ ကယ်ကို ဂုဏ်ချီးခဲ့တာ၊"

"ဦးတိမ်ထောင်ရဲ့ ၊ ဗိုလ်သန်းရွှေက ဘယ်လို ဘယ်ပုံဂုဏ်ချီးခဲ့သလဲ လင်းစမ်း ပါအုံးဗျာ"

"ဒီလိုပါ ဦးမြသူကြီး၊ ဗိုလ်သန်းရွှေ ဟာအာဏာနဲ့ပတ်သက်လာရင်၊ ဥစ္စာစည်း စိမ်နဲ့ပတ်သက်လာရင် အတော်လေးကို လော ဘကြီးတယ်၊ သူ့တိုင်းခန်းလှည့်လည်ရင် ဖန် မထားတော့၊ အမိတွေတော့ လှမယ်မြေ ကလေးပါကျန်၊ တပြုံလုံး တန်းလန်းတန်း လန်းနဲ့၊ အဲဒီ တပြုံလုံး တန်းလန်းတန်းလန်း ဟာ ဘာမှမဟုတ်တဲ့အသေးအဖွဲ့လို့ လျှော့ မတွက်နဲ့နော်၊ အဲဒီအသေးအဖွဲ့ ကလေးကို က သူ့အတ္တလောဘကို ဖော်ပြနေတာ၊"

"အေးဗျ"

"ဒီမှာ ဦးမြသူကြီး၊ သူ့အတ္တလောဘ ကကြီးလွန်းတော့ သူ့ဂုရုသာဆိုင်ရှိနိုင်ပြီးအောင် ဗိုလ်နေဝင်းရဲ့ လက်ရုံးကြီးတဆူလည်းဖြစ်၊ စစ်ထောက်ကြီးကို ချုပ်ကိုင်ထားနိုင်သူလည်း ဖြစ်တဲ့ အထ် (စ) ထူး ဗိုလ်ထင်ဦးကို လက်ဦး မှုယူပြီး အရင်ဆုံးရှင်းပစ်ခဲ့တယ်၊ ပြီးတော့ အခြားတနေ့တယောက်က စစ်ထောင်ကိုချုပ်ကိုင် ပြီး မောင်ပိုင်စီးလို့မရအောင် စစ်ထောင်ရဲ့ ခွဲ ဥဉ်းပုံကို ခွဲခြမ်းပစ်ခဲ့တယ်၊ စိတ်မှာဝစ်ခဲ့ တယ်၊ အဲ .... ပြီးတော့ ဘိုမင်းမေ့မိုးဖြစ် လာတဲ့ဗိုလ်နေဝင်းကို ဂုဏ်ချီးပြီး သေသည်

ကျနော်က မှတ်ချက်တခုပေးလိုက် သည်။

"ဦးတိမ်ထောင်ရေး ဗိုလ်သန်းရွှေက စိစဥ်တတ္တုတ်အတွက်ချီးပြီး 'မြတ်'ခဲ့ပါကလား ဗျာ"

"ဟာဦးမြသူကြီးရာ ....၊ ဗိုလ်သန်းရွှေ 'မြတ်'ပုံကတော့ 'မြတ်.... မြတ် .... မြတ် .... မြတ် ....' မြည်အောင်ကို 'မြတ်'ခဲ့ တာ၊ အတွင်းရန်နဲ့ပတ်သက်လို့ 'မြတ်'သလို အပြင်ရန်လို့ သတ်မှတ်ထားတဲ့သူတွေနဲ့ပတ် သက်လို့လည်း 'မြတ်'တယ်ဗျ၊ ဒီပဲယင်းလူ သတ်ပွဲကိုကြည့်၊

အတွက်ချိုး စီစဥ်တတ္တုပြောင်းသတ် တာ၊ ဒေါ်အောင်ဆန်းစုကြည်ဖျာ ကံ ကောင်းလွန်းလို့၊

မနေ့တနေ့က စက်တင်ဘာရွှေဝါ ရောင်တော်လှန်ရေးကို ဗိုလ်သန်းရွှေဘယ် လိုကိုင်တွယ်ခဲ့သလဲ၊

အေးချမ်းစွာချီတက်ကြတဲ့ သံဃာတော်တွေ့ချီတောင် ထက် ရဲဇက်ရဲပြောင်းသတ်ခဲ့တယ်၊ ဗုဒ္ဓရဲ့မျက်နှာ တော်ကိုမှ မထောက်ဘူး"

ဤတွင် "ဗိုလ်သန်းရွှေဟာ ဗုဒ္ဓဘာသာ ဝင်စစ်ရဲ့လား" ဟုအသောမေးခွန်းမှာ ကျနော့် ခေါင်းထဲဝင်လာသည်။

"ဦးတိမ်ထောင်ရဲ့ ၊ ဗိုလ်သန်းရွှေဟာ ဗုဒ္ဓဘာသာဝင်စစ်စစ်မဟုတ်လား၊ "

မချိ သဲ့သဲ့ဆိုတဲ့ ရတနာသုံးပါး မိန်းဝင်ရှိန့် နေမှာပါ၊ ဒီလိုလူမျိုးက ဗုဒ္ဓရှင်တော်ဘုရား ရဲ့မျှော်ရှင့်ရဲ့ သားနာအောင်ရောက်ရှိလာ ကြတဲ့ ဘုရားရဲ့သား သံဃာတော်တွေကို တောင် စစ်ဆင်ရေးလုပ်ပြီးသတ်မှတော့ ကမ်းကုန်ပြီပေါ့ဗျာ၊ ခုတော့ အင်တာနက် တန်နိုးကြောင့် တကမ္ဘာလုံးလိုလိုက ရဟန်း သံဃာကျောင်းသားပြည်သူတွေဘက်က ရပ် လှုံကြပြီး၊ ဗိုလ်သန်းရွှေကို မသတီစရာ တော့နှလုံးနာကုန်ကြပြီ"

"အင်း ဦးတိမ်ထောင်ရေး၊ ဗိုလ်သန်း ရွှေဟာ သရဲတဘက်အဆင့်ကိုကျော်ပြီး ဘီလူးအဆင့်ရောက်သွားပြီဗျ၊ ဘာကြောင့် ဒီလောက်တောင် မိုက်တွင်းနက်နေရတာ လဲ"

ဦးတိမ်ထောင်က ပြောင်းကျိုးညီစွာ မှုမိဋ္ဌာန်ကျကျရှင်းပြပြန်သည်။ "ဒါက .... ရှင်းပါတယ်ဗျာ၊ အာဏာရယ်၊ ဥစ္စာစည်းစိမ် ရယ်၊ လောဘတက်လွန်းတယ်၊

ဒီလောဘရမက်ကြောင့် အာဏာနဲ့ ဥစ္စာစည်းစိမ်ကို ထိပါးလာမယ်ထင်တာနဲ့ ဒေါသမီးတဟုန်းဟုန်းတောက်တော့တာပဲ၊ တဆက်တည်း အမှားအမှန်အကောင်းအဆိုး ကို အကြောင်းအကျိုးမခွဲခြားနိုင်လောက် အောင်မောဟဖုံးသွားပြီး၊ ဒီမှာတင် အပြစ် တွေကို ရာဇဝင်ရှိုင်းလောက်အောင်ကျူး လွန်တော့တာပဲ၊ အပြစ်တွေကျူးလွန်ပြီးရင်း

ကျူးလွန်ရင်းဖြစ်လာတော့ (Fear) ဆိုတဲ့ အကြောက်တရားက ကြီးသည်ထက် ပိုကြီး လာတယ်၊ အဲဒီလို အကြောက်တရားပိုကြီး လေလေ၊ အာဏာကိုမစွန့်ရဲလေလေ၊ တ ကယ်တော့ အပြစ်တွေကြီးမားလွန်းလို့ ဗိုလ် သန်းရွှေဟာ ဥပဒေကြောင်းအရ သေဒဏ် အမိန့်ကျထားတဲ့သေလူဗျ"

"ဟိုက် .... ဗိုလ်သန်းရွှေဟာ သေ လူ" ဗိုလ်သန်းရွှေဘဝက ဘယ်သူမပြု မိမိမှု ကိုယ့်ရှုံးကိုယ်ယက်၊ ကိုယ့်ကိုကိုယ်သတ်၊ ဒီ တော့ ဗိုလ်သန်းရွှေသည် သေလူဖြစ်နေပြီ။

"ဒီမှာ ဦးမြသူကြီးရဲ့၊ ဗိုလ်သန်းရွှေဟာ သေလူဖြစ်နေတော့ သူ့အတွက် တရက်အ သက်ဆက်ရရင် တရက်အမြတ်၊ တလအသက် ဆက်ရရင် တလအမြတ်၊ တနှစ်အသက်ဆက် ရရင် တနှစ်အမြတ်၊ ဒါကြောင့် အသက်ဆက် နိုင်ဖို့ဆိုရင် ဘာပဲလုပ်ရလုပ်ရ၊ အကုန်လုပ်မှာ ပဲ၊ နောင်ခါလာ နောင်ခါချေး၊ အဲဒီမှာ ကျိုးကပ်စေဦးတော့၊ တွင်းတူးပြီးတော့ကို မိုက်နေဦးမှာ အသေအချာဗျ"

ကျနော် ဦးမြသူကြီးက 'စကားတောက်' ကြည့်လိုက်ပါသည်။ "ဒီလိုဆိုရင် ဦးတိမ်ထောင် ရဲ့ ၊ ဆက်ဆံရေးဝန်ကြီးခန့်ပြီး (dialogue) လုပ်မယ်ဆိုတာက၊

"ဟာ (dialogue) လုပ်ပါ့မယ်၊ ဘာ လုပ်ပါမယ်၊ ညာလုပ်ပါ့မယ်ဆိုနေတာက အ လကားပါဗျာ၊ ပြည်တွင်းပြည်ပဖိအားတွေ ကိုတန့်သွားအောင် နောက်တဆင့်လျော့ကျ သွားအောင် အချိန်ဆွဲဖို့ဟန်ပြလုပ်နေတာ၊ လိမ်နေတာ၊ ညာနေတာ (Road Map) ခုနစ် ဆင့်အတိုင်းဆက်လုပ်မယ်လို့ ပြည်တွင်းကို တော့ ပြည်ပကိုပါဆန့်ကျင်ပြီး တဖက်သတ် ဇွတ်ပြောနေတာ ပြောင်ပြောနေတာကိုသာ ကြည့်၊"

"ဒါဖြင့် ဦးတိမ်ထောင် 'နတ်ကရာကြည် မော'နေလို့ ဘယ်ဖြစ်ပါ့မလဲ"

"ဟုတ်တယ် ဦးမြသူကြီး၊ 'နတ်ကရာ ကြည့်မော' လုပ်နေလို့လည်းမဖြစ်ဘူး၊ ဟိုဘဲ ကိုငွေမျှော်လုပ်နေလို့လည်းမဖြစ်ဘူး၊ တတုံး စားပြီးပြီး နှစ်တုံးစားပြီးပြီး သုံးတုံးမီအောင်မဲ့ အရေးကြီးတယ်၊"

ဦးတိမ်ထောင်အဝင် ဆက်ပြောသည်။

"ဗိုလ်သန်းရွှေဟာ 'ဆင်ကန်းကြီး'ဗျ၊ ဒီတော့ အာဏာအသက်ဆက်ဖို့ သေသည် အထိ 'ဆင်ကန်းတောကိုး' ထင်ရာစိုင်းသွား မှာ၊ အဲဒီလိုထင်ရာစိုင်းနိုင်ဖို့ ဗိုလ်သန်းရွှေရဲ့ ဘဝက ဗိုလ်သန်းရွှေကို သဘာဝကျကျမောင်း နှင်နေတာ၊"

"ကိုင်း .... ဒါဖြင့် ကျနော်တို့တတွေ ဘာလုပ်ကြမလဲ"

"အား ....ဦးမြသူကြီးရယ်၊ ကျနော် တို့က ဆင်ကန်းတောတိုးလုပ်နေတဲ့ ဗိုလ်သန်း ရွှေကို 'ဆင်ကန်းကြီး'လို့ မြင်ရမယ်၊ ဒီ 'ဆင် ကန်းကြီး'ဟာ သူ့ဘာသာသူဖန်တီးတဲ့ (Fear) ဆိုတဲ့ အကြောက်တရားထဲမှာ သူ့ဘာသာသူ ချောင်ပိတ်မိနေပြီး၊ သူ့ဘဝက သူ့ကို အရှင် ထွက်ထွက်ဖို့ခွင့်မပြုဘူး၊ ဒီအချက်ကို ကျနော် တို့အမြင်ရှင်းဖို့လိုတယ်၊ အမြင်ပြတ်ဖို့လို တယ်၊ အကောင်းဘက်က တွေးကြည့်လွန်းဖို့လို တယ်၊ အားမနာတမ်းပြောရရင် ကျနော် တို့ မ,အဖို့လိုတယ်"

"သူက အရှင်ထွက် မထွက်တော့ဘယ်

ကျေးဇူးပြု၍ (၈၆) စာမျက်နှာ (၄) သို့...

ဒေါ်အောင်ဆန်းစုကြည်အား အကြမ်းမဖက်လှုပ်ရှားမှုအတွက် စပိန်နိုင်ငံမှ ဆုချီးမြှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးမှ လက်ခံရယူခဲ့

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဦးဘိုလှတင် ဆုလက်ခံယူစဉ်

ဇန်နဝါရီ ၂၃ ၊

အကြမ်းမဖက်သည့် ဒီမိုကရေစီရေးလှုပ်ရှားမှုများအတွက် စပိန်နိုင်ငံ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလှုပ်ရှားသည့် အာတိုဂါဒိုဆော တိုချာ ဖောင်ဒေးရှင်းမှ အာတိုချာရှေ့နေများဆု (Abogados de Atocha) ကို ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုပေးအပ်ခဲ့သည်။

ထိုဆုအား ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဦးဘိုလှတင်က ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား လက်ခံရယူခဲ့ပြီး စပိန်နိုင်ငံ ဒိုးမြို့ ကတ်စတီ ရာလာမန်ချားပြည်နယ်တွင် အမေတိုဆေး မာရီရာအာရက်တာက ပေးအပ်ခဲ့သည်။

လွန်ခဲ့သည့် နှစ်ပေါင်း (၃၅) နှစ်ခန့်က လူ့အခွင့်အရေးလှုပ်ရှားသူ စပိန်ရှေ့နေ (၉) ဦး အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် ထိုအောက်မေ့ဖွယ်အနေဖြင့် ထိုဆုအား ချီးမြှင့်ခြင်းဖြစ်ပြီး ၂၀၀၂ ခုနှစ်မှစတင်ကာ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ဒီမိုကရေစီ ရရှိအောင် ကြိုးပမ်းနေသူများအား ပေးအပ်ခြင်းဖြစ်ပြီး ယင်းဆုပေးအပ်သည့် အာတိုချာ ဖောင်ဒေးရှင်းကို စပိန်နိုင်ငံရှိ နာမည်ကြီးကျော်ကြားသည့် ရှေ့နေများ၊ အစိုးရဝန်ကြီးများနှင့် လွတ်လပ်မှုကိုမြတ်နိုးသည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယင်းဆုအား တရားမျှတမှုအတွက် ပေးအပ်သည့် နိုင်ငံတကာဆုအဖြစ် စပိန်နိုင်ငံသားတို့က ဂုဏ်ယူလေးစားကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးဖြစ်သူ ဦးဘိုလှတင်က "ဒေါ်အောင်ဆန်းစုကြည်ဟာ အကြမ်းမဖက်တဲ့နည်းနဲ့ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး လွတ်လပ်မှုနဲ့ ဒီမိုကရေစီရရှိအောင် ဦးဆောင်ကြိုးပမ်းနေတဲ့ အမျိုးသမီးခေါင်းဆောင်ဖြစ်တယ်။ သူ့ရဲ့အတွေးအခေါ်ကလည်း အကြောက်တရားကင်းဝေးဖို့အတွက် လူတွေကို ဦးဆောင်လမ်းညွှန်ပေးနေတယ်။ သူဟာ အကြမ်းမဖက်တဲ့ နှလုံးရည်နဲ့ ဦးဆောင်နေတဲ့ ခေါင်းဆောင်ဖြစ်တယ်။ တိုင်းပြည်နဲ့ပြည်သူလူထုအတွက် သူ့ရဲ့ကိုယ်ကျိုးစီးပွားအနစ်နာခံတယ်ဆိုတဲ့အချက်တွေအပေါ်မှာ ပေးတာဖြစ်တယ်" ဟု ပြောဆိုခဲ့သည်။

ယခုအခါတွင် နေအိမ်အကျယ်ချုပ်ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်သည် ငြိမ်းချမ်းရေးနိုဘယ်ဆုအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ချီးမြှင့်သည့်ဆုပေါင်း (၈၂) ခု ရရှိထားခဲ့ပြီးဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ပြည်တော်ပြန်ခရီးအစဖြစ်သော အသက် (၄၃) နှစ်အရွယ်မှစ၍ ယနေ့အထိ နိုင်ငံရေးကိုအခြေခံသော ဒေါ်အောင်ဆန်းစုကြည်အကြောင်းအား ဟောလီးဝုဒ်မှ နာမည်ကြီးဒါရိုက်တာများနှင့်ပူးပေါင်း၍ အီတလီဒါရိုက်တာ ဘာ့ဆင်ဘော်နာတို့က အင်္ဂလိပ်ဘာသာဖြင့် ယခုနှစ်ကုန်ပိုင်းမှစ၍ ရိုက်ကူးတော့မည်ဖြစ်ကြောင်းလည်းသိရသည်။ ◆

ကုလသမဂ္ဂ၏တာဝန်ယူဖြေရှင်းမှုသာလျှင်

အကောင်းဆုံးနည်းလမ်းဟုယုံကြည်ပါက အဖွဲ့ဝင်များအနေနှင့် ကုလ၏ရပ်တည်ဆောင်ရွက်မှုများကိုလိုက်နာရန် ထောက်ခံပေးရန်လိုအပ်

ဇန်နဝါရီလ ၂၄။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ ကုလသမဂ္ဂ၏အထူးကိုယ်စားလှယ် ပါမောက္ခဂမ်ဘာရီအား မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်ရန် ခွင့်ပြုချက်မပေးခဲ့ခြင်းအပေါ်တွင် ပြင်းထန်စွာရှုတ်ချလိုက်သည်။

ထိုကြေညာချက်တွင် စစ်အုပ်စု၏စေ့စပ်ရေးဆွေးနွေးမှုများမှာ ရှေ့လမ်းမပေါက်အတိုင်းကဲ့သို့ပင် အချိန်ဆွဲကာနောက်ကျနေခြင်းဖြစ်ပြီး ထိုကဲ့သို့ဆိုသည်မှာ စစ်အုပ်စု၏ ထိုသို့အမှီခိုမဲ့ပြည့်ဝသောတွေ့ဆုံဆွေးနွေးရေးလမ်းစဉ်ကိုလည်းကောင်း၊ တိုးတက်သောပြောင်းလဲမှုများကိုလည်းကောင်း မျက်စိမှိတ်ကာငြင်းဆန်နေခြင်းအား ကုလသမဂ္ဂနှင့် ကုလ၏အဖွဲ့ဝင်အစိုးရအများစုမှာ ယခုတိုင်နှုတ်ဆိတ်နေဆဲဖြစ်သည်ဟု ဖော်ပြထားသည်။

အန်စီယူဘီ၏ကြေညာချက်တွင် မစ္စတာဂမ်ဘာရီအား မြန်မာပြည်တွင်းသို့ဝင်ခွင့် မပေးတော့ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာပြည်အတွက်ခန့်ထားသော ကုလ၏ ဌာနကိုယ်စားလှယ်အား မြန်မာပြည်၌နေထိုင်ခွင့်ရပ်ဆိုင်းကာ ဗီဇာထုတ်မပေးတော့ခြင်းအားလည်းကောင်း ထောက်ပြထားခဲ့သည်။

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအနက် အအေးငြိမ်ဆုံးသောအဖွဲ့ဖြစ်သည့် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို) အနေနှင့် အဓမ္မလုပ်အားပေးခိုင်းစေမှုများနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်ရန် ရန်ကုန်တွင်ရုံးဖွင့်ထားနိုင်သော်လည်းအချိန်တွင် ပြည်ဝင်ခွင့်ဗီဇာရရှိရန် စွမ်းဆောင်ကြိုးစားနိုင်သော အိုင်အယ်လ်အို၏လုပ်နည်းလုပ်ဟန်များအား ကုလသမဂ္ဂအဖွဲ့ကြီးက လေ့လာသင့်ကြောင်းလည်းဖော်ပြထားသည်။ ဆက်လက်၍ မြန်မာပြည်စစ်အုပ်စုအား ကုလသမဂ္ဂ၏ထုတ်ပြန်ကြေညာချက်များ၊ ဆုံးဖြတ်ချက်များအား လိုက်နာဆောင်ရွက်ပါရန် အစဉ်တစိုက်တိုက်တွန်းလာခဲ့သော ကုလသမဂ္ဂဌာနချုပ်အနေနှင့်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေနှင့်လည်းကောင်း၊ မြန်မာ့အရေးတွင် ယခုထက် ပိုမိုပါဝင်ဆောင်ရွက်ပါရန်ကိုလည်း အန်စီယူဘီမှ တောင်းဆိုထားသည်။

မြန်မာ့အရေးတွင် စစ်အုပ်စုအားအကြိမ်အသော်ဆန့်ကျင်နေဆဲဖြစ်ကြသော အမေဘုန်း ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းနှင့် ပြင်သစ်သမ္မတဆာကိုဇီတို့အားလုံးသည် စီးပွားရေးပိတ်ဆို့ခြင်း၊ အံတုမန္တြီတော်ခြင်း စသည်အားဖြင့် စစ်အုပ်စုက မစ္စတာဂမ်ဘာရီအား မြန်မာပြည်သို့ဝင်ရောက်ရေးလိုက်လျောခွင့်ပြုရသည့်တိုင်အောင် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် အထူးသံတမန်ကိုယ်စားလှယ် ပါမောက္ခဂမ်ဘာရီတို့အား အပြည့်အဝထောက်ခံပံ့ပိုးပေးပါရန်လည်း တိုက်တွန်းထားသည်။

နအဖစစ်အုပ်စုသည် နိုင်ငံတကာဖိအား မှန်သမျှ အရေးမစိုက်ခြင်းအား ကမ္ဘာ့လုံးကအသိအမှတ်ပြုပြီးဖြစ်ပြီး အာဆီယံနိုင်ငံတကာလူ့အဖွဲ့အစည်းများအနေနှင့် မြန်မာ့အရေးအား ကုလသမဂ္ဂ၏ချဉ်းကပ်ဖြေရှင်းမှုသာလျှင် အကောင်းဆုံးနည်းလမ်းဟုယုံကြည်ယုံကြည်ပါက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံး၏ လိုက်နာထမ်းဆောင်ရမည့်တာဝန်နှင့်ဝတ္တရားဆိုသည်မှာ ကုလသမဂ္ဂ၏ရပ်တည်ချက်ပေါ်တွင်သာ အခိုင်အမာရပ်တည်သွားကြရမည်ဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြပါရှိသည်။

သို့ဖြစ်၍ ပထမအဆင့်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအားလုံး စည်းလုံးညီညွတ်စွာပူးပေါင်းလျက် ကုလ၏အထူးကိုယ်စားလှယ်မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် နအဖစစ်အုပ်စုအားဖိအားပေးပါရန် တိုက်တွန်းထောက်ခံဆိုလိုက်ကြောင်းသိရသည်။

မြန်မာ့အရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့် သံဃာ့ဥသျှောင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန်ပြင်ဆင်

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့် သံဃာ့ဥသျှောင်အဖွဲ့ (ထိုင်း - မြန်မာနယ်စပ်)တွေ့ဆုံဆွေးနွေးနေစဉ်အခြေအနေ

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီသည် မြန်မာ့အရေးများကိုဆောင်ရွက်ရာတွင် သံဃာ့ဥသျှောင် (ထိုင်းနိုင်ငံ) အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကိုယ်စားလှယ်အဖွဲ့တဖွဲ့ကိုဖွဲ့စည်းလိုက်ကြောင်း ဇန်နဝါရီလ (၂၅) ရက်နေ့စွဲဖြင့် ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။

ဇန်နဝါရီလ (၂၄) ရက်နေ့က ကျင်းပခဲ့သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးအရ အချက်သုံးချက်ပါသော ကြေညာချက်တစောင်ကိုထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ကြေညာချက်ပါအချက်များအနက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) မြန်မာနိုင်ငံရေးနေများကောင်စီတို့နှင့် သံဃာ့ဥသျှောင်အဖွဲ့ (ထိုင်းနိုင်ငံ) တို့ ပုံမှန်ဆက်သွယ်ဆောင်ရွက်မှုလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာဖော်ဆောင်ရေးအတွက် အဖွဲ့ဝင်လေးဦးပါ ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့တဖွဲ့အား ဖွဲ့စည်းတာဝန်ပေးခြင်းဖြစ်သည်။ အဖွဲ့ခေါင်းဆောင်မှာ ဖရိုမန်းငြိမ်းမောင် (ကေအဲန်ယူ) ဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် ဦးမျိုးဝင်း (အဲန်စီယူဘီ)၊ ဦးထွန်းလွင် (ဘီအယ်လ်စီ) နှင့် ဦးထွန်းအောင်ကျော် (အဲန်အယ်လ်ဒီ-အယ်လ်ေဇဒ်) တို့ဖြစ်ကြသည်။

အဖွဲ့၏ရည်ရွယ်ချက်များအနေဖြင့် အာဏာတော်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များ ဖော်ဆောင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် သံဃာ့ဥသျှောင်အဖွဲ့ရပ်တည်ရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းအဖွဲ့တာဝန်ရှိသူများနှင့် ပုံမှန်ဆက်ဆံမှုများပြုလုပ်သွားမည့်အပြင် သံဃာ့ဥသျှောင်အဖွဲ့၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးသွားရန်လည်းပါဝင်သည်။

ထို့အပြင် ထူးခြားသည့်မူဝါဒဆိုင်ရာလုပ်ငန်းစဉ်များ၊ လုံခြုံရေးအရ အရေးကြီးလိုအပ်ချက်များရှိခဲ့ပါက အမျိုးသားကောင်စီဌာနချုပ်နှင့်ဆက်စပ်၍ လိုအပ်မှုနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ကြေညာချက်တွင်ဖော်ပြပါရှိသည်။

ထိုင်း-မြန်မာနယ်စပ်သို့ ဝီနန်ဆရာတော်ဘုရားကြီး ကြွရောက်တော်မူပြီး ဇန်နဝါရီလ (၁၄) ရက်နေ့တွင် သံဃာတော် (၉) ပါးပါဝင်သော သံဃာ့ဥသျှောင် (ထိုင်းနိုင်ငံ) ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။

◆

မျက်နှာဖုံးသတင်းအဆက်မှ ...

ခုနှစ်ထဲမှာ မလွဲမသွေမျှော်လင့်ထားပါတယ်" ဟုပြောခဲ့သည်။ ဆက်လက်၍ ၂၀၀၈ ခုနှစ်အား အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်အဖြစ် မြင်လိုကြောင်းကိုလည်း ထည့်သွင်းပြောသွားသည်။

အမေရိကန်၏ ထိပ်တန်းအမျိုးသမီးကြီး မစ္စဘုရှ်က ကြေညာချက်ထုတ်ပြန်ရာတွင် "မြန်မာစစ်အစိုးရအနေဖြင့် လုံလောက်မှုမရှိပြီ ဖြစ်သောကြောင့် တတိယတပ်ကို လိုက်နာရန်တိုက်တွန်းလိုက်သည်။ ထို့အပြင် စစ်အစိုးရနှင့်ဒီမိုကရေစီအင်အားစုများအကြား အဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်သို့ အရောက်လှမ်းမည့်ခြေလှမ်းများကိုလည်း ပိုမို၍ စတင်လျှောက်လှမ်းရန် တိုက်တွန်းလိုက်သည်။ ဒီမိုကရေစီမူကြီးအတိုင်းရွေးအနေနှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားနိုင်ငံရေးအကျဉ်းသားများအား ချက်ခြင်းလွှတ်ပေးရမည်ဖြစ်ပြီး ထိုနည်းအားဖြင့် စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကို စတင်နိုင်မည်ဖြစ်သည်" ဟု ကြေညာချက်တွင်ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှလက်အောက်မှလွတ်မြောက်ပြီးနောက်ပိုင်း အာရှ၏ နောင်ရေးတွင် အလားအလာအကောင်းဆုံး တိုင်းပြည်ဖြစ်ခဲ့သော်လည်း စစ်အုပ်ချုပ်နေခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်အတွင်း မြန်မာ့စီးပွားရေးအခြေအနေမှာ မထိန်းနိုင်လောက်အောင် ဆုတ်ယုတ်ကျဆင်းလာခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအတွင်းရေးမှူး ဦးအေးသာအောင်က ဧရာဝတီသတင်းဌာနနှင့်တွေ့ဆုံမေးမြန်းရာတွင် လွတ်လပ်ရေးရပြီး အနှစ် (၆၀) ကြာခဲ့ပြီဖြစ်သည့် ယခုအချိန်တွင် တိုင်းပြည်သည် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့်တိုင်းရင်းသားအခွင့်အရေးများ အပြည့်အဝရှိနေသောနိုင်ငံဖြစ်နေသင့်ပြီဖြစ်ပြီး တိုင်းပြည်တွင်နေထိုင်နေကြသော တိုင်းရင်းသားအားလုံး၊ လူထုအားလုံးက ကိုယ့်အခွင့်အရေးကိုယ်ရရန် ရောက်သည့်နေရာ၊ ရောက်သည့်အဖွဲ့အစည်းတွင်ရပ်တည်ပြီး တိုက်ပွဲဝင်ကြရန် တိုက်တွန်းသွားခဲ့သည်။

◆

ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုနေတင်မြင့်နှင့်ဆက်သွယ်မေးမြန်းချက်

ပြည်တွင်းမှာရှိတဲ့ ပြည်သူပြည်သားတွေသာမက ပြည်ပမှာရှိတဲ့ မြန်မာနိုင်ငံသားအားလုံးဟာ "တာဝန်သိ ရင် တာဝန်ရှိတယ်" ဆိုတဲ့ခံယူချက်ရှိရမယ်။ အားလုံးမှာ တာဝန်အပြည့်ရှိတယ်။ စုစည်းညီ ညွတ် တိုင်တိုင်ပင်ပင်နဲ့လုပ်နိုင်တဲ့ အခန်းကဏ္ဍကနေ အားပြည့်အင်ပြည့်ဆောင်ရွက် ရမယ်။ ဒါကြောင့် တယောက်တပေါက်လုပ် တာမျိုး အစီအစဉ်မဲ့ လုပ်တာမျိုးတွေရှောင် ရှားပြီး တရှိန်တည်းတပြိုင်တည်း ကျစ်လစ်တဲ့အားနဲ့ တွန်းလှန်ဖြိုဖျက်ဖို့လိုတယ်။

မေး ။ ။ အခုအသင်းဝင်ရဲ့လှုပ်ရှားမှုကို အာမရတုဗမြစ်နေကြတယ်။ NLD (LA) ကိုရောက်လာတဲ့ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးအနေနဲ့ NLD နဲ့ (၈၈) ကြားမှာကွဲပြားခြားနားမှုတွေ ဘယ်လိုမြင်ပါသလဲ။

ဖြေ ။ ။ ဒီမေးခွန်းက ထိုင်းနိုင်ငံနယ်စပ်ရောက်လာပြီးတဲ့ကြားက အကြာကြီးမေးခံရတဲ့မေးခွန်းပါပဲ။ (၁၉၈၈–၈၉) တုန်းက ကျနော်က "ဒုံးရောင်ကြည်ကျောင်းသားလူငယ်များတပ်ဦး" နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) လူငယ်ရဲ့ ခေါင်းဆောင် (လူငယ်တပ်ဦးတာဝန်ခံ) တဦးလည်းဖြစ်ခဲ့ပါတယ်။ (၁၉) နှစ်မှာ စစ်အာဏာရှင်ဆန့်ကျင်ရေးတရားဟောပြောမှုနဲ့ ထောင်ကျပြီး ထောင်ထဲမှာ (၁၅) နှစ်နေထိုင်ခဲ့ရတယ်။ ၂၀၀၅ ခုနှစ် ဇူလိုင်လမှာ ပြန်လွတ်လာခဲ့တယ်။ လွတ်လာပြီးနောက် ပိုင်းမှာ နိုင်ငံရေးကို ဆပ်ချက်အရ "(၈၈) မျိုးဆက်ကျောင်းသားအဖွဲ့ကို ဖွဲ့စည်းပြီး၊ မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်တို့နဲ့အတူ ဦးဆောင်လှုပ်ရှားခဲ့ပါတယ်။ ၂၀၀၅ နောက်ပိုင်းလှုပ်ရှားမှု (Campaign) တွေကို ပြန်ကြည့်မယ်ဆိုရင်၊ (၈၈) မျိုးဆက်ကျောင်းသားများ ဦးဆောင်မှု "ခေါင်း" နှင့် NLD "Nay Tin Myint" လူငယ်အဖွဲ့အစည်းဝင်များ ကျောင်းသားအဖွဲ့အစည်းများနဲ့ "ကိုယ်" ပေါင်းစပ်ပြီး၊ ထိရောက်တဲ့ လူထုလှုပ်ရှားမှုအသွင်အပြောင်းကို အားလုံးတသားတည်း တအပ်တည်း တညီတွာလှုပ်ရှားဆောင်ရွက်ခဲ့ကြတယ်။ ရန်ကုန်မြို့သာမက နယ်မြို့အသီးသီးကပါ အင်နဲ့အားနဲ့ ဆောင်ဆောင်မြင်မြင်ဖော်ဆောင်နိုင်ခဲ့တယ်။ ကျနော်တို့တတွေဟာ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးအတွက် ယုံကြည်ချက်ရှိရှိ ခံယူချက်ပြင်းပြင်းနဲ့ အဓိကအကျိုးပြုဆုံးဖြစ်တဲ့ "အမျိုးသားပြန်လည်သင့်မြတ်ရေး" ကို တစိုက်မတ်မတ် ပြောဆိုခဲ့ပြီး အမျိုးသားပြန်လည်သင့်မြတ်ဖို့ "စစ်မှန်သောတွေ့ဆုံဆွေးနွေးရေးသာဖြစ်တယ်ဆိုတာ အားလုံးလက်ခံထားကြတယ်။ နောက်တခုက ပြည်တွင်းမှာရှိတဲ့ အဖွဲ့အစည်းများစွာက အသွင်အပြောင်းအမျိုးမျိုးနဲ့ စစ်အာဏာရှင်ကို ဆန့်ကျင်လှုပ်ရှားဆောင်ရွက်နေပေမယ့် အားလုံးရဲ့ရင်ထဲမှာ ဘုံရည်မှန်းချက်ဝန်းတိုင်က တူညီတယ်။ Legitimacy အရ လူထုရဲ့ Mandate ရထားတဲ့ NLD ကိုရိုင်းရုံရမယ်။ ပံ့ပိုးကူညီရမယ်။ ထို့ကြောင့် NLD ကို ဝိုင်းရံ ကူညီပံ့ပိုးတာဟာ ပါတီစွဲ ဝါဒစွဲကြောင့်၊ ဝိုင်းရံကူညီဆောင်ရွက်နေတာမဟုတ်ပါဘူး။ လူထုကြီးဟာ ၁၉၉၀ ရွေးကောက်ပွဲမှာ NLD ကို (၈၂) ရာခိုင်နှုန်းကျော်ကျော် မဲပေးလိုက်တဲ့အတွက်၊ လူထုရဲ့ Mandate ကိုပိုင်ရုံတာ ပံ့ပိုးတာဆိုရင် ပိုမှန်ပါလိမ့်မယ်။ ဒါကြောင့် အထဲမှာက မူဝါဒဆိုင်ရာဦးဆောင်မှု (Policy) ပိုင်းနှင့် လှုပ်ရှားမှုဆိုင်ရာဦးဆောင်မှု (Activity) အပိုင်းဆိုပြီး (၂) ခုရှိပါတယ်။ ဖြစ်ပေါ်လာတဲ့အခြေအနေအရ (Policy) အပိုင်းကို NLD ရဲ့ CEC များနှင့် CRPP ကိုယ်စားပြုလွှတ်တော်အမတ်များက ဦးဆောင်မှုပေးပြီး Activity အပိုင်းကိုတော့ ကျောင်းသားလူငယ်အဖွဲ့အစည်းများက ဦးဆောင်ဖော်ဆောင်ရမယ်။ ဒီလို အပိုင်းလိုက်ဖော်ဆောင်တာကို ကိုယ့်အချင်းချင်းက ကျေကျေလည်လည် နားလည်ထားရမယ်။ (၈၈) လား NLD လားဆိုတဲ့ အခွဲအခြားပြဿနာကို ပြည်တွင်းမှာစိတ်မဝင်စားပါဘူး။ ရောက်တဲ့နေရာက နေကျတဲ့တာဝန်ကိုဆောင်ရွက်နေကြပါတယ်။ နားလည်မှုအချင်းချင်းလွဲနေမယ်။ အပြစ်တင်နေကြမယ်။ အခွဲအကား ပြဿနာကိုပဲကြီးရဲ့ ကြမယ်ဆိုရင်၊ အဲဒီတော့ တိုက်ပွဲမှာ အရာဟာ ပေါ်လာပါလိမ့်မယ်။ ရန်သူရောက် ဆုံးသွားပါလိမ့်မယ်။

မေး ။ ။ ဒီနေ့ကာလမှာ နိုင်ငံရေးဦးဆောင်မှုတရပ်လိုအပ်နေတယ်လို့ အားလုံးက ထုံးသပ်ကြတယ်။ ထိုဒီနိုင်ငံရေးဦးဆောင်မှုကို ဘယ်လိုဆောင်နိုင်မလဲ။

ဖြေ ။ ။ ပြည်တွင်းမှာရှိတဲ့ NLD နှင့် CRPP အဖွဲ့များက နိုင်ငံရေးဦးဆောင်မှုတွေပေးနိုင်အောင် ထိရောက်တဲ့ နိုင်ငံရေးအမြင်တွေ ပြည်သူလူထုကို ပြတ်ပြတ်သားသား ထုတ်ဖော်တင်ပြပေးနိုင်ဖို့ လိုအပ်တယ်။ ပြည်တွင်းသာမက ပြည်ပရောက်ခေါင်းဆောင်များ၊ ပညာရှင်များက တူညီတဲ့ (Clear-message) ကို လူထုကိုပေးနိုင်ရမယ်။ လူထုကြီးက Road Map တစုံလုံးကို ဆန့်ကျင်တိုက်ဖျက်ပြီး တဆင့်ခြင်းကို နိုင်ငံရေး ခံစစ်နဲ့ခံထားရမယ်။ ကိုယ်ရောက်တဲ့နေရာ နဲ့ကိုယ်လုပ်ရမယ့်အလုပ်ကို သိနားလည်ပြီး ကိုယ့်အခန်းနဲ့ကိုယ် ကိုယ့်တာဝန်ကို ကျေပွန်စွာ ဖော်ဆောင်ရမယ်။ (NLD အပါအဝင် ဦးဆောင်ပါတီ အဖွဲ့အစည်းများလိုတွေဟာ Mandate ကိုပိုင်ဆိုင်ထား တဲ့အတွက် စစ်ဆုပ်ရက တစ်ထက်တစ်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားဝင်မှုမရှိဘူးဆိုတာ တရားဝင်ကြေညာ ရမယ်။ တာဝန်တာ Mandate ကိုင်ထားတဲ့ MP များရဲ့တာဝန်ဖြစ်ပြီး မဲပေးမှု ဆန့်ကျင်ဖို့ ကန့်ကွက်ဖို့ဆိုတာက လူထုအားလုံးရဲ့ တာဝန်ဖြစ်တယ်။) ဒါပေမယ့် အားလုံးက "တပ်တည်း" ဖြစ်ဖို့လိုအပ်တယ်။ အဲဒါက နိုင်ငံရေးဦးဆောင်မှုပဲ။ ဒီ Road map (၇) ချက်တိုက်ပွဲဟာ တော်လှန်ရေးတရပ်ကိုဆင်နွှဲနေတဲ့ ဒီမိုကရေစီဇာတ်ခုံရေးများရဲ့ နောက်ဆုံးတိုက်ပွဲဖြစ်ပြီး ၁၉၉၀ ရွေးကောက်ပွဲကတင်မြှောက်လိုက်တဲ့ကိုယ်စားလှယ်များအတွက်တော့ နောက်ဆုံးရဲ့ နောက်ဆုံးတိုက်ပွဲဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းဖြစ်တတ်ဖို့လိုတယ်။

မေး ။ ။ ရွှေဝါရောင်တော်လှန်ရေးရဲ့ အချိန်အတုန်းဟာ မှေးမှိန်သွားပြီလား။ ဒီတက် ကြွသောက်ကြွရင် ရှောက်သွယ်သွားတော့မှာလား။ ကိုနေတင်မြင့်အမြင် ဘယ်လိုရှိပါ သလဲ …။

ဖြေ ။ ။ အမိမြန်မာပြည်ကြီးရဲ့ ကဏ္ဍရာဇဝင်တွေပေါ်မှာ စေလေနက်နက်ဖြစ်နေတဲ့သမိုင်းအစဉ်အဆက်က ရဲ့ဇွဲကြောင်ကြောင်ရှာလွတ်လပ်ရေးအတွက်တိုက်ခိုက်ခဲ့တဲ့ ရဲရဲနီတော်လှန်ရေးသွေးတွေဟာ မခန်းခြောက်ခဲ့သလို (၈၈) မှသည် ၂၀၀၇ ထိ တော်လှန်ရေးအတွက် ပေးဆပ်ခဲ့တဲ့သွေးတွေဟာလည်း အထင်အရှားမြင်တွေ့နေရဆဲပဲ၊ ကျနော် ပြောချင်တာက စစ်အာဏာရှင်တွေဟာ အာဏာတည်မြဲဖို့ဆိုရင် ဘာသာရေးအရာအထွဋ်အမြတ်ထားတဲ့ ဘုရားရဲ့သားတော်တွေပါ မရှုံ၊ ကျောင်းသားလူငယ်အဆုံး လူထုကြီးကြောက်လန့်သွားအောင်၊ နောက်မလှုပ်ရဲအောင် ရက်ရက်စက်စက် ကြမ်းကြမ်းရမ်းရမ်းဖြိုခွင်းနှိမ်နင်းခဲ့ကြပါတယ်။ ဒါပေမယ့် လူထုကြီးရဲ့စိတ်ဓာတ်ကို ဘယ်လိုအရာနဲ့မှ ဖိုက်နှက်ဖြိုခွင်းလို့မရဘူးဆိုတာ ၂၀၀၇ စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးကြီးက သက်သေပြခဲ့ပြီးပါပြီ။ မကြာခင်ကာလမှာလည်း လူထုရဲ့မုန်းတီးရွံ့ရှာစိတ်ဓာတ်ကို စစ်အာဏာရှင်များ မျက်ဝါးထင်ထင်မြင်တွေ့ရဦးမှာပါ။ ရွှေဝါရောင်တော်လှန်ရေးကြီးမှာ ဆရာတော်ကြီးများအပါအဝင် ရဟန်းသံဃာ ကျောင်းသားပြည်သူတွေရဲ့တော်လှန်ရေးအမြင်ကတော့ ပြတ်ပြတ်သားသားဖြစ်သွားပါပြီ။ အရင်တုန်းက ဒီမိုကရေစီပေါ်ထွန်းရေးနဲ့ စစ်အာဏာရှင်စနစ်ပြုတ်ကျရေးကို တဆက်တည်းလို့မသိနိုင်ကြပါဘူး။ စစ်အာဏာရှင်စနစ်ပြုတ်ကျရေးနဲ့ ဒီမိုကရေစီပေါ်ထွန်းရေးတို့ဟာ တသားတည်း၊ တထပ်တည်းပဲဆိုတာ လူထုရဲ့ရင်ထဲမှာ ကိန်းအောင်းဖြစ်တည်သွားပါပြီ။ ထုန်းကုန်ပြောရရင် လူထုရဲ့ခံစားချက်နာကျည်းချက် မကျေနပ်ချက်တွေဟာ ဗုံးတွင်းချွင်းထိထိနဲ့နေတာက "စစ်အာဏာရှင်စနစ်အလိုမရှိ" ဆိုတာပါပဲ။

ဒီစစ်အာဏာရှင်သက်ဆိုးရှည်စေမယ့် ပြည်သူလူထုကြီး ဆင်းရဲတွင်းနက်သထက်နက်စေမယ့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ဆိတ်သုဉ်းစေမယ့်လမ်းဖြစ်လာပြီး လူ့အခွင့်အရေး (ကိုယ့်အခွင့်အရေး) ကို ပိုင်ဆိုင်ခွင့်မရှိတဲ့အာဏာရှင်စနစ်ဆိုတဲ့ ဘေနတ်ကြောင်းဝအောက်မှာ မွေ့ရာသါအချိန်အရေးတွေ ဆုံးရှုံးခဲ့ပြီးပြီ။ အဲဒါတင်မကဘူး။ ကြောက်ရွံ့ဖိစီးမှုများစွာနှင့် သားစဉ်မြေးဆက်နေထိုင်သွားရမယ့် ဒီ Road Map (၇) ချက်ကို ဒီမိုကရေစီလိုလားတဲ့ တော်လှန်ရေးအင်အားစုများက ဘယ်လိုထိထိရောက်ရောက်ဆန့်ကျင်ဖြိုဖျက်ရမလဲဆိုတာ နည်းလမ်းအစ်ကို ရှာဖွေဖော်ထုတ်ရမယ်။ ပြည်တွင်းမှာရှိတဲ့ ပြည်သူပြည်သားတွေသာမက ပြည်ပမှာရှိတဲ့ မြန်မာနိုင်ငံသားအားလုံးဟာ "တာဝန်သိရင် တာဝန်ရှိတယ်" ဆိုတဲ့ ခံယူချက်ရှိရမယ်။ အားလုံးမှာ တာဝန်အပြည့်ရှိတယ်။ စုစည်းညီညွတ် တိုင်တိုင်ပင်ပင်နဲ့လုပ်နိုင်တဲ့ အခန်းကဏ္ဍကနေ အားပြည့်အင်ပြည့်ဆောင်ရွက်ရမယ်။ ဒါကြောင့် တယောက်တပေါက်လုပ်တာမျိုး အစီအစဉ်မဲ့ လုပ်တာမျိုးတွေရှောင်ရှားပြီး တရှိန်တည်း၊ တပြိုင်တည်း ကျစ်လစ်တဲ့အားနဲ့ တွန်းလှန်ဖြိုဖျက်ဖို့လိုတယ်။ အခုအခြေအနေမှာ လူထုရဲ့စွမ်းအားပြည့်လက်နက်ကတော့ "လူထုအား" (Mass power) ပဲ ဖြစ်ထုထုအားနဲ့ Road Map (၇) ချက်ကို ဆန့်ကျင်တိုက်ဖျက်နိုင်သလို စစ်အာဏာရှင်စနစ်ကိုလည်း အလုံးစုံချုပ်ငြိမ်းအောင်လုပ်နိုင်တယ်ဆိုတာ ကျနော်ရဲ့ခံယူကြီးပြောချင်တယ်။

အခုအချိန်မှာ ရွှန်းဒါးရဲ့တဲ့စိတ်ဓာတ်တွေနဲ့ နိုင်ငံပြတ်သားရဲ့ပုံရွှာကိုယ်တိုင်ရှုနဲ့ လွတ်မှုတွေပေးရမယ့်အချိန်အခါရောက်ပြီ။ တွေဝေနေလို့မရဘူး။ ကုလားထိုင်ပေါ်ကထိုင်စောင့်နေလို့မရဘူး။ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရမယ့်အချိန်အခါရောက်နေပြီဆိုတာ ရှင်းရှင်းလင်းလင်းမြင်တတ်ဖို့လိုပါတယ်။ ဆိုင်းဘုတ်စွဲ နေရာစွဲ ကိုယ်စားလှယ်စွဲတွေကိုဖက်တွယ်မနေဘဲ မိန်းမောမနေဘဲ နောင်လာနောင်သားတွေရဲ့ အမိုင်းစာချုပ်နာမှာ "အမိုင်းဆိုး" အဖြစ်မကျန်ရစ်စေသောင် လုပ်ဆောင်ကြဖို့လိုအပ်နေပါပြီ။ တချိန်ကလည်း စစ်မှန်သော Dialogue ဖြစ်လာအောင် နည်းလမ်းပေါင်းစုံနှင့်တွန်းအားပေးရမယ်။ Pressure and Compromise ကို တပြိုင်

ကျေးဇူးပြုမှာ (၁၂) ကော်လံ (၁) သို့…

အောင်ပွဲသည် တိုက်ရဲသူများအတွက်ဟု ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) အထွေထွေအတွင်းရေးမှူးကပြော

ထိုင်း - မြန်မာနယ်စပ်တစ်နေရာမှ (၅၉) နှစ်မြောက်ကရင်တော်လှန်ရေးနေ့အခမ်းအနား

ထိုင်း-မြန်မာနယ်စပ်တစ်နေရာ၌ ကရင်လူမျိုးစုများနေထိုင်ရာတွင် (၅၉) နှစ်မြောက် ကရင်တော်လှန်ရေးနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

ထိုအခမ်းအနားတွင် ကေအဲန်ယူ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ပဒိုမန်းရှာက နအဖစစ်အုပ်စုအား လူသတ်ဓါးကိုအမြန်ဆုံးစွန့်လွှတ်ရန်တောင်းဆိုလိုက်ပြီး တိုင်းရင်းသားလူမျိုးစုများအား အပြတ်တိုက်ရေးဝါဒကိုလည်း အမြန်ဆုံးရပ်တန့်ပစ်ရန်တိုက်တွန်းလိုက်သည်။ ဆက်လက်၍ အဓိပ္ပါယ်ရှိသော ဘက်စုံဘက်တွေ့ဆုံဆွေးနွေးရေးများအမြန်ဆုံးဖော်ဆောင်ရန်လည်း အလေးအနက်တောင်းဆိုခဲ့သည်။

ဆက်လက်၍ ပဒိုမန်းရှာက "ထမ်းတင်သားအားလုံး ကျနော်တို့ကရင်အမျိုးသားအားလုံး နိုင်ငံရေးအရ နိုးကြားကြရမယ်။ လွတ်လပ်မှု ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်နဲ့ ထိုက်တန်တဲ့သူတွေဖြစ်တယ်ဆိုတာကို ဖော်ပြကြရမယ်။ (၅၉) နှစ်တိုင်တိုင် တိုက်ပွဲဝင်ခဲ့ကြတဲ့ အာဇာနည်သူရဲကောင်းတွေကို အောက်မေ့ကြရမယ်။ ကရင်တော်လှန်ရေးမှာ သူ့နေရာနဲ့သူ သူ့အခန်းကဏ္ဍနဲ့သူ ဆိုးခန်းတိုင်ပါဝင်သွားကြရမယ်။ နောက်ဆုံးအနေနဲ့ ထတော့ အောင်ပွဲဟာ တိုက်ရဲသူတွေအတွက် သာဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျနော်တို့ ဒုံးခန်းတိုင်တဲ့အထိ ကျနော်တို့အမျိုးသားလုံး လွတ်မြောက်တဲ့အထိ တိုက်ပွဲဝင်သွားကြရမှိ" ဟု အလေးအနက်တောင်းဆိုခဲ့သည်။

မဟာမိတ်များ၏ ထောက်ခံပြောကြားရာတွင် အဲန်စီဂျီယူဘီဖက်စုရယ်ရေးရာဝန်ကြီး ခွန်မားကိုထန်းက ဒီမိုကရေစီရေးသည်တရား ဝင်တော်လှန်ရေးဖြစ်သည့်အတွက် ပြည်ထောင်စုရင်လုံးအားဆွေးနွေးမည့် နအဖ၏ကွန်ဖင်ရှင်းအား အမျိုးသားရေးတောဝန်တရပ်အနေနှင့် အပြီးတိုက်ဖျက်ပစ်ရမည်။ တပေါင်းတည်းစစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရာတွင် အမျိုးသားရေးတောဝန်တရပ်အနေနှင့် အပြီးတိုင်တိုက်ဖျက်ရန် တိုက်တွန်းပြောကြားသွားသည်။

အဲန်အယ်လ်ဒီအယ်လ်ဒေကာင်တီဝင်များ စကားပြောခွင့်ရခဲ့သူ ဦးအောင်စောဦးကလည်း ၁၉၉၇ ခု ဇန်နဝါရီလ (၄) ရက်မှ (၁၄) ရက်အထိကျင်းပသွားခဲ့သော မဲဆေပါ အသေခေါတွေ့ညီနှုတ်အား ပြန်လည်ဖောက်ချွတ် ပြောကြားသွားခဲ့သည်။

၎င်းက "ဒီဘက်တိုင်းရင်းသားတွေ အားလုံးရဲ့အသေခေါတွေ့ညီနှုတ်ထဲမှာ ပြည်တွင်းကဒီမိုကရေစီအင်အားစု ဒေါ်အောင်ဆန်းစုကြည်နဲ့အောင်ပြီး လှုပ်ရှားနေတဲ့အင်အားစုတွေရဲ့လှုပ်ရှားမှုတွေကို ထောက်ခံပါတယ်လို့ ဒီဘက်ကနေ ကြေညာချက်ထုတ်ပါတယ်။ အခုနှစ် (၅၀) ပြည်ထောင်စုနေ့မှာ ကျနော်တို့ရဲ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သူ့ကိုယ်တိုင်မိန့်ခွန်းပြောပြီး အဲန်အယ်လ်ဒီရဲ့ထုတ်ပြန်ကြေညာချက်ထဲမှာ တိုင်းရင်းသားတွေရဲ့ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကြီးကိုတည်ဆောက်မယ်ဆိုတာကို ပြည်တွင်းအဲန်အယ်လ်ဒီကလည်း အကြွင်းမဲ့ ထောက်ခံလိုက်တဲ့အတွက် ဒီကနေ့ ကျနော်တို့ဒီမိုကရေစီအင်အားစုတွေနဲ့ တိုင်းရင်းသားအင်အားစုတွေကြားမှာ အနာဂတ်အတွက် ဘာမှပြဿနာမရှိဘူး" ဟု ပြောခဲ့သည်။

ကရင်ပြည်သူများ နိုင်ငံရေးအဖွဲ့အစည်းများအပါအဝင် ပရိတ်သတ် (၃၀၀၀) ကျော် တက်ရောက်သော ၅၉ကရင်တော်လှန်ရေးနေ့အခမ်းအနားကို ကေအဲန်ယူတပ်မဟာ (၇) ဌာနချုပ် စစ်ရေးပြကွင်းတွင်ကျင်းပခဲ့ပြီး တပ်မဟာ (၇) မှူး ဗိုလ်မှူးချုပ်ဒေါ ကျော်နီအား စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မူတူးဆေးဖိုးက သူရဘွဲ့ကိုအပ်နှင်းသည်။

ဒေါကျော်နီအား သူရဘွဲ့အပ်နှင်းခြင်းနှင့်ပတ်သက်၍ ကရင်လူငယ်စစ်သားတဦးအား မေးမြန်းရာတွင် ၎င်းက "၂၀၀၆ ခုနှစ်မှာ ဒီတပ်မဟာ (၇) က ခေါင်းဆောင်တချို့ အမြင်ခြင်းလွဲပြီး ရန်သူဆီမှာသွားပြီးတော့ နိဗ္ဗာန်ပါတယ်။ အဲဒါကို သူက ဘယ်လိုပြောမလဲ ရန်သူဟာပြီးစည်းရုံးလှည့်စားတာကို ရန်သူနောက်မလိုက်ဘူးလေ၊ ကောင်းကောင်းလေး မိန့်တယ်လေ၊ အမျိုးသားရေးကို ကောင်းကောင်းမြဲနိုင်တယ်လေ" ပြောခဲ့သည်။

ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) သည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း အာဏာရှင်အဆက်ဆက်အား လက်နက်စွဲကိုင်တော်လှန်ခဲ့သော ရှေးအကျဆုံး လက်နက်ကိုင်အဖွဲ့အစည်း တခုဖြစ်သည်။ ◆

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (အဲန်စီယူဘီ) ၏ အတွင်းရေးမှူးအဖွဲ့ဝင်အသစ်ပြောင်းလဲခန့်အပ်

ဇန်နဝါရီလ (၂၃) ရက်။

ထိုင်း-မြန်မာနယ်စပ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) က နှုတ်ထွက်သွားသော အထွေထွေအတွင်းရေးမှူး (၄) ဦးမှတစ်နေရာတွင် (၉၀) ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခွန်မြင့်ထွန်းအားအစားထိုး ခန့်အပ်လိုက်သည်။

၎င်းသို့ခန့်အပ်ခြင်းသည် အဲန်စီယူဘီ၏တည်ဆဲ ပွဲစည်းပုံစည်းမျဉ်း အခန်း (၃) အဆင့်ဆင့် ဦးဆောင်အဖွဲ့နှင့် ဦးဆောင်မှုစနစ်ခေါင်းစဉ်ပါ အာဏာပိုင်မှုနှင့် စုဖွဲ့ပုံ ခေါင်းစဉ်ခွဲ ပုဒ်မ (၅) (ဂ-ဃ) ပြဋ္ဌာန်းချက်၏ လုပ်ပိုင်ခွင့်နှင့်အညီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့မှ တရားဝင်တာဝန်ပေးအပ်လာသည့် ကိုယ်စားလှယ်ခွန်မြင့်ထွန်းအား အတွင်းရေးမှူးအဖွဲ့ဝင်အဖြစ် အတည်ပြုခန့်အပ်လိုက်ကြောင်း၊ ဗွဲ့ဘက်အထွေထွေအတွင်းရေးမှူး (၁) ဦးမြင့်သိန်းက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဲန်စီယူဘီအတွင်းရေးမှူးအဖွဲ့ဝင်သစ် ခွန်မြင့်ထွန်း

"ကျနော့်ကို အခုလို တာဝန်ပေးအပ်ခြင်းမခံရခင်ကတည်းက အဲန်စီယူဘီကတွင်း ဝတဲ့ သဘာပတိနဲ့အတွင်းရေးမှူးတွေရဲ့ အစည်းအဝေးတွေမှာ အမြဲတမ်းလိုလိုမှာ တက်ရောက်ခွင့်ရခဲ့တဲ့အတွက် ကျနော့်အတွက် အဲန်စီယူဘီရဲ့လုပ်ငန်းတွေက အစိမ်းသက်သက်ဖြစ်မနေတဲ့အတွက် လုပ်ရတာအဆင်ပြေပါတယ်" ဟု မိုးကြိုးသတင်းဌာနသို့ပြောခဲ့သည်။

ခွန်မြင့်ထွန်းသည် ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် ထိုင်း-မြန်မာနယ်စပ်သို့ရောက်ရှိလာခဲ့ပြီးကတည်းက အဲန်စီယူဘီအဖွဲ့နှင့် ဆက်သွယ်၍ မြန်မာ့ရေးရာများကို စောင့်လှုပ်ရှားခဲ့သူဖြစ်သည်။ မကြာမီက ဝိန္နဲဆရာတော်ကြီး ထိုင်းမြန်မာနယ်စပ်သို့ရောက်ရှိခဲ့စဉ် အဲန်စီယူဘီနှင့်တွေ့ဆုံဆွေးနွေးခဲ့ရာ၌ လွှတ်တော်အမတ်တဦးအဖြစ် တက်ရောက်ခွင့်ရခဲ့သူခွန်မြင့်ထွန်းက သူ့အနေနှင့် ဆရာတော်ကြီးမိန့်ခဲ့သောစကားများအနက် ဂျပန်လွှတ်တော်ထဲတွင်ပြောခဲ့သည့်စကားကို အကြိုက်ဆုံးဖြစ်ကြောင်းပြောသည်။

ဂျပန်လွှတ်တော်သို့ ဆရာတော်ကြီး ကြွရောက်ခဲ့စဉ်က အာဏာရှင် နအဖစစ်အုပ်စု အာမရှိခဲ့လျှင် မြန်မာပြည်သည်လည်း ဆိုဗီယက်နိုင်ငံ (တစစီပြိုကွဲသွားမည်) ဖြစ်လိမ့်မည်ဖြစ်ကြောင်း နအဖစစ်အုပ်စု၏ ဝါဒဖြန့်စကားကိုပြောခဲ့ရာ ဆရာတော်ကြီးက နအဖရှိလို့ တိုက်နေကြတာ နအဖမရှိရင် တိုက်နေကြမှာမဟုတ်ဘူးဟု ပြောခဲ့ကြောင်း ခွန်မြင့်ထွန်းက ပြောသည်။

ဆက်လက်၍ "ဆရာတော်ကြီးဆိုလိုတာက တိုင်းရင်းသားလူမျိုးစုတွေ တိုက်နိုက်နေကာ ဖဲမော်ထွေကိုမဟုတ်ဘူး၊ စစ်အာဏာရှင်ကိုတိုက်နေတာ၊ စစ်အာဏာရှင်မရှိရင် တိုင်းရင်းသားတွေသည်၊ လက်နက်ကိုင်တိုက်ခိုက်နေစရာအကြောင်းမရှိဘူး၊ ဒါကို ဆိုလိုသွားတာ၊ အဲဒီစကားကို ကျနော်တော့ အကြိုက်ဆုံးပဲ" ဟု မိုးကြိုးသတင်းဌာနသို့ ပြောသည်။ ထို့အပြင် ဆရာတော်ကြီးက ဂျပန်လွှတ်တော်၏ ထိုမေးခွန်းအားဖြေကြားတော်မူပြီးနောက် နအဖမရှိတဲ့အခါ မြန်မာပြည် တစစီပြိုကွဲမသွားစေရန် ဆရာတော်ကြီးများက ဝိုင်းဝန်းစောင့်ရှောက်ပေးသွားမှာဖြစ်ကြောင်းနှင့် ထိုသို့ပြိုကွဲမသွားရန်ကိုလည်း တာဝန်ယူခဲ့ကြောင်း ဆရာတော်ကြီး၏ မိန့်ကြားချက်များအပေါ်တွင်လည်း နှစ်သောင်းအားရဖြစ်ရကြောင်း ပြောကြားခဲ့သည်။

ခွန်မြင့်ထွန်းသည် သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခဲ့ရာ (၇၆ ဒဿမ ၄၁) ရာခိုင်နှုန်းမြင့်အနိုင်ရရှိခဲ့သော အဖွဲ့ချုပ်၏အသက်အငယ်ဆုံးအမတ်ဖြစ်သည်။

၁၉၉၆ ခုနှစ် ဩဂုတ် (၂၀) ရက်နေ့တွင် မြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၂ (၂) နိုင်ငံတော်အား အစွန်းရောက်ပုန်ကန်မှုဆိုသောခေါင်းစဉ်ဖြင့် ဖမ်းဆီးထောင်ချခဲ့ရာ ၂၀၀၃ ခုနှစ် ဩဂုတ်လ (၁) တွင် ဘူးသီးတောင်ထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သူဖြစ်သည်။ ◆

...လှုပ်ရှားမှုဓာတ်ပုံသတင်း...

မွန်ရောက်တော်လှန်ရေးတော်မလီပ်ပါတီနှင့် တွေ့ဆုံဆွေးနွေးနေကြစဉ်

ဥပဒေပညာရှင်အဖွဲ့ဝင်များနှင့် အဲန်စီယူဘီအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးနေကြစဉ်

ဝိန္နဲဆရာတော်ဘုရားကြီးနှင့် အဲန်စီယူဘီအဖွဲ့ဝင်များ တွေ့ဆုံခဲ့ကြစဉ်

ဗဟိုဖွယ်ရေးရာအကြောင်း ဆွေးနွေးတိုင်ပင်ခဲ့ကြစဉ်

ဝိနန်ဆရာတော်ဘုရားကြီး ထိုင်း - မြန်မာ နယ်စပ်ခရီးစဉ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့်တွေ့ဆုံဆွေးနွေး

ဝိနန်ဆရာတော်ဘုရားကြီးနှင့်ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီတို့ထိုင်း - မြန်မာနယ်စပ်တနေရာတွင်တွေ့ဆုံခဲ့စဉ်

သာသနာ့ဥဒေသကျောင်း ဝိနန်ဆရာတော်ဘုရားကြီး ဦးပညာဝံသနှင့် အတွင်းရေးမှူး ဆရာတော်ဦးဥတ္တရတို့ ထိုင်းမြန်မာနယ်စပ်သို့ရောက်ရှိလာပြီး ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့် မြန်မာပြည်အရေး တွေ့ဆုံဆွေးနွေးမှုများရှိခဲ့ကြသည်။

ထို့အပြင် ရွှေဝါရောင်တော်လှန်ရေးအတွင်း နအဖစစ်အုပ်စု၏ အကြမ်းဖက်ဖြိုခွင်းမှုကြောင့် နယ်စပ်ဒေသသို့ရှောင်တိမ်းလာခဲ့ကြရသော သံဃာတော်များနှင့်လည်း တွေ့ဆုံလျက် ထက်ရှိဖြစ်ပျက်နေသည့်အခြေအနေ အရပ်ရပ်တို့အား မေးမြန်းလျှောက်ထားတော်မူခြင်းနှင့် လိုအပ်သည်တို့ကို မြွက်ကြားတော်မူခြင်းများအား ဆောင်ရွက်တော်မူခဲ့ကြသည်။

ထို့နောက် သာသနာ့ဥဒေသကျောင်း အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ (ထိုင်းနိုင်ငံ) ကို အမှူးဆောင်သံဃာတော် (၉) ပါးဖြင့်လည်း တောင်မြင့်ရှာဖွဲ့စည်းနိုင်ခဲ့သည်။ ယင်းသို့ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌဆရာတော်အဖြစ် ဦးဇိန္နိတ၊ အတွင်းရေးမှူး ဦးဆောသိတ၊ တွဲဖက်အတွင်းရေးမှူး ဦးနန္ဒသေန၊ စည်းရုံးရေးမှူး ဦးကောဝိဒ (မဲဆောက်) နှင့် ဦးဇောတိက (ဘန်ကောက်)၊ ဘဏ္ဍာရေးမှူး ဦးစန္ဒာဝရ၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးဇြာဘာသ မြန်ကြားရေးမှူးများအဖြစ် ဦးသီလာနန္ဒ၊ ဦးရေဝတတို့အပြင် အဖွဲ့ဝင်သံဃာတော်ပေါင်း (၂၀) ဖြင့်ဖွဲ့စည်းခဲ့ကြသည်ဟု ကြေညာချက်တွင်ဖော်ပြထားသည်။

ဤသို့ ဝိနန်ဆရာတော်အမှူးရှိသော ဆရာတော်များနှင့် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ (ထိုင်းနိုင်ငံ) အား ဖွဲ့စည်းခဲ့ခြင်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ရဟန်း ရှင်၊ လူပြည်သူအများ တွေ့ကြုံခံစားနေရသော ဗုဒ္ဓသာသနာအပေါ် ကျူးကျော်နေသည့် သာသနာ့ဘေးဆိုး ဒုက္ခ ရောက်တို့ကို ကာကွယ်သွားနိုင်ရန်နှင့် သာသနာ့ဥဒေသကျောင်းအဖွဲ့ချုပ်ကြီးမှ ချမှတ်လမ်းညွှန်ထားသည့်ရည်ရွယ်ချက် (၆) ရပ်နှင့်အညီ နာယကဆရာတော်ကြီးများ၏ ဦးဆောင်မှုကို လိုက်နာအကောင်အထည်ဖော်သွားရန် ဖြစ်ကြောင်းတို့ကို ထုတ်ပြန်ကြေညာခဲ့သည်။

သာသနာ့ဥဒေသကျောင်း အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်မှ ဆရာတော်များသည် တော်လှန်ရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ရွှေ့ပြောင်းအလုပ်သမား၊ မြန်မာနိုင်ငံသားများနှင့်လည်း တွေ့ဆုံတော်မူခဲ့ကြပြီး မြန်မာနိုင်ငံ၏လက်ရှိအခြေအနေအရပ်ရပ်ကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်းလည်းသိရသည်။ ❖

ကိုနေထင်မြင့်နှင့် အင်တာဗျူးမှ ...

တည်းသွားစေ့လို့ပါတယ်။ အဲဒီနည်းနဲ့ ရွှေဝါရောင်တော်လှန်ရေးကြီးကို ဆက်လက်ထမ်းဆောင်သွားရမယ်။ နိုင်ငံရေးဆိုတာ ဝိရိယ အထက်အကျရှိတယ်။ အခု ဝိရိယကျချိန်လို့ ပြောရမှာထက် တော်လှန်ရေးအင်အားစုတွေကို ပြည်သူလူထုစုစည်းနေတဲ့အချိန်ဆိုရင် ပိုမှန်ကန်ပါလိမ့်မယ်။ တော်လှန်ရေးရဲ့ "မုန်တိုင်းမလာခင် ငြိမ်သက်နေတဲ့အချိန်မျိုး"လို့ ပြောရမှာဖြစ်ပါတယ်။ မကြာခင် တော်လှန်ရေးမုန်တိုင်းက ထပ်ပြီးတိုက်ခတ်ဦးမှာပါ။

မေး။ *Pressure and Compromise* နဲ့ သွားရမယ်ဆိုတာ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို မယုံကြည်လို့ပြောတာလား။

ဖြေ။ Dialogue ကို မယုံကြည်လို့လားဆိုရင် "မဟုတ်ဘူး"လို့ ကျနော်ဖြေမယ်။ တခုပြောချင်တာက ကျနော်ရောက်နေတဲ့ နေရာက Dialogue စားပွဲဝိုင်းပေါ်မှာထ ထွေးအတင်း အတိုးအလျှော့ အပေးအယူ လုပ်တဲ့နေရာမှာမရှိဘူး။ ကျနော်ပါဝင်ရမဲ့ အပိုင်းလည်းမဟုတ်ဘူး။ ဒါက ခေါင်းဆောင်ဆန်ရုံကြည်နဲ့ (CEC) များ၊ (CRPP) များ၊ တိုင်းရင်းသားကိုယ်စားလှယ်များရဲ့ တာဝန်တာဖြစ်ပါတယ်။ ကျနော်ရောက်နေတဲ့ နေရာနဲ့ကျနော့်တာဝန်က စစ်အုပ်စုကို Dialogue စားပွဲဝိုင်းပေါ်ရောက်အောင် နည်းပေါင်းစုံ လမ်းပေါင်းစုံနဲ့ တွန်းပို့ရမယ့်တာဝန်သာ ကျနော့်မှာရှိပါတယ်။ ဒါတွေကိုတော့ ခွဲခွဲခြားခြား မြင်ထားဖို့လိုပါတယ်။

မေး။ ပြည်တွင်းမှာလှုပ်ရှားဆောင်ရွက်ရတာနဲ့ ပြည်ပမှာနိုင်ငံရေးလုပ်ဆောင်ရတဲ့ ကွာခြားချက်လေးတွေကိုလည်း သုံးသပ်ပေးပါဦး။

ဖြေ။ ပြည်တွင်းမှာ လုပ်ဆောင်ရတာ နအဖရဲ့ ဓားစက်အောက်မှာဆိုတော့ တော်လှန်ရေးသတိနဲ့ အမြဲလှုပ်ရှားဆောင်ရွက်ရတယ်။ မိမိတာနဲ့ အင်တာဗျူးတဲ့အခါမှာပဲဖြစ်ဖြစ်၊ ပြည်သူနဲ့အတူတကွ တသားတည်းရှိမ်းရုမ်းစွာဖော်ဆောင်နေတဲ့ ပေဆ-ပေးယူ တွေမှာဖြစ်စေ၊ နအဖလက်ပါးစေတွေရဲ့ အကြမ်းဖက်မှုမှာ တာတွေကိုသတိကြီးကြီးနဲ့ ရှောင်ကျဉ်တိမ်းသိမ်းရတယ်။ ဘယ်လိုကြောင့်ပဲဖြစ်စေ၊ ညီညွတ်ကြရတယ်။ ညီညွတ်ဖို့အတွက် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ "လူညီရင် မုန့်ညီပြီ"အလုပ်လုပ်ကြရတယ်။ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ လွတ်လွတ်လပ်လပ်တွေ့ရပေမဲ့ တော်လှန်ရေးအတွင် အကျုံးအနေနဲ့တော့ ရင်းရင်းနှီးနှီးလှုပ်ရှားနိုင်ခဲ့တယ်။ အပြင်ဘက်မှာက Media ကနေ နိုင်ငံတကာအသိုင်းအဝိုင်းတွေကို ခိုင်မာပြတ်သားတဲ့အသံတွေ လွတ်လွတ်လပ်လပ်ပေးလို့ရပြီ။ UN အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းကို စည်းရုံးလှုံ့ဆော်တဲ့အခါ ထိထိရောက်ရောက် ပြောဆိုလုပ်ဆောင်နိုင်တယ်။ နအဖရဲ့ဓားစက်နဲ့ဝေးတဲ့နယ်စပ်မှာက ညီညွတ်ချင်ရင်၊ ညီညီညွတ်ညွတ်လုပ်နိုင်တဲ့ အခြေအနေအခွင့်အလမ်းကောင်းတွေရှိပါတယ်။ အားနည်းချက်၊ အားသာချက်တွေကတော့ ဒွန်တွဲနေကျတ်ပါပဲ။ ❖

> **စစ်အာဏာရှင်သက်ဆိုးရှည်စေမယ့်ပြည်သူ့လွှတ်တော်ကြီး ထင်ရှားလာရင်း နတ်သသတ်နတ်စေမယ့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ဆိတ်သုဉ်းစေမယ့်လူဖြစ်လာပြီး လူ့အခွင့်အရေး (ကိုယ့်အခွင့်အရေး) ကိုပိုင်ဆိုင်ခွင့် မရှိတဲ့အာဏာရှင်စနစ်ထိုးရဲ့ သေနတ်ပြောင်းဝအောက်မှာ မွေးရာပါ အခွင့်အရေးတွေ ဆုံးရှုံးခဲ့ပြီပြီ ...**

စာမျက်နှာ (၁၂) ဇွန်မှိုင်းဆောင်းပါးမှ ...

(င) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများအား ဒေသဆိုင်ရာအာဏာပိုင်တို့က ခေတ္တပိတ်ထားပြီး ယနေ့ထိ ချိတ်ပိတ်ထားခြင်းမှ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ရေးနှင့် လွတ်လပ်စွာစည်းရုံးလုပ်ကိုင်ခွင့်ပြုရန်။

(စ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင်များအား ဒေသဆိုင်ရာအာဏာပိုင်များက တရားမဲ့ အကြောင်းအမျိုးမျိုးဖြင့် ထောင်အကျဉ်းချထားခြင်းများကို အမြန်ဆုံးရုပ်သိမ်းပေးရန်။

(ဆ) ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီးမှ ဖျက်သိမ်းခြင်းခံထားရသော တိုင်းရင်းသားနိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာစည်းရုံး လှုပ်ရှားခွင့်ပေးရန်တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အမြန်ဆုံး ဆောင်ရွက်ပေးရန် ဤလုပ်ငန်းရေး၊ နေ့ ထုတ်ပြန်သည့် အခါအခွင့်သင့်တွင် တောင်းဆိုထိုက်သည်။"

ဒါက လူထုက ယုံကြည်စွာလုပ်ပိုင်ခွင့် အာဏာ (Mandate) အပ်နှင်းခြင်းခံထားရတဲ့ ပါတီတရပ်ရဲ့ အထိမ်းအမှတ်ပြောင်းတဲ့ သဘောထားတင်ပြချက်ဖြစ်ပါတယ်။ ထိတ္တုင်း ထဲက လွတ်ငြိမ်းသဘောဆောင်တဲ့ တောင်းဆိုချက်သည်ဖြစ်ပါတယ်။

ထုတ်ပါတယ်။

တိုင်းပြည်ရဲ့ တနေ့တခြားဆိုးဝါးလာနေတဲ့ဒုက္ခကို ကိုယ်ဒုက္ခလို ခံစားရ ဘယ်သူမဆို

ဒီအခြေအနေတွေကို မြေပြင်မဟုတ်ရာ မယ်လို့ ပျော်ကြည့်ရလို့ ဘယ်သူမဆို ဒီလိုပဲ ကြိုးကြောင်းနှိုင်းတင်ပြ လက်တွေ့ကျကျ လုပ်ကြရမှာပါ။

ဒါပေမဲ့ ....

စစ်အုပ်စုက ဒါ့ကိုလက်ခံ အလွယ်တကူ လိုက်ဖို့မလား။

(၆)

တောင်းဆိုး

မြေပြင်ရပ်နည်းနာက တွေ့ဆုံဆွေးနွေးရေးနည်းနာဖြစ်မယ်။

ဒီလိုတွေ့ ထိုးစစ်ဆင်နေတာ (က) ကနေ (ဆ) အထိဖြစ်တယ်။

ဒါကို နအဖက ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရမယ်။ ရနိုင်ပါ့မလား။ လက်တွေ့မှာ ဖြစ်လာနိုင်ပါ့မလား။

စစ်အုပ်စုက ဟုတ်တဲ့ တောင်းဆိုပြီး မနက်ဖြန်ကနေပြီး စီစဉ်ကြတာပေါ့လို့ ထားပြီးမှပဲလား။

ဒီနေ့မနက်ပဲ ပြောက်ကွယ်သွားတာရယ်ကုန်ကို ဆရာတော်ကြီး (၃) ပါးနှင့် သီတဂူဆရာတော်ကြီး (၃) ပါးကို သာသနာ့ဘုရားရှိခိုးနေရာ (ပုဇွန် ၂၈) နဲ့ မကျေနပ်သူတော်ကောင်းများကို ဖမ်းတာလားမဟုတ်လား။

စစ်အား (၄) ရက်နေ့သတင်းစာများ ထဲမှာဖော်ပြထားတာ ထောင်ကျနေသူ (၂၉) လူငယ် (၃၁) ရှုံးပေါ်သားတော် (၁၀) ပါးလို့ ကြားတယ်။

အကျဉ်းကျနေသူ (၇၀၀) ကျော်

လွတ်ရှားမှုကြီးတွေမှာ (၁၀) ဦးဝေ ပါတယ်လို့ ကြားတယ်။

ပင်ညွှန့်ကိုယ်ပြောလို့ထောင်ကျနေသော (၁၅) ယောက်၊ ပင်ညွှန့်ကိုယ်တိုင်ဖမ်းဆီးထားပြီး နာ မည်နှင့်တော ထိမ်ခံပါလို့နှင့်တော ထူးခြားချင်ခံ ရာမှာ ထင်ဖြူလိုက်နိုင်တာက (၃၀) ယောက်။

ရဲချုပ်ခင်ညွှန့်ကိုယ်တိုင်က တယောက်မှ ဖျောက်ဆုံးနေတာမရှိဘူးလို့ ထိမ် အတင်းအားရှင်းလင်းခဲ့မှာ ကြားတယ်။

တနေ့အထိ စာရင်းပေါက် ပျောက်နေသောလာ (၄၄) ယောက်ဖြစ်တယ်။

မင်းတော ဆီးအာမလုပ်တော့ပါဘူးဆို၊ ဓမ္မတာဝန်အာဝင်ကို ဝန်ကြီးအဖွဲ့ကိုယ်တိုင်က ကတိပေးထားပါလျက်၊ ကတိပေးနေရင်းမကတိကို မဖျက်နဲ့ပေါ့။ အနေနဲ့ကန့်လန့်မှုနဲ့ အနည်းဆုံးမက ရစ်ပြောက်ထားတယ်ဆို့ ဘုန်း ဝိကြားခဲ့ "လမ်းပြမြေပုံ အဆင့် (၇) ကိုရောက်နေပြီ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်က ဆောင်ရွက်နေပြီ၊ အနောက်အလောက်တွေမရှိရင် သင့်တင့်သောအချိန်မှာ ပြီးစီးသွားပါမယ်"လို့ ကြွေး ကြော်လှုပ်ရှားနေတာကလည်း အမှောင်။

"တွေ့ဆုံဆွေးနွေးရေးဆိုတာကတော့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ထုတ်ပြန်ကြေညာချက်/၂၀၀၇ အဝေါ် အပ်ထိုက်ကန့်ကွက်မှုရပ်ဆိုထားသရွေ့မှာ မူ တည်တယ်" လို့ ဒေါ်ဆုရင်အမြဲကို ပုံနှိပ်ကြော်ငြာ ဆိုနေပါတယ်။

ဒေါ်အောင်ဆန်းစုကြည် လုံးဝမလုပ်တဲ့ အလုပ်တွေကို 'ကျမ မှားပါပြီ နောက်မလုပ်တော့ပါဘူး'လို့ ဝန်ခံနိုင်တဲ့နည်း ဝန်ချတောင်း ပန်နိုင်တဲ့နည်းတွေနဲ့ ပုံမှော်တော့မယ် ဒီနေ့ထို ရာဇဝတ်သားအောက်မှာ ထုနှင်တို့ ထောက်ပြတဲ့ (က) ကနေ (ဆ) အထိကို နအဖက ချက်ချင်း ဆောင်ရွက်ပေးပြီး တွေ့ဆုံဆွေးနွေးရေးကို စိတ်ရော ကိုယ်ပါ အားထုတ်ကြည့် အနေအထား အပြောင်းလဲကိုဖွံ့ဖိုးတာ ရှယ်ပုံပဲလား။

ဆက်ပြီး ပြောနေခြင်းကာ ....

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် ဟန်ပါအဖွဲ့အစည်းတွေ အဲဒီ လူ့လှုပ်ရှားမှုတွေအားလုံး ဘယ်သူမဆို —

"အဖွဲ့နေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကို အဆင့် (၄) အမျိုးသားညီလာခံနှင့် အ ပြည့်ပြည့်အခါ ဆန္ဒမဲပေးပြီးအတည်ပြု

မူကြမ်းအတည်ပြုတဲ့သော့ အဆင့် (၅) အရ ရွေးကောက်ပွဲတွေလုပ်ပေးတဲ့အခါ ဝင်ပြိုင်ပြီး အရွေးခံကြ" ကဲ့ နအဖမြန်ကြား ရေးဝန်ကြီးကိုယ်တိုင် မျက်နှာပြောင်ပြောင်နဲ့ ပြောဆိုချက်ကြည့်ပြောလာတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ UNA၊ SNLD နှင့် CRPP တို့လို သူ့ပေးတဲ့မှုများကတော့ သိပ်ခဲလိုက်ပါလဲ။

'ဆန္ဒမဲသွေ့ပွဲမှာ မဲလာထည့်ကြ' ဆွေးကောက်ပွဲမှာ အနိုင်ရင် လာအရွေးခံကြ' ဆိုပဲ ပြီးဆက်လုံးလုံးမပိုဘူး။

တွေ့ဆုံဆွေးနွေးသင်္ကာ စကားပြောသက်လို့ နည်းနည်းလေးမှ တရုတ်မသောကျွေးဆိုတဲ့ အမျိုးပဲ။

ဒီတို့ ပေးသံ ပိုးထိမ်တွေဆောက်မှာ ....

ဒီတို့ အကောင်အဖြစ် ဒီတို့ အကောင်ထမ်းတွေ ဆောင်မှာ ....

၂၀၀၈ ဟာ အမျိုးသားဖြစ်ထည်းပြည်သူ့မြတ် ရေနှစ် လှုပ်လှုပ်ကျရှာ ရွေးကောက်ပွဲမှ ဖြစ် တော့ဖြစ်နိုင်ပါ့မလား။

မဖြစ်နိုင်ဘူးဆိုရင်

ကျနော်တို့ ဘာတွေဖြစ်ကြောက်ရမလဲ၊

ပြင်ဆိုနိုင်ကြတော့ အစောက်ပဲနည်းနေပြီလား

ဇွန်မှိုင်း

(၂၀၊ ၁၊ ၂၀၀၈)

❖

နိုင်ငံရေးနည်းလမ်းဖြင့်ကြိုးပမ်းမှုကို နအဖမှလက်မခံလျှင်

စစ်ရေးနည်းမှအပ ရွေးစရာလမ်းမရှိတော့ကြောင်း ရှမ်းပြည်တပ်မတော်ပြောကြား

ပြီးခဲ့သည့်တနင်္လာနေ့က ကျင်းပခဲ့သည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ၏ (၀) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးအပြီးတွင် လက်နက်ကိုင်တပ်ဖွဲ့တခုဖြစ်သည့် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းလောဝ်ဆိုင်းက နအဖစစ်အစိုးရနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာရန်ကြိုးပမ်းနေစဉ်အတွင်း တပ်အင်အားကိုလည်း မိုင်မာအောင်တိုးချဲ့တည်ဆောက်သွားမည်ဟု ပြောဆိုလိုက်သည်။

"ငြိမ်းချမ်းရေးကိစ္စအတွက် မပြေလည်သေးတဲ့နိုင်ငံရေးပြဿနာတွေကို တွေ့ဆုံဆွေးနွေးဖို့အတွက် တမံတလင်းထားတာနေအဖေက လက်မခံတော့ဘူးဆိုရင်တော့ ဒီစစ်ရေးနည်းလမ်းမှအပ ကျနော်တို့ရွေးစရာလမ်းမရှိတော့ဘူး။ ဒီတော့ ကျနော်တို့မှာလည်း စစ်ရေးကိစ္စကိုပစ်ပယ်လို့မရဘူး။ ကျနော်တို့ အင်အားတိုးချဲ့သွားဖို့တော့ လိုအပ်တယ်" ဟု ဗိုလ်မှူး စိုင်းလောဝ်ဆိုင်းကပြောဆိုခဲ့သည်။

(RCSS) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးယွက်ဆစ် အပါအဝင် ကိုယ်စားလှယ် (၁၉၀) ဦး တက်ရောက်ခဲ့သည့် အဆိုပါ နှစ်ပတ်လည်အစည်းအဝေးတွင် တွေ့ဆုံဆွေးနွေးရေး၊ စစ်အားတိုးချဲ့ရေး၊ ရှမ်းပြည်နယ်အတွင်းရှိ အခြားသောအဖွဲ့အစည်းများနှင့် သွေးစည်းညီညွတ်မှုတည်ဆောက်ရေးအပါအဝင် အချက် (၆) ချက်ကို ဆုံးဖြတ်ခဲ့ကြောင်းလည်းသိရသည်။

ထိုဆုံးဖြတ်ချက်ကို ပလောင်ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (PSLF) မှ ကြိုဆိုလိုက်သည်။

(PSLF) အထွေထွေအတွင်းရေးမှူး မိုင်းတိုက်မှုန်းက "အခုလို အပစ်အခတ်ရပ်စဲထားတဲ့ ရှမ်းပြည်မှာရှိတဲ့ မတူကွဲပြားတဲ့လူမျိုးစုတွေ အဖွဲ့အစည်းတွေအားလုံး တကယ့်စည်းလုံးညီညွတ်ရေးကိုတည်ဆောက်ဖို့ဆိုတဲ့လုပ်ငန်းစဉ်တခုဟာ အင်မတန်ကောင်းတဲ့လုပ်ငန်းဖြစ်ပါတယ်။ ကျနော်တို့ဆီမှာလည်း ဒီလုပ်ငန်းတွေ အစီအစဉ်ရှိပါတယ်" ဟု ပြောခဲ့သည်။

"ရှမ်းအဖွဲ့မှာရှိပြီးတော့ ဦးဆောင်လုပ်နိုင်တယ်ဆိုရင်တော့ ဝါတာထပ်ပိုကောင်းတယ်။ တကယ်ဒီလိုမျိုးလုပ်ငန်းစဉ်ကိုချမှတ်ပြီးတော့ လက်တွေ့အကောင်အထည်ဖော်ဖို့လည်းလိုတယ်လို့ ကျနော်ပြောချင်တယ်။ ဒါမှပဲ ကျနော်တို့ရှမ်းပြည်မှာ တကယ့်စည်းလုံးညီညွတ်တဲ့ တကယ့်တန်းတူရည်တူနဲ့ ရှမ်းပြည်အနာဂတ်ကို မျှော်မှန်းထားတဲ့အတိုင်း အမြန်ဆုံးရရှိနိုင်မယ်လို့ ကျနော်ယုံကြည်တယ်" ဟု ဆက်လက်ပြောဆိုခဲ့သည်။

ပြီးခဲ့သည့် ၂၀၀၇ ခုနှစ် မေလအတွင်း အပစ်အခတ်စဲရေးနှင့် စစ်အစိုးရတို့ တွေ့ဆုံဆွေးနွေးရန် ပြင်ဆင်ခဲ့သော်လည်း ချိန်းဆိုထားသည့်နေ့ရာသို့ စစ်အစိုးရကိုယ်စားလှယ်များမလာရောက်ခဲ့၍ အထမမြောက်ခဲ့ပေ။

ဗိုလ်မှူးကြီး ယွက်ဆစ်

ရှမ်းပြည်တပ်မတော် (အက်ဒ်အက်စ်အေ)

ရှမ်းပြည်လူမျိုးစုံလွတ်မြောက်ရေးအဖွဲ့ (ရလလဖ) အားလက်နက်ချရန်

နအဖစစ်အစိုးရမှ နည်းလမ်းပေါင်းစုံဖြင့် ဖိအားပေးအကျပ်ကိုင်

ငြိမ်းချမ်းရေးအဖွဲ့တဖွဲ့ဖြစ်သည့် ရှမ်းပြည်လူမျိုးစုံလွတ်မြောက်ရေးအဖွဲ့(ရလလဖ) အားလက်နက်ချရန် မြန်မာစစ်အစိုးရမှနည်းလမ်းပေါင်းစုံဖြင့် ဖိအားပေးနေကြောင်း ရှမ်းပြည်တောင်ပိုင်းမှ သတင်းများအရသိရသည်။

ရှမ်းပြည်တောင်ပိုင်း ဆီဆိုင်မြို့နယ် နောင်ထောင်တွင်အခြေစိုက်သည့် ရလလဖအား လက်နက်မချပါက ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့တခုဖြစ်သည့် ဦးအောင်ခမ်းထီ ဦးဆောင်သည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် လက်အောက်ခံတပ်ရင်း (၅)နှင့် ပူးပေါင်းရန် ဖိအားပေးလျက်ရှိကြောင်းသိရသည်။

ရလလဖ (ဗဟို) နှင့် နီးစပ်သူတဦးက "ဒီ ကောလာဟလလည်းဖြစ်နိုင်တယ်အတည်လည်းဖြစ်နိုင်ပါတယ်။ (၉၄) ခုနှစ်မှာ ငြိမ်းချမ်းရေးယူထားတဲ့ ဦးတာကလယ်ဦးစီးတဲ့ နဂိုမူရင်း ရလလဖအဖွဲ့ဟာ ဗဟိုဌာနချုပ် နောင်ထောင်မှာရှိတုန်းပဲ။ ဒီအချိန်ထိ လက်နက်မချသေးဘူး။ လက်နက်ချမှာလည်းမဟုတ်ဘူး။ (၉၄) မှုအတိုင်း ဆက်လက်ရပ်တည်သွားမယ်လို့ သိရတယ်" ဟု ပြောဆိုခဲ့သည်။

(ရလလဖ) အနေဖြင့် နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဒေသငြိမ်းချမ်းရေးတည်ဆောက်မည်ဆိုတည့်မှုအရ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနေလိုကြောင်းလည်း ၎င်းကပြောဆိုခဲ့သည်။

ရလလဖ၏ ခွဲထွက်အဖွဲ့တခုဖြစ်သည့် နယ်စပ်အခြေစိုက် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးခွန်သူရိန်ကလည်း နအဖမှလက်နက်ချရန် (သို့မဟုတ်) ဦးအောင်ခမ်းထီအဖွဲ့နှင့် ပူးပေါင်းရန် ဖိအားပေးသည့်သတင်းများရရှိသည်ဟု အတည်ပြုပြောဆိုခဲ့သည်။ ထို့ပြင် ရလလဖ၏ အနာဂတ်နှင့်ပတ်သက်၍ "ဒီအချိန်မှာ နအဖကိုယုံပေါ်လှုန်ဖို့ဆိုတဲ့အခြေအနေမှာ သူတို့နိုင်ငံမြစ်မယ်ဆိုရင်တော့ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် နအဖလက်အောက်ခံမှာနေမှာမဟုတ်ဘူး။ သူတို့အနေနဲ့ လက်နက်ကိုင်တော်လှန်ရေးကို ပြန်လုပ်မယ်ဆိုတာကတော့ ကျနော်တို့ထုံးအပ်တယ်။ ထိုဒီလိုလုပ်နိုင်ဖို့ဆိုတာကလည်း ထဲဒီမှာရှိတဲ့တပ်မှူးတွေအပေါ်မှာ မူတည်တယ်" ဟု ဗိုလ်မှူးကြီးခွန်သူရိန်က သုံးသပ်ပြောဆိုခဲ့သည်။

ယခုနှစ်အတွင်းက ခွန်ထီးဆောင်ပေါ်ခ ဆောင်သည့် အင်အား (၁၀၀) ကျော် ပြန်လည်ပေါက်ကွဲသွားပြီး ရလလဖမှ ဦးချစ်မောင် ခေါင်းဆောင်သည့်အဖွဲ့က နအဖထံသို့ အပြီးအပိုင်လက်နက်ချသွားခဲ့ပြီးနောက် ကျန်ရှိသည့်ရလလဖအဖွဲ့များအား နအဖဖိအားပေးလာခြင်းဖြစ်သည်။

ဗိုလ်မှူးကြီးခွန်သူရိန်

◆

လက်ရှိစစ်အုပ်စု၏ ဖိနှိပ်သတ်ဖြတ်မှုသည်

ကရင့်သမိုင်းတွင် အပြင်းထန်ဆုံးဖြစ်

လက်ရှိစစ်အုပ်စုကြီးစိုးသည့်ကာလအတွင်း ဖိနှိပ်သတ်ဖြတ်မှုများသည် ကရင့်သမိုင်းတွင် အပြင်းထန်ဆုံးဖြစ်ကြောင်း ယနေ့ထုတ်ပြန်သော ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ကရင်နှစ်သစ်ကူးသဝဏ်လွှာတွင်ဖော်ပြထားသည်။

ကရင်အမျိုးသားအချင်းချင်း စည်းလုံးညီညွတ်ရေးကို အသားပေးဖော်ပြထားသော သဝဏ်လွှာတွင် (၂၀၀၇) ခုနှစ်အတွင်း နအဖစစ်အုပ်စုသည် (KNU) နှင့် ကရင်ပြည်သူများကို အပြင်းအထန်ထိုးစစ်ဆင်ခဲ့ကြောင်း ယခုအခါ ကောထုံးယူအနေဖြင့် တပ်ရင်း (၁၀၇) ရင်းဖြင့် ဆက်လက်စစ်ဆင်နေဆဲဖြစ်ကြောင်း ၂၀၀၇ ခုနှစ်တွင် ကရင်အမျိုးသားများသည် ရှောက်ရာအရပ်မှ ကရင့်တော်လှန်ရေးကို အဖက်ဖက်မှအထောက်အပံ့ပေးကူညီခဲ့သည့်အတွက် ကရင့်တော်လှန်ရေးကို မှာစွာအထောက်အကူဖြစ်ကြောင်း ဖော်ပြထားသည်။

(KNU) မြစ်ကြားရေးဌာနမှ ထုတ်ပြန်ထားသော တရားဝင်စာရင်းများအရ ၂၀၀၇ ခုနှစ်အတွင်း (KNU) တပ်ဖက် ဒီကေဘီအေတပ်နှင့် နအဖစစ်သားတပ်များကြား ပက် ထိပ်တိုက်တွေ့မှု (၁၃၉၁) ကြိမ်ရှိခဲ့ပြီး ရန်သူဘက်မှ (၆၁၃) ဦးသေဆုံးကာ (၁၃၊ ၈၀) ဦး ဒဏ်ရာရရှိသည်ဟုဆိုသည်။ အလားတူ ကေအဲန်ယူဘက်မှလည်း (၁၆) ဦးသေဆုံးခဲ့ပြီး (၂၁) ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယနေ့သည် ကရင်အမျိုးသားပြက္ခဒိန်တွင် (၂၇၄၇) ခုနှစ်ကုန်ပြီး (၂၇၄၈) ခုနှစ်သို့ ကူးပြောင်းသောနှစ်သစ်ကူးဖြစ်သဖြင့် ကောထုံးယူတပ်ရင်းအသီးသီးတွင် နှစ်သစ်ကူးအထိမ်းအမှတ်အခမ်းအနားများ ကျင်းပနေကြကြောင်း (KNU) မြစ်ကြားရေးဌာနမှ ဗိုလ်မှူးလှငွေက မျှဝေပြောသည်။

အဆိုပါအခမ်းအနားများအတွင်းကျင်းပသော (KNU) ဥက္ကဋ္ဌစောဘသင်စိန်၏ နှစ်သစ်ကူး မိန့်ခွန်းတွင် ကရင်အမျိုးသားများ လက်ရှိရင်ဆိုင်ဖြတ်သန်းနေရသော သက်တွေ့ကြုံရမှုများသည် ကြောက်မှုနှာဖ ထောင်းထဲကျရှိမှုများမဟုတ်ကြောင်း ယခုအမျိုးမြို့တက်သွားလျှင် "ကရင်အမျိုးသားအရှင်လတ်လတ်ပျောက်ကွယ်နိုင်ကြောင်း" သတိပေးထားသည်။

ပဒိုစောဘသင်စိန်က "ကိုယ့်လူမျိုးကို ချစ်ခဲ့တဲ့လုပ်ရပ်မှန်အရ မလုပ်မီအောင်ရှောင်ကြဉ်ကြပါ၊ ကျွန်ုပ်တို့ကို လွတ်မြောက်ရာအရပ်သို့ ပို့ဆောင်ပေးနိုင်တာကတော့ အမျိုးသားစည်းလုံးညီညွတ်ရေးပဲဖြစ်တယ်" ဟု သူ၏မိန့်ခွန်းတွင် သတိပေးထားသည်။

ဆက်လက်၍ ကရင်အမျိုးသားများကြားတွင် မတူကွဲပြားသော အတ်စပ်ကိုကြည့်မှုများရှိသော်လည်း အားလုံးကြိုးပမ်းမှုတန်းတူရည်တူ အာဏာရေးလွှတ်လပ်ခွင့် အပြည့်အဝရရှိပြီး အသားတုံကြည်မှုအပေါ်အခြေခံပြီး အချင်းချင်းမသင့်မတင့် မညီမညွတ်ဖြစ်မှုများသည် တမက်နှင့်တဖက်ကြား ကိုယ်ပိုင်ဆပေးကန့်ကွက်ဖြစ်ရမှုများ ထုံးဝမရှိသင့်ဟု (KNU) ဥက္ကဋ္ဌကြီးက မိန့်ကြားသည်။

နယ်စပ်ရောက် ကရင်အသိုင်းအဝိုင်းအနေဖြင့် ထိုင်းဘုရင်မင်းမြတ်၏ အစ်မဖြစ်သူ ကွယ်လွန်ခြင်းကြောင့် ထိုင်းတနိုင်ငံလုံးဝမ်းနည်းမှု ဆွေးမနေရမိခြင်းကိုလိုက်လျောသော ယခုနှစ် ကရင်နှစ်သစ်ကူးပွဲတော်သည် နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲများ ကျင်းပခွင့်မရကြောင်း စုံစမ်းသိရသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် စတင်တည်ထောင်ခဲ့သော ကရင်အမျိုးသားအစည်းအရုံး (KNU) သည် ကရင့်ကြော်ကို ကရင်ခန်းတီးနိုင်ရေးအတွက် နှစ်ပေါင်း (၆၀) နီးပါး တိုက်ပွဲဝင်နေသောအဖွဲ့အစည်းဖြစ်သည်။

◆

တူညီသည့်နိုင်ငံရေးဦးတည်ချက်အောက်တွင်

နယ်စပ်အခြေစိုက် ပအိုဝ်းအဖွဲ့များပူးပေါင်း

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ မယ်ဟောင်ဆောင်နယ်စပ်တွင်အခြေစိုက်သည့် ပအိုဝ်းအဖွဲ့အစည်းများဖြစ်သော ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့၊ ပအိုဝ်းအမျိုးသားလုံခြုံတိုးတက်ရေးအဖွဲ့၊ ပအိုဝ်းအမျိုးသမီးအဖွဲ့နှင့် ပအိုဝ်းလူငယ်ဒီမိုကရက်တစ်အဖွဲ့တို့မှ တခုတည်းသောနိုင်ငံရေးဦးတည်ချက်အောက်တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့သည် အပစ်ရပ်အဖွဲ့ဖြစ်သည့် ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) မှခွဲထွက်ကာ ယခင်နှစ်အတွင်း တော်ပြန်ခဲ့တာခဲ့သည့် လက်နက်ကိုင်အဖွဲ့ဖြစ်ပြီး ကျန်အဖွဲ့များမှာ ပအိုဝ်းလူထုအခြေပြုအဖွဲ့များဖြစ်သည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ ဗိုလ်မှူးကြီးခွန်သူရိန်က တခုတည်းသောနိုင်ငံရေးဦးတည်ချက်ဖြစ်သည့် ပအိုဝ်းအမျိုးသားတို့၏ စစ်မှန်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် ပအိုဝ်းအမျိုးသားတို့အား ဖိနှိပ်အုပ်ချုပ်နေသည့် နအဖစစ်အာဏာရှင်စနစ်ကို ချုပ်ငြိမ်းသွားသည်အထိ အတူတကွတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။

ပအိုဝ်းအမျိုးသမီးအဖွဲ့မှ နန်းသဉ္ဇာဟိတ "ပအိုဝ်းအခွင့်အရေးတွေအားလုံးရဖို့ ကျမတို့အဖွဲ့တွေအကုန်လုံးပူးပေါင်းပြီးတော့ အတူတကွလုပ်ကြဖို့ပေါ့နော်၊ ဆောင်ရွက်သွားမယ်ပေါ့" ဟုပြောဆိုခဲ့သည်။

ယခုဆွေးနွေးပွဲသည် မဲဟောင်ဆောင်အခြေစိုက် ပအိုဝ်းအဖွဲ့များမှ စတင်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး နောက်ဆွေးနွေးပွဲများတွင် ဗိုလ်မှူးကြီးခွန်ဥက္ကာဦးဆောင်သည့် ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့အပါအဝင် အခြားပအိုဝ်းအမျိုးသားခေါင်းဆောင်များကိုလည်း ဖိတ်ကြားသွားမည်ဖြစ်ကြောင်း ဗိုလ်မှူးကြီးခွန်သူရိန်က ပြောဆိုခဲ့သည်။ ◆

မြန်မာနိုင်ငံ လူ့အခွင့်အရေးအသင်း အရှေ့ဒေသ ထုတ်ဝေသည်

ဝန်ကြီးချုပ်ဟောင်းသက်ဆင်၏ ဇနီး ပြည်တော်ပြန်ခရီးတွင် အဖမ်းခံရ

ရာထူးမှဖြုတ်ချခံခဲ့ရသော ထိုင်းဝန်ကြီးချုပ်ဟောင်း မစ္စတာသက်ဆင်၏ဇနီးသည် ပြည်ပ၌ (၆) လကြာ တိမ်းရှောင်နေရာမှ ယနေ့ ပြည်တော်ပြန်ခရီးတွင် အဖမ်းခံခဲ့ရသည်။ ၎င်းအား လာဘ်စားမှုဖြင့်တရားစွဲမည်ဖြစ်ပြီး ပြစ်မှုထင်ရှားပါက ထောင်ဒဏ်အနှစ် (၂၀) ကျခံရဖွယ်ရှိနေသည်။

အသက် (၅၁) အရွယ် မစ္စ Pojamarn Shinawatra သည် ဟောင်ကောင်မှ ထိုင်းနိုင်ငံ ဘန်ကောက်ရှိ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင်၌ ယနေ့နံနက် (၉း၀၃) က ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ၎င်းက သူမအားဝရမ်းချက်လက်မှတ်ထိုးခိုင်းခဲ့သည်ဟု ရဲမှူးကြီး (Thaweesak Toochinda) က ပြောသည်။

"ကျနော်တို့က သူ့ကို တရားခွင်က ဖမ်းဝရမ်းထုတ်ထားတဲ့လူဟာ သူမပါဆိုတာ ကိုသေချာကြောင်း လက်မှတ်ထိုးခိုင်းတာပါ။ ပြီးရင်တော့ တရားရုံးမှာ အမှုရင်ဆိုင်ရမှာပါ" ဟုဆိုသည်။

၂၀၀၆ စက်တင်ဘာလ အာဏာသိမ်းတွင် ရာထူးမှဖြုတ်ချခံလိုက်ရသော မစ္စတာသက်ဆင်လည်း ထိုင်းနိုင်ငံတွင် အစိုးရသစ်တရပ်ပေါ်ပေါက်လာမည့် မကြာမီအတွင်းပြန်လာဖွယ်ရှိနေသည်။

မစ္စတာသက်ဆင်၏ ဟောင်မိတ်များသည် ပြီးခဲ့သည့်လရွေးကောက်ပွဲတွင် အမတ်နေရာအများစုရထားသော်လည်း ပါတီနှင့်ဆိုင်သောလွှတ်တော်အမတ်များသည် မဲမသမာမှုများဖြင့် ယခုအခါ စစ်ဆေးခံနေရသဖြင့် အစိုးရသစ်တရပ်ပေါ်ပေါက်ရေးတွင် အဟန့်အတားများရှိနေဆဲဖြစ်သည်။ ❖

မစ္စ Pojamarn Shinawatra

ဝေဘာဂီအခမဲ့ဆေးရုံဝေဒနာရှင်များထံမှ အခကြေးငွေတောင်းခံ

ဇန်နဝါရီ ၂၂ ၊

ရန်ကုန်မြို့ မြောက်ဥက္ကလာပရှိ ဝေဘာဂီဆေးရုံတွင် အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံနေရသူများအား ယခင်က အခမဲ့ဆေးဝါးကုသမှုများပြုလုပ်ပေးလျက်ရှိသော်လည်း ယခုအခါ ငွေကြေးတောင်းခံနေသောကြောင့် ဝေဒနာရှင်များအခက်အခဲတွေ့နေရသည်။

ယခင်ပိုင်ဆိုင်ခဲ့သည့် အဖွဲ့အစည်းများ၏ အကူအညီပံ့ပိုးမှုများရပ်ဆိုင်းသွားသည့်အတွက် ဇန်နဝါရီ (၂၀) ရက်မှစ၍ ဆေးကုသခနှင့် ဓာတ်မှန်ရိုက်ခများအတွက် လူနာများထံမှကောက်ခံမည်ဖြစ်ကြောင်း ဆေးရုံသို့သွားရောက်ခဲ့သည့် ဝေဒနာရှင်တဦးက ပြောသည်။

ထိုကြေညာချက်အရ လူနာတဦးလျှင် ဆေးစစ်ခ ကျပ်သုံးထောင်၊ ဓာတ်မှန်တချပ်လျှင် ကျပ်နှစ်ထောင်၊ အာထရာဆောင်းရိုက်ခ ကျပ်တထောင်နှင့် အလျှငွေထည့်ရမည်ဟု ပြောကြသည်။

ဝေဘာဂီဆေးရုံရှိ ဓာတ်ခွဲခန်းနှင့်ဓာတ်မှန်ခန်းများတွင် အသုံးပြုသည့်စက်ကိရိယာများမှာ ကုလသမဂ္ဂအဖွဲ့အစည်းများမှ လှူဒါန်းထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံရှိ အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံနေရသူများအတွက် MSF-Holland, PSI, AHRN, AZG စသည့် အန်ဂျီအိုများက ဆေးဝါးကုသခြင်းနှင့်အထောက်အကူပြုခြင်းတို့ကိုပြုလုပ်လျက်ရှိသည်။ ဆေးစစ်ရောဂါရှာဖွေရေးနှင့် ကူညီမှုများပေးရောက်ရေးနှင့် စစ်အစိုးရအနေဖြင့် ဆေးခန်းဝေဒနာရှင်များအား ကူညီထောက်ပံ့ပေးနေသည့် အန်ဂျီအိုများကိုလည်း လုပ်ပိုင်ခွင့်များပေးသင့်ကြောင်း ဒေသခံတဦးက ပြောဆိုခဲ့သည်။ မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူပေါင်း သုံးသိန်းကျော်ရှိသည်ဟုခန့်မှန်းထားပြီး ပြည်သူ့ကျန်းမာရေးဆိုင်ရာ အခြေခံလိုအပ်ချက်များမှာ အရေးကြီးသည်ဟု သိရသည်။ ❖

တနေ့မှာ (၄) ဝင်းတင့်ထွန်းအောင်ပါမှ ...

ကိုယ်တော်မှိုင်းရဲ့ ရုပ်ပုံတွဲစာဝန်ရှိခြင်သောချက်တွေလုံးတွေပိုတချို့ကို ဖျတ်ကနဲအမှတ်ရမိလိုက်ပါတယ်။ အမေရေးသားပြုစုခဲ့တဲ့ 'ဆရာကြီးသခင်ကိုယ်တော်မှိုင်း' အထ္ထုပ္ပတ္တိစာအုပ်ကြီးထဲမှာပဲလို့ ထင်မိနေပါတယ်။ အဲဒီကတော့.... ' .... ဗမာပီသတဲ့ ရုပ်ဆိုတာ ဘယ်လိုဟာလဲမေးလာရင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ထိုးပြလိုက်စမ်းပါ ဆရာကြီးရဲ့ရုပ်ရည်ဟာ အင်မတန် ဗမာပီသလှပါတယ်။ ဆရာကြီးရဲ့နှာတံဟာ သေးသေးရှာရှာ ပန်းပုထုပြီးတင်ထားသလို ပြောင်ပြောင်စင်စင်နဲ့ နှာတံပေါ်ပေါ် လှလှပပါတယ်' လို့ ဆိုတဲ့ဖွဲ့ဆိုရေးသားထားချက်ပါပဲ။ တိတိကျကျတော့မမှတ်မိတော့ပါ။ အမေရေးထုတ်တဲ့အမောက်ိုယ်တိုင် ရေးသားခြင်းဟာလို့ပဲ စိတ်ထဲမှာ စွဲစွဲမြဲမြဲထင်နေမိခဲ့ပါတယ်။

အဲဒီလိုပဲ အမေလူထုဒေါ်အမာကိုပဲ လေးလေးစားစားငေးမောကြည့်မိရင်း.... ကျနော်က 'ဗမာအမျိုးသမီးတယောက်ရဲ့ ရုပ်ပုံဟာ ဘယ်လိုများပါလဲလို့ နိုင်ငံခြားသားအိမ်မှာတဲ့ လေ့လာတဲ့ရှိုလိုဉ္စ ကျိုးဦးကများမေးလာရင် ကျနော်တို့ရဲ့ အမေလူထုဒေါ်အမာရဲ့ရုပ်ပုံကိုပဲ နမူနာအဖြစ် ထိုးပြလိုက်စမ်းပါ....' လို့ပဲပြောလိုက်ချင်ပါတယ်။ အမေလူထုဒေါ်အမာရဲ့မျက်နှာဟာ အင်မတန် ဗမာပီသလှပါတယ်။ ထူးထူးခြားခြားပေါ်လွင်နေတာကလဲ နှာတံလို့ပဲထင်ပါတယ်။ မျက်ခုံးမွေးကလဲ ရှည်လျားလှတဲ့ နှာတံနဲ့လိုက်ဖက်ညီအောင် ပေါ်ပေါ်လွင်လွင်ရှိလှပါတယ်။

အမေလူထုဒေါ်အမာက ကျနော်တို့ကို လက်ဖက်ရည်တွေ မုန့်တွေနဲ့လည်းဧည့်ခံလိုက်ပုံမှာ (လက်ဖက်ရည်အချိုတွေ မုန့်ပဲသရေစာတွေနဲ့ မဆီမဆိုင်နိုင်လိုက်တာလို့ပဲ ဆိုချင်ဆို) အညာထွက်ပစ္စည်းစစ်စစ် အညာစီးချိုအီးတွေနဲ့လည်း ဧည့်ခံလိုက်ပါသေးတယ်။ စီးချိုအီးတွေကို ပန်းကန်ပြားလေးထဲမှာထည့်လို့ပေါ့။

အမေလူထုဒေါ်အမာဆီကို ကျနော်တို့လာခဲ့ကြတာက အမေ့ကိုလာရောက်နှုတ်ဆက်ရင်းကကားစမြည်ပြောချင်လို့သာမက ကျနော်တို့ ပြည်သူ့ကိုးတက်ရေးပါတီရဲ့မည်းလှုပ်ရှားနေပြီ ထိုင်းအတွက် ပါတီရဲ့ငွေအလှူငွေတည်ဖို့ လာရောက်အလှူခံကြတာလဲ အကြောင်းတချက်အဖြစ်ပါပါတယ်။

အမေက ပြည်သူ့ကိုးတက်ရေးပါတီအတွက် အလှူငွေ (၂၀၀) လားပဲ ထည့်လိုက်ပါသေးတယ်။ အဲဒီတုန်းက အလှူငွေ (၂၀၀) ဆိုတာ သိပ်နည်းလှတဲ့ငွေမဟုတ်ပါ။ ပါတီဖွဲ့စည်းမှတ်ပုံတင်ကြေးတရုံးမှ ကျပ် (၅၀၀) ပဲသတ်မှတ်ထားတဲ့ အချိန်မဟုတ်လား။

(၄)

ပြည်တွင်းမှာ နေလို့မရတော့လို့ ပြည်ပကိုထွက်လာရတော့တဲ့အချိန်အထိ ကျနော် နောက်ဆုံးထွက်လာခဲ့ရတဲ့နေ့ရာဟာလဲ မန္တလေးပါပဲ။ အခုလို နှင်းတွေ တဖွဲဖွဲစွေ နေတဲ့ဆောင်းတွင်းကာလကြီးမှာပါပဲ။ အဖျက်တောင် မလာတတ်သေးတဲ့ ဆောင်းတွင်း နံနက်စောစော မြူငိုင်ဝေဝေတွေကြားထဲမှာ လွမ်းစရာမန္တလေးကို ဆွတ်ဆွတ်ကျင်ကျင် နှုတ်ဆက်ခဲ့ရပါတယ်။ ကျနော်ငယ်ငယ်တုန်းက ကစားခဲ့ရတဲ့မြို့ကွင်း မန္တလေးနန်းမြို့ရိုးနဲ့ ကျုံးရိုးပလ္လင်ပြင်ကိုညီညီ ပူဇာ မလင်းနိုင်သေးတဲ့ အမှောင်ထဲတွေကြားထဲမှာ မှိုင်းမှုန်ဝေရီကျန်ရစ်ခဲ့ပါတယ်။

နယ်စပ်ဒေသကိုမြင်းဆီရောက်လာပြီးတဲ့ နောက်ပိုင်းမှာလည်း အမေလူထုဒေါ်အမာရဲ့ အသံကို လေလှိုင်းပေါ်တွေကတဆင့် အခါအားလျော်စွာကြားနေရပါတယ်။ အမေလူထုဒေါ်အမာရဲ့ (၈၀) ပြည့်မွေးနေ့ .... (၉၀) ပြည့်မွေးနေ့.... စသဖြင့် စသဖြင့်တွေ သာမက အခါအားလျော်စွာ ပြည်တွင်းအခြေအနေတွေနဲ့ပတ်သက်တဲ့ ဝီဇီတရေစီရေး အဖြစ်အပျက်တွေနဲ့ပတ်သက်တဲ့ အမေလူထုဒေါ်အမာရဲ့အမြင် လူထုဒေါ်အမာရဲ့သဘောထား လူထုဒေါ်အမာရဲ့အသံတွေ....

အသက်အရွယ်တွေ ဘယ်လောက်ကြီးကြီး ဓာတ်ရာတွေဘယ်လောက်ဆောက်ဆောက် ဒေါ်အမာဆိုတဲ့နာမည်နဲ့ ပညာတ်သွားရာ ဓာတ်သက်ပါလောက်အောင် ကိုက်ညီနေ လွန်းလှတဲ့ အမေဒေါ်အမာရဲ့ နိုင်မာလွန်းလှတဲ့ လူထုရပ်တည်ချက် လူထုအတွက် အသံတွေကဖြင့်.... ကြားရ ကြားရတော့တိုင်း ဦးညွှတ်ခဲ့ရပါတယ်။

ဒါကြောင့်ပဲ 'လူထုဒေါ်အမာ' ဆိုတာ 'လူထုဒေါ်အမာဖြစ်နေရတာကိုး .... လို့လည်း ရင်ထဲကပဲ နှတ်နှတ်မြိုင်မြိုင်၊ ကျေကျေနပ်နပ်နားလည်ခဲ့ရပါတယ် ....။ ။

(ဝင်းတင့်ထွန်း)
၁၅-၁၁-၂၀၀၇

(ဧပြီလ (၂၉) ရက်နေ့မှာ ကျ ရောက်မည့် အမေလူထုဒေါ်အမာရဲ့ အသက် (၉၂) နှစ်မြောက်မွေးနေ့ကို အထိမ်းအမှတ် ပြုဦးညွှတ်လိုက်ပါတယ်။) ❖

နအဖစစ်အစိုးရ၏အုပ်ချုပ်မှုအောက်တွင်

တိုင်းရင်းသားစာပေနှင့်ယဥ်ကျေးမှုများ ပျောက်ကွယ်ဖွယ်ရာရှိ

ယခုအခါတွင် စစ်အစိုးရသည်တိုင်းရင်းသားစာပေနှင့်ယဥ်ကျေးမှုအဖွဲ့များအားတင်းကျပ်ကိုင်မှုများပြုလုပ်ကာ တိုင်းရင်းသားလူမျိုးစုတို့၏ အစဉ်အလာပုံများကိုလည်း အတင်းအဓမ္မပြောင်းလဲမှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။

မွန်တိုင်းရင်းသားစာပေနှင့်ယဥ်ကျေးမှုအဖွဲ့သား စစ်အာဏာပိုင်များက တရားဝင်ဖျက်သိမ်းရန် ပြောဆိုခြင်းမရှိသော်လည်း အသင်းအဖွဲ့ဆိုင်ရာမှတ်ပုံတင်သက်တမ်းကို တိုးပေးခြင်းမရှိကြောင်း မွန်ပြည်သစ်ပါတီ၏ နိုင်ငံခြားရေးတာဝန်ခံ နိုင်အောင်မင်းက ပြောသည်။

"တရားဝင်သက်တမ်းတိုးခွင့်မပြုဘူးဆိုတော့ ဖျက်သိမ်းတာနဲ့အတူတူပဲပေါ့။ အသင်းအဖွဲ့ဆိုင်ရာ မှတ်ပုံတင်သက်တမ်းက တနှစ်တခါတိုးရတာ။ မွန်စာပေနဲ့ယဉ်ကျေးမှုအဖွဲ့တွေအနေနဲ့ အရင်ကတရားဝင်ခွင့်ပြုထားတာ ပေါ်လမြိုင်၊ ကျိုက်မရော၊ ဘားအံမြို့နယ်တွေရှိပါ" ဟု နိုင်အောင်မင်းက ပြောဆိုခဲ့သည်။

လွန်ခဲ့သည့်တလခန့်ကပင် မွန်ပြည်နယ်မြို့တော် ပေါ်လမြိုင်ရှိ မွန်ယဉ်ကျေးမှုပြတိုက်ကိုလည်း စစ်အစိုးရက ရွှေ့ပြောင်းရန် ဓာတ်ထနနှင့်ယဉ်ကျေးမှုပြတိုက်အဖြစ် အမည်ပြောင်းလဲလိုက်သည်။ ပေါ်လမြိုင်မြို့ တံတားထိပ်တွင်ရှိသည့် မွန်အမျိုးသား ဟင်္သာရုပ်ပုံကိုလည်း အာဏာပိုင်များက လွန်ခဲ့သည့် (၆) လခန့်တွင် ဖြုတ်ပစ်ချင်းဖြင့်ကာ ရွှေ့ပြောင်းလဲခဲ့သည့်အတွက် မွန်လူထုမှာ စိတ်ဝေဒနာဖြစ်လျက်ရှိကြောင်း သိရသည်။

အလားတူပင် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကိုလည်း အာဏာပိုင်များက သက်တမ်းတိုးမပေးကြောင်း ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီဝင် ဦးကျော်ဝင်းက "အခု အစိုးရလုပ်တဲ့ပုံစံကို ထုံးစဉ်လက်မခံနိုင်ပါဘူး။ ကျနော်တို့အဖွဲ့ကို ဖြိုလုပ်ကိုင်ခွင့်ရလာအောင် ကြိုးစားသွားပါမယ်။ ကရင်လူမျိုးရှိနေသရွေ့ ကရင်ယဉ်ကျေးမှုလည်းရှိနေရမှာဖြစ်ပါတယ်" ဟု ပြောဆိုခဲ့သည်။

ယခုကဲ့သို့ သက်တမ်းတိုးမပေးသည့် တိုင်းရင်းသားအဖွဲ့များတွင် ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့လည်းပါဝင်ကြောင်းသိရသည်။

အဖွဲ့အစည်းဆိုင်ရာမှတ်ပုံတင်သက်တမ်းတိုးခြင်းကို အင်းဆိုင်ရာတိုင်းရင်းသားအဖွဲ့များက (၂၀၀၇) ခုနှစ် နှစ်လည်ခန့်ကပင် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြထားသော်လည်း ယခုအချိန်ထိ အကြောင်းပြန်ချက်မရှိဘဲ အာဏာပိုင်များကပြင်းဆိုနေပြီး ထုတ်ပြန်မှုလည်းမရှိသောကြောင်းသိရသည်။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွင် နအဖစစ်အစိုးရမှ ယခုကဲ့သို့တိုင်းရင်းသားများအားကိုင်တွယ်မှုသည် အခက်အခဲများကပါဝင်လာနိုင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်သည်။

စစ်အစိုးရအထောက်အပံ့ဖြင့်ကျင်းပမည့် နာဂနှစ်သစ်ကူးပွဲတော်ကို သပိတ်မှောက်

မြန်မာနိုင်ငံအနောက်ဘက်တောင်တန်းများတွင်အခြေချနေထိုင်သည့်နာဂတိုင်းရင်းသားများ

စစ်ကိုင်းတိုင်း၊ လေရှီးမြို့တွင် စစ်အစိုးရ၏အထောက်အပံ့ဖြင့်ကျင်းပမည့် နှစ်သစ်ကူးပွဲတော်သို့ နာဂတိုင်းရင်းသားများအပါအဝင် အခြားလူမျိုးစုများနှင့် နိုင်ငံခြားသားများသွားရောက်လည်ပတ်ခြင်းမပြုရန် ဂျူနိုက်ထ်ဖြစ်ပြီး နာဂအမျိုးသားဒီမိုကရက်တစ်အဖွဲ့ (အဲန်အဲန်ဒီအိုက်) မှ ယခုလ (၉) ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ကာ ပြောဆိုခဲ့သည်။

အဲန်အဲန်ဒီအိုအဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် နအဖစစ်အစိုးရမှ နာဂတိုင်းရင်းသားများ၏ရိုးရာအစဉ်အလာအပေါ် ၎င်းတို့အကျိုးစီးပွားအတွက် အမြတ်ထုတ်ခြင်းဖြစ်ကြောင်းပေါ်ပြထားသည်။ ထို့ပြင် ယင်းနှစ်သစ်ကူးပွဲတော်ကျင်းပရာတွင် နာဂတိုင်းရင်းသားများ၏ဆုံလိုက်ထားကိုလည်း အတင်းအဓမ္မအသုံးပြုခဲ့သည်ဟု ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက နာဂတိုင်းရင်းသားများသည် အိန္ဒိယနိုင်ငံနှင့် ဆက်စပ်နေသည့် မြန်မာနိုင်ငံအနောက်ဘက် ရှိတောင်တန်းများတွင် အခြေချနေထိုင်ခဲ့ကြပြီး နာဂတိုင်းရင်းသားတသိန်းခွဲခန့်သောင်း ကျော်မိုတင်းနေထိုင်လျှက်ရှိပြီး အဓိကကျသည့် အမျိုးအနွယ် (၁၂) မျိုးနှင့် အခြား မျိုးနွယ်စုများလည်းပါဝင်သည်ဟု သိရသည်။

ပင်လယ်ကြီး သင်ဖျူးဖျာခင်းသလို ငြိမ်နေရင်ဖြင့် ...

အမိန့်ဆိုသောစကားကိုပြောလိုပါသည်။ တပ်မတော်သားတိုင်း အမိန့်ကို နာခံရမည်မှာ ငြင်းစရာမလိုပါ။ သို့သော် ကောင်းသောအမိန့်နှင့် မကောင်းသော အမိန့်ကိုမူ ခွဲခြားသုံးသပ်ရန်လိုပါသည်။ တပ်မတော်သားတယောက်သည် ပြည်သူ့ဝန်ထမ်းဖြစ်၊ ဗိုလ်ချုပ်မှူးကြီးမိသားစုတာဝန်ကို ထမ်းဆောင်နေရမည့်တာဝန်မရှိပါ။ အမိန့်သည် တိုင်းသူပြည်သား၊ ရဟန်းရှင်လူများအတွက် ကောင်းကျိုးဖြစ်စေသလား၊ ဆိုးကျိုးဖြစ်စေသလားဆိုသည်ကို အနည်းဆုံး အဆင့်ရွေးချယ်တတ်ရမည်ဖြစ်သည် ...။

စာမျက်နှာ (၂၀) ကော်လံ (၀) သို့...

သတင်းတိုထွာ

၁၀၅ မိုင် အကောက်ခွန်ဝန်ထမ်းများ လာဘ်စားမှုဖြင့် ဖမ်းဆီးခံရ

(၂၀၀၇) ခုနှစ် နိုဝင်ဘာလအတွင်းက ရှမ်းပြည်မြောက်ပိုင်း တရုတ်-မြန်မာနယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်တွင်တာဝန်ကျနေသည့် နယ်စပ်ကုန်သွယ်ရေးနှင့်အကောက်ခွန်ဦးစီးဌာနမှအရာရှိဝန်ထမ်း (၃) ဦးအထိမနည်းကိုဖမ်းဆီးလိုက်သည်။

အစ်မာနှင့်အစ်တောထွက်ပစ္စည်းများ၊ အင်ကြင်းကျောက်များ၊ ကျောက်စိမ်းများတင်ဆောင်လာသည့်ကုန်တင်ကားများကို လာဘ်ငွေသိန်းပေါင်းများစွာယူ၍ တရုတ်ပြည်ဘက်သို့ဖြတ်သန်းခွင့်ပေးမှုတွင်ပါဝင်ပတ်သက်မှုရှိခြင်းကြောင့် ၎င်းဝန်ထမ်းများကိုဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

ယင်းဖမ်းဆီးမှုတွင် မကြာသေးခင်က မူဆယ် (၁၀၅) မိုင်ဂိတ်သို့ တာဝန်ကျရောက်ရှိလာသည့် အကောက်ခွန်မှူး ဦးဇော်ဇော်ဟန်နှင့် ဒု-အကောက်ခွန်မှူး ဦးသန်းဇော်နိုင်တို့မှာ ဖမ်းဆီးမည့်သတင်းအားကြိုတင်သိရှိ၍ တရုတ်ပြည်ဘက်သို့ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ယခုလာဘ်စားမှုဇာတ်ကွင်း၌ ရဲတပ်ဖွဲ့ဝင်များပါဝင်သည်ဟုသိရပြီး တာဝန်ထမ်းဆောင်မှုမကျေပွန်သောကြောင့်ဖြစ်ပြီး ရဲတပ်ဖွဲ့ဝင် (၄) ဦးအားလည်း ဖမ်းဆီးထားကြောင်းသိရသည်။

ယခုအခါတွင် ယင်းအဖမ်းအဆီးအခြေအနေများကြောင့် (၁၀၅) မိုင်ဂိတ်တွင် ကုန်စည်စီးဆင်းမှုများနှေးကွေးသွားကြောင်း ကုန်သည်များကပြောပြသည်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်တွင် မကြာခဏလာဘ်စားမှု ဖမ်းဆီးအရေးယူမှုများဖြစ်ပွားလျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကိုလည်း (၃) လတကြိမ် (၆) လတကြိမ် ပြောင်းလဲတာဝန်ချထားလျက်ရှိသည်။ ❖

အထက်မြန်မာပြည်မန္တလေးတွင် နအဖအာဘော်ဂျာနယ်များပေါ်ထွက်

မြန်မာပြည်အလယ်ပိုင်းဖြစ်သည့် မန္တလေးမြို့တွင် နအဖစစ်အစိုးရ၏အာဘော်များကို ထင်ဟပ်စေသည့်သတင်းဂျာနယ်များပေါ်ထွက်လာကြောင်းသိရသည်။

ယခုလ (၁၀) ရက်နေ့မှစတင်ကာ အသစ်ထုတ်ဝေသည့် ပန်းအရွာဂျာနယ်၊ ရွှေမန္တလေး၊ Upper Myanmar မန္တလေးတိုင်းမ်း၊ မန္တလေးတောင်ရိုးပိုး၊ နန်းမြို့အစရှိသည့်သတင်းဂျာနယ်များသည် စစ်အစိုးရ၏အာဘော်များကို ဖောင်းပေးဖော်ပြသည့်သတင်းများ၊ ဆောင်းပါးများနှင့်ကြံ့ခိုင်ရေးအဖွဲ့၏လုပ်ဆောင်ချက်များကိုသာ အသားပေးဖော်ပြသည့်သတင်းများကိုသာဖော်ပြသည်။

မီဒီယာသည် အမှန်တရားကို ပြည်သူလူထုထံသို့အသိပေးသည့်ကြားခံတခုဖြစ်သော်လည်း နအဖအစိုးရသည် အမှန်တရားကိုဖုံးကွယ်ပြီး ၎င်းတို့၏ဝါဒဖြန့်ရာတွင် လက်နက်အဖြစ်အသုံးချနေသည်။

နအဖစစ်အစိုးရသည် ၎င်းတို့၏ကျောထောက်နောက်ခံအင်အားစုများကို လုပ်ပိုင်ခွင့်များတဖက်သတ်ပေးနေသော်လည်း အတိုက်အခံပါတီကြီးတခုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ယခုလ (၄) ရက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်းကို စာပေစိစစ်ရေး၏အကြောင်းပြချက်ဖြင့် ဖိုက်မြှုပ်ထိန်းချုပ်မှုတာဖြစ်ခဲ့သည်။❖

တရုတ်ပြည်တွင်းလုပ်စစ်ကားများ နယ်စပ်သို့ ထပ်မံရောက်ရှိ

တရုတ်နိုင်ငံလုပ် FAW တံဆိပ်ပါ မြော်ဂါးတင်စစ်ကား အစီး (၁၀၀) ကျော်သည် တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့သို့ထပ်မံကျယ်လောင်ရောက်ရှိလာသည်ဟုသိရသည်။ ယင်းစစ်ကားများသည် (၂၀၀၇) ခုနှစ် အောက်တိုဘာလ ဒုတိယအပတ်အတွင်းက မြန်မာနိုင်ငံဘက်သို့လွှဲပြောင်းပေးခဲ့သည့်ကားများနှင့် ပုံစံတူများဖြစ်သည်ဟု ကျယ်ဝေါင်းသေချာစွာသိရသည်။

တရုတ်ပြည်တွင်းလုပ် (FAW/ LJC/ LIFAN/ DONG FENG) တံဆိပ်ပါ စစ်သုံးကားများကို (၂၀၀၁) ခုနှစ်မှစတင်၍ မြန်မာဘက်သို့ပေးပို့နေခြင်းဖြစ်ပြီး တကြိမ်လျှင် အနည်းဆုံး အစီး (၁၀၀) ထက်မနည်းပို့ဆောင်လျက်ရှိသည်။ အဆိုပါကားငယ်များအား မြန်မာနိုင်ငံတွင်းရှိ စစ်တပ်များနှင့် ငြိမ်းချမ်းရေးအဖွဲ့များတွင်အသုံးပြုနေကြသည်ဟု စစ်တပ်နှင့်နီးစပ်သူများ၏အဆိုအရသိရသည်။

တရုတ်ပြည်ဘက်မှ စစ်ထရပ်ကား၊ စစ်ယာဉ်များ မကြာခဏမြန်မာနိုင်ငံဘက်တွင်းသို့ အလုံးအရင်းဖြင့်ပေးပို့နေသော်လည်း မည်ကဲ့သို့ရောင်းချနေသည်ကိုမူ ရှင်းရှင်းလင်းလင်းမသိရဘဲ တရုတ်နှင့်မြန်မာနှစ်ဘက်အစိုးရများကလည်း အဆိုပါကိစ္စများနှင့်ပတ်သက်၍ မည်သို့မျှထုတ်ဖော်ပြောဆိုခြင်းမရှိခဲ့ပေ။ ❖

မြန်မာနိုင်ငံတွင်း လူမှောင်ခိုကူးမှု ဖြစ်ပွားနေကြောင်း စစ်အစိုးရဝန်ခံပြောဆို

ရန်ကုန်တိုင်းအနောက်ပိုင်းခရိုင်မြို့နယ်တွင် အမျိုးသမီး (၄) ဦးအား တရုတ်နိုင်ငံသို့ ခိုးကူးရောင်းချခဲ့သည့် ဖန်မောင်နှင့်ဦးအား အမျိုးသမီးရေးရာနှင့်အန်လျှင်ရဲတပ်ဖွဲ့မှဖမ်းဆီးလိုက်ကြောင်း ကြေးမုံသတင်းစာတွင်ဖော်ပြထားသည်။ အန်လျှင်မြို့နယ် ဘုရားကုန်းကျေးရွာတွင်နေထိုင်သူ ကျော်ကျော် (ခေါ်) ကျော်ကြီးနှင့် ၎င်း၏ဇနီးဖြစ်သူ မဥမ္မာ (ခေါ်) ခင်ဥမ္မာဝေတို့သည် အန်လျှင်မြို့ရှိ အမျိုးသမီး (၄) ဦးအား တရုတ်နိုင်ငံတွင် အိမ်ဖော်အဖြစ်လုပ်ကိုင်ရန် ကားတစီးဖြင့်ခေါ်ဆောင်လာစဉ် အန်လျှင်မြို့အထွက်၌ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သို့ရောက်ရှိသွားခဲ့သည့် မြန်မာအမျိုးသမီးများသည် ပြည့်တန်ဆာရုံများတွင် ရောင်းစားခြင်းများခံရသလို တရုတ်အက်ကြီးရွယ်အိုများဖြင့် အတင်းအဓမ္မပေးစားခြင်းများကိုခံရကြောင်း တရုတ်-မြန်မာနယ်စပ်တွင်နေထိုင်သည့် မြန်မာအမျိုးသမီးတဦးကပြောဆိုခဲ့သည်။ မြန်မာအမျိုးသမီးများ၏ဘဝမြှင့်မားလာပြီး ယခုကဲ့သို့အဖြစ်ဆိုးများဖြင့်ကင်းဝေးရန် တိုင်းပြည်စီးပွားရေးအကျပ်အတည်းကို အရင်ဦးစွာဖြေရှင်းပေးရန်လိုအပ်သည်ဟု အမျိုးသမီးများအခွင့်အရေးနှင့်ပတ်သက်၍ဆောင်ရွက်ပေးနေသည့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ မနန်းယဉ်ကပြောဆိုခဲ့သည်။ မြန်မာနိုင်ငံသည် လူမှောင်ခိုကူးမှုဆိုးဆိုးရွားရွားဖြစ်ပွားနေသည့်နိုင်ငံများစာရင်းတွင်ပါဝင်ကြောင်း ယခုနှစ်ထုတ်ပြန်ခဲ့သည့် အမေရိကန်ပြည်ထောင်စုအစိုးရ၏ လူ့အခွင့်အရေးအစီရင်ခံစာတွင်ဖော်ပြထားခဲ့သည်။ ❖

စစ်ကျွန်အဖြစ်
နှိမ်နှစ်ပယ်

ကမ္ဘာတဝှမ်း သတင်းသမားများအသတ်ခံရမှုတွင် အာရှကဒုတိယဟု အာရ်အက်စ်အက်ဖ်အစီရင်ခံ

မြန်မာပြည်စက်တင်ဘာအရေးအခင်းအတွင်းအသတ်ခံလိုက်ရသည့်ဂျပန်သတင်းထောက်

၂၀၀၇ ခုနှစ်အတွင်း ကမ္ဘာတဝှမ်းတွင် သတင်းသမား (၈၆) ဦး အသတ်ခံခဲ့ရပြီး (၄၀) ဦးသည် အရှေ့အလယ်ပိုင်းဒေသတွင်သေဆုံးခဲ့ခြင်းဖြစ်ပြီး အခြား (၁၇) ဦးမှာ အာရှနိုင်ငံများတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်အခြေစိုက် နယ်မြားမဲ့သတင်းထောက်များအဖွဲ့ (အာရ်အက်စ်အက်ဖ်) က အစီရင်ခံသည်။

ပြီးခဲ့သည့်နှစ်အတွင်း သတင်းထောက်အများစုသေဆုံးခဲ့ရသောနိုင်ငံသည် အီရတ်နိုင်ငံဖြစ်ပြီး သေဆုံးသူသတင်းထောက်စုစုပေါင်း၏ တဝက်ကျော် (၄၇) ဦးရှိကာ အမေရိကန်က အီရတ်ကိုဝင်ရောက်တိုက်ခိုက်ခဲ့သည့် ၂၀၀၃ ခုနှစ်၊ မတ်လမှ စတင်ရေတွက်လျှင် (၂၀၇) ဦးရှိသွားပြီဟုဆိုသည်။

အာရှနိုင်ငံများဖြစ်သော မြန်မာ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ သီရိလင်္ကာ၊ ဖိလစ်ပိုင်၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်တို့တွင်လည်း ယမန်နှစ်က သတင်းသမား (၁၇) ဦး သေဆုံးခဲ့သည်။ မြန်မာနိုင်ငံတွင် စက်တင်ဘာအရေးအခင်းအတွင်းက ဂျပန်သတင်းထောက် မစ္စတာနာဂါအိကန်ဂျီ သေဆုံးခဲ့ခြင်းဖြစ်သည်။

နယ်မြားမဲ့သတင်းထောက်များအဖွဲ့ အစီရင်ခံစာတွင် စက်တင်ဘာအရေးအခင်းအတွင်း စစ်အစိုးရအင်တာနက်မီဒီယာများကို ပိတ်ပင်ခဲ့ခြင်း၊ သတင်းထောက်များ၏ ကင်မရာများ၊ ဖုန်းများနှင့် အခြားမီဒီယာလုပ်ငန်းသုံးကိရိယာများကို အာဏာပိုင်များက သိမ်းဆည်းခြင်းများကိုဖော်ပြထားသော်လည်း မြန်မာပြည်တွင်အဖမ်းခံသူ အရေအတွက်ကို ဖော်ပြထားခြင်းမရှိပါ။

မြန်မာသတင်းသမားများ အထွေထွေအတွင်းရေးမှူး ဦးစိုးမြင့်က ပြီးခဲ့သည့်စက်တင်ဘာအရေးအခင်းအတွင်းနှင့် အရေးအခင်းနောက်ပိုင်းတွင် မြန်မာပြည်တွင် သတင်းလုပ်ငန်းနှင့်ဆက်စပ်၍ အဖမ်းခံထားရသူ အနည်းဆုံး (၉) ဦးရှိကြောင်း၊ ၎င်းတို့၏ မိသားစုများလည်း ယခုတိုင် ဖမ်းဆီးစစ်ဆေးခံနေရဆဲဖြစ်ကြောင်းပြောသည်။

အစီရင်ခံစာအရ ပြီးခဲ့သည့်နှစ်အတွင်း အင်တာနက်မီဒီယာကို ကန့်သတ်ထိန်းချုပ်ရာတွင်တရုတ်နိုင်ငံသည် ချန်ပီယံဖြစ်ပြီး မြန်မာနှင့်ဆီးရီးယားတို့က တရုတ်နောက်ကလိုက်သည်ဟုဆိုသည်။ ပြီးခဲ့သည့်နှစ် ကမ္ဘာတဝှမ်းတွင်အပိတ်ခံခဲ့ရသော မီဒီယာခွဲပေါင်း (၉၁၂) ခုနှစ်ပြီး ကမ္ဘာတဝှမ်းပိတ်ပင်ခံခဲ့ရသောအင်တာနက်ဝက်ဆိုက်နှင့် ဘလော့ပေါင်း (၂၆၀၀) ရှိသည်ဟုဆိုသည်။

နယ်မြားမဲ့သတင်းထောက်များအဖွဲ့ အစီရင်ခံစာတွင် ယမန်နှစ်က လုပ်ငန်းခွင်အတွင်းသေဆုံးသူသတင်းသမား (၈၆) ဦးအပြင် သတင်းသမားများကို အကူအညီပေးသူ (၂၀) ကျော်လည်း အသတ်ခံခဲ့ရသည်ဟုဖော်ပြထားသည်။ ၎င်းတို့တွင် သတင်းသမားများကိုအကူအညီပေးနေသော စကားပြန်များ၊ ဓာတ်ပုံဆရာများ၊ ဒရိုင်ဘာများပါဝင်သည်။

၎င်းအပြင် ယမန်နှစ်က ကမ္ဘာတဝှမ်းတွင် အဖမ်းခံခဲ့ရသောသတင်းသမား (၈၈၇) ဦး၊ ခြိမ်းခြောက်တိုက်ခိုက်ခံရသူ (၁၅၁၁) ဦး၊ ပြန်ပေးဆွဲခံရသူ (၆၇) ဦးရှိပြီး ယမန်နှစ်ထက် အခြေအနေပိုဆိုးလာသည်ဟုဆိုသည်။ (၂၀၀၆) ခုနှစ်က သတင်းသမား (၈၅) ဦးနှင့် မီဒီယာကိုအကူအညီပေးသူ (၃၂) ဦးအသတ်ခံရပြီး (၈၇၁) ဦးအဖမ်းခံသည်။ (၁၄၇၂) ဦး တိုက်ခိုက်ခြိမ်းခြောက်ခံရပြီး (၅၆) ဦး ပြန်ပေးဆွဲခံရသည်။

❖

တရှောင်ရှာ (၈) ဦးမြို့ကျော်မြို့တော်ဝန်ထံမှ ...

လိုလုပ်ကြမလဲ" ဟုဆိုတွင် ဦးတိမ်တောင်က အခြေအနေအချိန်အခါနှင့်လိုက်ညီစွာတော်လှန်ကိုတက်သောအမြင်ဖြင့် ဤသို့ ခပ်ပြတ်ပြတ်နှိုင်းချုပ်၏။ "ဟာဦးမြို့ကျော်ကြီးရာ၊ အရှင်ထွက်မထွက်ရင် အသေထွက်ထွက်ဖို့ပဲရှိတော့တယ်။ သူ့ဘာသာသူသေပြီး အသေထွက်ထွက်ရင်တွက် ဖိမှမဟုတ်ရင်တော့ လူနာကို ကယ်တင်ဖို့ လူနာဗိုက်ထဲကသန်ကောင်ကို မရှိဲဘာ မရှောင်သာ သိမ့်ရှေးစေဖျော်ဆိုလုပ်ရမှာပဲ။

တိုင်းသူပြည်သားတွေကို ကယ်တင်ဖို့ ဗိုလ်သန်းရွှေကို မလွှဲသာမရှောင်သာ အသေထွက်စေတော့ကြဲရပ်မှ ကွဲမှုရှိပဲရှိတော့တယ်။ ဒါဟာ အကုသိုလ်အလုပ်မဟုတ်ဘူး၊ ကုသိုလ်အလုပ်ပဲ၊ ကုသိုလ်အလုပ်"

မရှိုးသတ်ခင်ဗျား ....

ဦးတိမ်တောင်ကတော့ အပြတ်ပြောသွားပါပြီ။ ကျနော့်အဖို့ ယခင်ကလို ဟဲ .... ဟဲ .... ဟား .... ဟား .... မလုပ်နိုင်တော့ပါ။ ထို ရဲဘော်ကြီး အသင်ဘယ်သို့ အင်ကြံသနည်း။

အသင်ဘာကို လုပ်မည်နည်း။

ဦးမြို့ကျော်ကြီး
(ပုန်းခိုရာမြို့ ပြည်တွင်း)
၆-၁-၀၈

❖

အခုတလော မြန်မာပြည်မှာ ဗုံးတွေ တလုံးပြီးတလုံး ပေါက်နေတဲ့ကိစ္စအပေါ်မှာ တချို့က နအဖကအကြံအဖန်လုပ်နေတာလို့ ခန့်မှန်းကြပါတယ်။ နအဖကတော့ သောင်းကျန်းသူတွေ၊ အဖျက်သမားတွေရဲ့လက်ချက် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခဲ့ပါသေးတယ်။ ဒီတွေ့ဆုံမှုဟာ မစ္စတာဂမ်ဘာရီမလာခင် နစ်ဖက်ထိတွေ့မှုရှိကြောင်းပြဖို့ သက်သက်လို့ သုံးသပ်တာတွေရှိခဲ့ပြီး အခု ဆန်းစုကြည်ကို ပြန်လွှတ်ဖို့ မဖြစ်နိုင်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကိုပြန်လွှတ်လိုက်ရင် အနည်းဆုံး ဟန်ပြသဘောသွားနေတဲ့ တွေ့ဆုံဆွေးနွေးရေးအခြေအနေအပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်က ထုတ်ဖော်ဆိုခွင့်ရ အတိုင်း ကြံ့ခိုင်ရေး ရွှေမ်းစာရေး ဖိခင်နှင့်က လေးစောင်ရှောက်ရေးအသင်း မီးသတ် စသည့် စစ်အစိုးရ၏ ထောက်ခံသူနောက်ခံအဖွဲ့များနှင့် လုပ်ဆောင်သွားနိုင်ပါတယ်။ ဖက်တင်ဘာအရေးအခင်းကြောင့် စစ်အစိုးရရဲ့ တုံ့ဆိုင်းဆိုင်းပါတယ်။ အာဏာရှင်တွေကိုဖြုတ်ချဖို့နည်းလမ်းဟာ တွေ့ဆုံဆွေးနွေးရေးနည်းလမ်းမဟုတ်ဘူး။ နောင်ထပ်လူထုလှုပ်ရှားမှုတခုလိုဖြစ်တဲ့ လှုပ်ရှားတက်ကြွသူတွေအနေနဲ့ နောက်ထပ်ဆန္ဒပြပွဲတွေကိုပဲ မျှော်

ဗုံးတွေရဲ့နောက်ကွယ်မှာ...

ဒီအဖြစ်အပျက်တွေဟာ
တနေရာစီမှာ တသီးတခြားစီဆိုပေမယ့်
နောက်ကွယ်မှာတစုနဲ့တစု
ဆက်စပ်နေတယ်လို့ယူဆနိုင်ပါတယ်။
တိုင်းပြည်ကို
ကယောက်ကယက်အခြေအနေကနေ
ပုံမှန်ပြန်ထိန်းထားပြီးလို့ပြောနေရာက
ဗုံးတွေတလုံးပြီးတလုံးဖောက်ပြလိုက်ခြင်းဖြင့်
ဒီနောက်ကွယ်မှာ...

လို့ဆိုပါတယ်။ အရင်ကလည်း ဒီလို ထက် သည်းမပေါ်တဲ့ဗုံးတွေ မြန်မာပြည်မှာကွဲပြီးရင် အတိုက်အခံရော၊ စစ်အစိုးရရော မီဒီယာတွေမှာ အပြန်အလှန်စွပ်စွဲတာ မြန်မာပြည်မှာ ထုံးစံလိုဖြစ်နေပါပြီ။

နအဖဘက်ရဲ့လက်ချက်မှန်လျှင် စက်တင်ဘာအရေးအခင်းအပြီးမှာ တိုင်းပြည်ရဲ့ မတည်မငြိမ်အခြေအနေကို ပုံမှန်ပြန်ထိန်းနိုင်ပါပြီလို့ ဝါဒဖြန့်နေတာနဲ့ ကြောင်းမပြန်ဖြစ်နေတော့ ဒီကိစ္စအပေါ်မှာ ဓနစ်တကျသုံးသပ်ဖို့ လိုလာပါတယ်။ စစ်အစိုးရဟာ အရင်ကလည်း ရှေ့နောက်မညီတဲ့စကားတွေ ပြောလေ့ရှိပေမယ့် လတ်တလောကိစ္စမှာ ရှေ့ကျက်အကြံအစည်မရှိဘူးလို့ ဘယ်သူမှမပြောနိုင်ပါဘူး။

ဗုံးသတင်းတွေနဲ့ ရှေ့ဆင့်နောက်ဆင့်ထွက်ပေါ်လာတာက လုံခြုံရေးကောင်စီအစည်းအဝေးမှာ မစ္စတာဂမ်ဘာရီပြောသွားတဲ့စကားပါ။ လိုရင်းကတော့ သူက ဒီလ (ဇန်နဝါရီထဲ) မှာ မြန်မာပြည်သွားချင်တယ်။ စစ်အစိုးရက ခွင့်ပြုမယ်ဆိုရင် သူတို့အတွက် ပိုပြီးအဆင်ပြေမယ်လို့ ပြောထားတဲ့ကိစ္စပါ။ တကယ်လို့လုံခြုံရေးကောင်စီမှာ မြန်မာ့ရေး တင်ဆွေးနွေးတာမရှိခဲ့ရင် စစ်အစိုးရနဲ့ မစ္စတာဂမ်ဘာရီကြားမှာ ဆွေးနွေးနေတဲ့ကိစ္စကို သိနိုင်ဖို့ခက်ပါတယ်။ စစ်အစိုးရဟာ နိုင်ငံရေးစားကွက်ကို ရှေ့မှာတမျိုး နောက်ကွယ်မှာတမျိုး အစီအစဉ်ရှိရှိ လုပ်နေတာအသေချာပါတယ်။ ဒီနေရာမှာ စဉ်းစားသင့်တာက အရင်က မစ္စတာဂမ်ဘာရီရဲ့ မြန်မာပြည်ခရီးစဉ်တွေကို စစ်အစိုးရက မြန်မြန်ဆန်ဆန်ခွင့်ပေးခဲ့ပေမယ့် အခုခရီးစဉ်ကျမှ နောက်ဆယ် (၃) လကြာအောင် အာလို့ရှေ့တိုးရသလဲ။ စစ်အစိုးရဟာ သူတို့အတွက်အသုံးမဝင်ဘူးဆိုလျှင် ဘယ်ကုလသမဂ္ဂကိုယ်စားလှယ်ကိုမှ မြန်မာပြည်ဝင်ခွင့်ပေးခဲ့တာမဟုတ်ပါဘူး။ မစ္စတာဂမ်ဘာရီရဲ့ ပြီးခဲ့တဲ့ခရီးစဉ်တွေကိုပြန်ကြည့်ရင် ဒီမိုကရေစီလိုလားသူတွေအထက် စစ်အစိုးရအတွက်ပိုအကျိုးရှိသွားတာကိုပဲ မြင်ရမှာဖြစ်ပါတယ်။ သိသာထင်ရှားတဲ့ဥပမာကတော့ နစ်လကြာ လူထုလှုပ်ရှားမှုတွေ မစ္စတာဂမ်ဘာရီခရီးစဉ်ကြောင့် ရပ်သွားတာပဲဖြစ်ပါတယ်။

ဗုံးကိစ္စတွေမတိုင်ခင်မှာ စစ်အစိုးရရဲ့ အတိုက်အခံ ခေါင်းဆောင်များနဲ့ ဘယ်သူမှ သာမန်အတွေ့အကြုံရှိသူမှ ဘာကြောင့်လည်း ဆိုတာ တစ္စန်း တစ်စုံတစ်ခုကိုမှ ကျနော်တို့ မသိနိုင်ပါဘူး။ ဒီမတိုင်ခင်မှာ တရက်စောပြီး စစ်အစိုးရရဲ့ ရုပ်သေးအဖွဲ့တခုဖြစ်တဲ့ ပွဲစည်းတုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီရဲ့ (၄/ ၂၀၀၈) ကြိမ်မြောက်အစည်းအဝေးဆိုပြီး မြန်မာ့အလင်းသတင်းစာမှာဖော်ပြထားရှိပါတယ်။ အသေးစိတ် ဖော်ပြထားတာမဟုတ်ပါဘူး။ အဓိပ္ပါယ်ကတော့ စစ်အစိုးရက သူတို့ရဲ့ လမ်းပြမြေပုံကို ဆက်သွားနေတယ်ဆိုတဲ့ Message ကိုလူသိရှင်ကြား ထုတ်ပြောလိုက်တာပါ။ အခြေခံဥပဒေရေးဆွဲရေးကော်မတီ အစည်းအဝေးသတင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးအောင်ကြည် တွေ့ဆုံတဲ့သတင်းတို့မြန်မာ့အလင်းသတင်းစာမှာ ရက်ဆက်ထွက်ပေါ်လာတာဟာ သာမန်တိုက်ဆိုင်မှုလို့ မဆိုနိုင်ပါဘူး။

ဒီအဖြစ်အပျက်တွေဟာ တနေရာစီမှာ တသီးတခြားစီဆိုပေမယ့် နောက်ကွယ်မှာ တစုနဲ့တစု ဆက်စပ်နေတယ်လို့ယူဆနိုင်ပါတယ်။ တိုင်းပြည်ကို ကယောက်ကယက်အခြေအနေကနေ ပုံမှန်ပြန်ထိန်းထားပြီးလို့ ပြောနေရာက ဗုံးတွေတလုံးပြီးတလုံး ဖောက်ပြလိုက်ခြင်းဖြင့် ဒီနောက်ကွယ်မှာ (၁) ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးဖို့၊ တောင်းဆိုချက်တွေ (၂) မစ္စတာဂမ်ဘာရီရဲ့ မြန်မာပြည်ခရီးစဉ်ကိုရော မကြိုးသားဖြစ်သွားနိုင်ပါတယ်။ လတ်တလော ဗုံးတွေ ဆုံဆွေးနွေးပွဲတွေရဲ့ အနည်းဆုံးတိုးတက်မှုကိုပြသဖို့နည်းလမ်းကတော့ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ကနေပြန်လွှတ်ပေးဖို့ဆိုတာ စစ်အစိုးရကိုယ်တိုင် ရိပ်မိပြီးဖြစ်မှာပါ။ ဒီအခြေအနေကို ကျော်လွှားဖို့နည်းလမ်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက်အန္တရာယ်လုံခြုံရေးအကြောင်းပြချက်ဟာ လုပ်နိုးလုပ်စဉ်တွေထဲက တခုဖြစ်ပါတယ်။ (၂၀၀၃ ခုနှစ် ဒီပဲယင်းအရေးအခင်းအပြီးမှာလည်း ဒီအကြောင်းပြချက်နဲ့ပဲ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးခဲ့တာဖြစ်ပါတယ်။ နောက်မှ နိုင်ငံတော်လုံခြုံရေးဥပဒေအရ တနှစ်ပြီးတနှစ်ဆက်ဖမ်းထားတာဖြစ်ပါတယ်)။ လောလောဆယ်အခြေအနေမှာ စစ်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ဖို့ မဖြစ်နိုင်ပါဘူး ...

သွားနိုင်ပါတယ်။ ရှင်းရှင်းလင်းလင်းမရှိလှတဲ့ ဒီဆွေးနွေးပွဲတွေဟာ စက်တင်ဘာအရေးအခင်းကြောင့် တိုးလာတဲ့ ပြည်တွင်းပြည်ပ ဖိအားတွေအောက်က စစ်အစိုးရထက်ရှဲ ပေါက်ရသွားတာ သူတို့မှေ့ဦးမှာ မဟုတ်ပါဘူး။

မစ္စတာဂမ်ဘာရီကို ကြိုလာဖို့ ပြောနေခြင်းရဲ့နောက်ကွယ်မှာ တခြားလျှို့ဝှက်ချက်တွေရှိနိုင်ပါတယ်။ ညောင်နှစ်ပင်ညီလာခံမှာ အကြမ်းရေးဆွဲထားတဲ့ ဖွဲ့စည်းပုံဟာ တကယ်တော့ အဆင့်သင့်ရှိပြီးသား ဖွဲ့စည်းပုံလို့ ဥပဒေပညာရှင်တွေသုံးသပ်တာနဲ့ဆက်စပ်လိုက်ရင် ဦးအောင်တိုးဦးဆောင်တဲ့ ဖွဲ့စည်းပုံရေးဆွဲရေးကော်မတီက ဒီကိစ္စကို အချိန်မရွေး အချောသပ်ပြီးပါပြီလို့ပြောလို့ရတဲ့အခြေအနေပါ။ ဒါဟာ စစ်အစိုးရက သိမ်ငှားနှိပ်ရှိ လုပ်ဆောင်နေပါတယ်လို့ဆိုတဲ့ လမ်းပြမြေပုံရဲ့ အဆင့် (၃) ဖြစ်ပြီး ဒါပြီးရင် လူထုဆန္ဒခံယူပွဲနဲ့ အထည်ပြုမှာဖြစ်ပါတယ်။ လူထုဆန္ဒခံယူပွဲမှာ အားလုံးသိကြတဲ့ အစီအစဉ်တွေ နောက်ဆုတ်သွားတယ်လို့ ယူဆရင် လာမည့်ကြိုးမှ လူထုလူစုဝေးနဲ့လုပ်ဆောင်နိုင်တဲ့အခြေအနေရှိနိုင်ပါတယ်။ ထို့ကြောင့် အချိန်ကျမှ မစ္စတာဂမ်ဘာရီကိုခေါ်ပြီး လမ်းပြမြေပုံအဆင့်တွေတဆင့်ပြီး တဆင့်သွားနေပါတယ်လို့ ဆင်ခြေပေးနိုင်ပါတယ်။ (အရင်ကလည်း မစ္စတာဂမ်ဘာရီကို ညောင်နှစ်ပင်ညီလာခံဆီခေါ်သွားပြီး လမ်းပြမြေပုံအဆင့် (၁) ကိုဖော်ဆောင်နေကြောင်း ပြသခဲ့တာရှိပါတယ်)။ ဒီနည်းနဲ့ နောက်ထပ်အချိန်ဆွဲနိုင်ပါသေးတယ်။

ထိန်းသိမ်းခံထားရတဲ့ ခေါင်းဆောင်တဦးကတော့ ဒီကိစ္စတွေဟာ တွေ့ဆုံဆွေးနွေးရေးမဖြစ်တော့မှ ပြောရမယ့်ကိစ္စလို့ပြောပါတယ်။ ဒါပေမယ့် အခုတွေ့ဆုံမှုတွေဟာ အတုအယောင်ဖြစ်တယ်လို့ မြင်တဲ့အမြင်တွေ မနည်းမနောရှိနေပါတယ်။ တချို့ကဆို ဥာဏ်ထုတ်ထုတ်ပြီး ချုပ်မှုကြီးအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးအရ တန်းတူရည်တူ စကားပြောနိုင်တဲ့အရည်အချင်းမရှိဘူးလို့ ယုံကြည်ကြပါတယ်။ အရင်က မအောင်မမြင်ဖြစ်ခဲ့တဲ့ နိုင်ငံရေးတွေဆုံပွဲတွေကို ကောက်ပြီး စစ်အစိုးရအပေါ်မယုံမကြည်ဖြစ်ကြတာ သူတို့အပြစ်မဟုတ်ပါဘူး။ စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးကိုဦးဆောင်ခဲ့တဲ့ သံဃာထုလည်း ယခုတိုင်ကန့်ကွက်နေကြဆဲဖြစ်ပါတယ်။ "အခုချိန်မှာ ပြောဖို့စောပါသေးတယ်" လို့ပဲ သူတို့ပြောကြပါတယ်။

ခြုံပြောရရင် မြန်မာပြည်မှာ လေ့နဲ့စစ်ဖက်နင်းထားတဲ့ စစ်အစိုးရအနေနဲ့ တွေ့ဆုံဆွေးနွေးရေးကို တဖက်ကသွားနေပြီး အခြားတဖက်မှာ သူတို့လုပ်ရော့ရှိတာတွေ လုပ်ခွင့်ရဖို့ နည်းလမ်းမျိုးစုံကိုသုံးနေဦးမှာ သေချာပါတယ်။ ဒီလိုပဲ လှုပ်ရှားတက်ကြွသူတွေကလည်း "လူထုလှုပ်ရှားမှုသာ အာဏာရှင်ဖြုတ်ချရေးအတွက်အဖြေ" ဆိုတဲ့ သူတို့ယုံကြည်ချက်ကို မပြောင်းလဲလိုက်ကြပါဘူး။

နေသွင်

◆

မြန်မာနိုင်ငံအတွင်း ၂၀၀၈ ခုနှစ်အား နေရာအနှံ့ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့

၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ဗုံးပေါက်ကွဲမှု (၄) ကြိမ်ဖြစ်ပွားပြီးနောက် ထောက်ထားကြိုးမပေါက်ကွဲမှုတွင် ယာဉ်နောက်လိုက်ဖြစ်သည်ဟု စစ်အစိုးရပိုင် မြန်မာ့အလင်းသတင်းစာက တရားဝင်ကြေညာခဲ့သည်။ ထိုဗုံးပေါက်ကွဲမှုမှာ ဇန်နဝါရီ (၁၁) ရက်နေ့ နံနက် (၄) နာရီခန့်တွင် ... ဗုံးပေါက်ကွဲမှုတွင် နေပြည်တော်ရှိ ... အသက် (၅၀) အရွယ် ... (၃) ဦးခန့်မှာ အသည်းအသန်ဒဏ်ရာရရှိခဲ့သည်။

ထိုနေ့၌ ပင်မြို့နယ် ညောင်ပင်ဘာလာတွင်သည် (၁၃) ရက်နေ့တွင် ရန်ကုန်အဝေးပြေးကားဂိတ်တွင်ပြည်ထောင်စု (၁၈) ရက်နေ့တွင် ရန်ကုန်–မန္တလေးကားလမ်းပေါ်ရှိ ... အကြောင်း ... ဗုံးပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပွားခဲ့သည်။ ... အမျိုးသမီး (၃) ဦးနှင့် ကလေးငယ် (၁) ဦး သေဆုံးခဲ့ကြောင်း စစ်အစိုးရပိုင်သတင်းစာများတွင်ဖော်ပြခဲ့သည်။

ယင်းမပြည်တော်ဗုံးပေါက်ကွဲမှုအပြီးတွင် ... လုံခြုံရေးများတိုးမြှင့်ထားပြီး ... သီတင်းကျွတ်လ (၁၂) ရက် နေ့လည် (၂) နာရီ (၃၇) မိနစ်ခန့်တွင် ... အသက် (၅၀) ... အသက် (၂၀) ခန့်ရှိ ... ရန်ကုန်မြို့တွင်လည်း ... ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ ပြည်ပရှိ ... အတိုက်အခံအဖွဲ့အစည်းများကိုလည်း ... ရန်ကုန်မြို့ ... စွပ်စွဲပြောဆိုခဲ့ကြသည်။

ပဲခူးတိုင်းအတွင်းတွင်လည်း ... မှတ် ၅၈/၃၆၅ ... ရန်ကုန်မြို့သို့ ... ရန်ကုန်–မန္တလေးကားလမ်းပေါ်ရှိ ... ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်။ ... (၃၇) နှစ်မှာ ...

ယခု (၂၀၀၈) ဗုံးပေါက်ကွဲမှု (၄) ကြိမ်အတွင်း စုစုပေါင်း လူ (၃) ဦး သေဆုံးပြီး (၅) ဦး ဒဏ်ရာရရှိခဲ့သည်။ ... ၂၀၀၇ ခုနှစ် ဇန်နဝါရီ (၁၇) ရက် ... ၂၀၀၅ ခု မေလ (၂၀) ရက် နေ့လယ်ပိုင်းအတွင်း ရန်ကုန်မြို့ ... ဗုံး (၃) လုံး ဆက်တိုက်ပေါက်ကွဲခဲ့သော်လည်း ... ၂၀၀၅ ခုနှစ် ... ရန်ကုန်မြို့တွင် ... ဗုံးပေါက်ကွဲမှုတွင် လူ (၂၀) ကျော်သေဆုံးပြီး (၁၆၀) ကျော်ဒဏ်ရာရရှိခဲ့သည်။ ◆

နှင်းဦးကြိုသီတေး

နိုက်ထဲနိုင်ငံသိရအကြား
စိမ့်ပြင်တိုက်လိုင်
ခံရှက်ရှိသောကာတဲ့ကာလ
တထက်ကလေး ...။

အဲဒီကောကလေး
ဖုံကိုတောတရေပေါ်
ဝေနေ့နဲ့ သတိရတရာနဲ့
လူပတဲ့ အကြောင်းနာတာရား
ဖုံအလက်ရုပ်နေသမျှ
သိမ်းတော့ရှစ်လွန်းလို့ ...။

စိတ်ရှာဟင်မျှ
နားထောင်လိုက်ပါချစ်သူ
မင်းအရကြားနေရတဲ့
ကမ္ဘာလောကအတွက်
အလိုအပ်ဆုံးတော့သွားတော
ဖုံသာရဲ့
အမြတ်နိုးဆုံး ရင်ခုန်ရင်းတဲ့ဂီတ
မင်းအတွက်
အဝေးရှာဆုံး ဆုလာဘ်ဖြစ်တယ် ...။

ကမာယုလဲ
(၁၄၊၀၁၊၂၀၀၈)

အာကာပိုင်နှင့် ငွေကြေးရှင်တို့၏ လုပ်ရပ်ကြောင့် ပဲခူးတောင်သူများအခက်အခဲနှင့်ကြုံ

ပဲခူးတိုင်းဒိုက်ဦးမြို့နယ်တွင် မြေကြယ်မင်းပွဲရုံပိုင်ရှင် ဦးခင်ထွန်းမှ ကျေးရွာရယာများနှင့်ပူးပေါင်း၍ ဒေသခံတောင်သူလယ်သမားများအား ဒုက္ခပေးနေသည်ဟုသိရသည်။ ၂၀၀၂ ခုနှစ်တွင် ဦးခင်ထွန်းသည် ဒိုက်ဦးမြို့နယ်အရှေ့ဘက်မြစ်ရှိမြေများအား ပေါ်ယူခဲ့ကာ တောင်သူလယ်သမားများအား ပြန်လည်ရောင်းချခဲ့သည်။ ထို့နောက် ၂၀၀၇ ခုနှစ်တွင် ကျေးရွာရယာအဖွဲ့ဝင်များနှင့်ပေါင်းကာ ရောင်းချပြီးသားဖြစ်သည့်မြေများအား ၎င်းမှပိုင်ဆိုင်သည်ဟုဆိုသည့်အတွက် တောင်သူလယ်သမားများမှာ အခက်တွေ့နေရသည်။

ပန္နက်ကျေးရွာအုပ်စုတွင်ရှိသည့် သုံးခွကျေးရွာသား ဦးသိန်းဝင်း၏ လယ် (၁၀) ဧကကို ပန္နက်ရယာဥက္ကဋ္ဌနှင့်ပေါင်းကာ သိမ်းယူဖို့လုပ်ဆောင်နေကြောင်းကို ဦးသိန်းဝင်းက "လယ်က ကျနော့်ဟာပဲ၊ ကျနော် လုပ်သာလုပ်နေတာ စိတ်အေးအေးချမ်းချမ်းနဲ့မလုပ်ရဘူး။ ဘယ်နေ့များလာစစ်ဆေးမလဲ၊ ဘယ်နေ့များအနိုင်ကျင့်မလဲဆိုပြီးတော့ ကျနော်အခုလိုခံနေရတာ။ နောင်လည်း မတေး၊ အခုလည်း မတေးသေးဘူး။ ဥက္ကဋ္ဌ တယောက်ပြောင်းတိုင်း ဒီလိုပဲပြန်လုပ်နေရတယ်"ဟုပြောဆိုခဲ့သည်။

လယ်သိမ်းဖို့ အကြိမ်ကြိမ်ခြိမ်းခြောက်ပြောဆိုနေသည့်အတွက် စိုးရိမ်ပူပန်ရသောဖြစ်သည့်ပြဿနာများအားလည်း မည်သည့်အချိန်တွင် လာရောက်ဖျက်ဆီးမည်ကိုလည်း စိုးရိမ်နေကြောင်းသိရသည်။ ❖

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင် ရိုက်ကူးရန် ကြိုးပမ်း

မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏အတ္ထုပ္ပတ္တိကို ရုပ်ရှင်ရိုက်ကူးရန် လူ့ရှင်တော် အရှုပ်ဆောင်ပါရိုက်တာ ကိုဇာဂနာက ဇာတ်ညွှန်းစတင်ရေးသားနေပြီဖြစ်ကြောင်း ဇန်နဝါရီ (၁၀) ရက်နေ့ ဧရာဝတီသတင်းဌာနတွင်ဖော်ပြထားသည်။

ကိုဇာဂနာက "မြန်မာနိုင်ငံလို့ပြောတာနဲ့ အောင်ဆန်းမပါလို့ကိုမရပါဘူး။ အောင်ဆန်းမရှိရင် မြန်မာပြည်ကို ကမ္ဘာမြေပုံထဲကနေ delete (ဖျက်ပစ်) လုပ်လိုက်ပါတော့။ ဘယ်တော့မှ သူ့နေရာအစန်းကဏ္ဍဟာ မညှိုးမှိန်ပါဘူး" ဟု ဧရာဝတီသို့ ပြောကြားသည်။

ထိမ်းနီးချင်းနိုင်ငံများမှ လွတ်လပ်ရေးခေါင်းဆောင်ကြီးများဖြစ်ကြသော မဟတ္တမဂန္ဒီ၊ နေရူး၊ ချူရာဘိုစ် စသောပုဂ္ဂိုလ်ကြီးများအကြောင်းကို ရိုက်ကူးပြသခဲ့ကြသော်လည်း မြန်မာနိုင်ငံတွင် ဆင်ဆာနှင့်ပုဂ္ဂိုလ်ရေးအညှိုးအတေးထားမှုများကြောင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရိုက်ကူးခွင့်မရခဲ့ပေ။ ထို့အပြင် ဝန်ကြီးချုပ်ဦးနု၏ ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း မည်သူမျှ မဆိုင်ကူးခဲ့သည့်အတွက် ထိုဇာတ်လမ်းကို ဇာတ်ညွှန်းရေးသားရခြင်းဖြစ်သည်ဟု ကိုဇာဂနာက ဧရာဝတီသို့ပြောကြားခဲ့သည်။

အဆိုပါစိတ်ကူးကို ဂျိုဇာတ်ကားကြည့်ပြီးပေါ်ပေါက်လာခဲ့ရာမှ ၂၀၀၇ ခု ချူရာဘို့စ်ဇာတ်ကားကြည့်ပြီးချိန်တွင် ရုပ်ရှင်အဖြစ်ရိုက်ကူးရန် လုံးဝဆုံးဖြတ်ခဲ့ကြောင်းကိုလည်း ကိုဇာဂနာကပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဇာတ်ညွှန်းကို http://www.zarganar-windoor.blogspot.com ဆိုက်တခုတွင် ဖျက်နာတွင် အပိုင်းများခွဲ၍ ဖော်ပြထားကြောင်း၊ အပိုင်း (၇) ပိုင်းအထိ ဖော်ပြထားပြီးဖြစ်ရာ စုစုပေါင်း ဇာတ်ညွှန်းအပိုင်း (၁၂၀) ကျော်ရှိမည်ဖြစ်သည်။

ကိုဇာဂနာက ယင်းဇာတ်ညွှန်းအပိုင်း (၁) ကို ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက် အာဇာနည်နေ့က ရန်ကုန်အတွင်းဝန်ရုံးအတွင်း အာဇာနည်ခေါင်းဆောင်ကြီးများ အစည်းအဝေးလုပ်နေစဉ် လုပ်ကြံခံရပုံနှင့် ဈာပနအခမ်းအနားတို့ဖြင့် စတင်ခွင့်ပြုဖူးထားပြီး အပိုင်း (၂) မှစကာ ဗိုလ်ချုပ်အောင်ဆန်း၏ တက္ကသိုလ်ကျောင်းသားဘဝ အမျိုးသားရေးလှုပ်ရှားမှုများကို တင်ပြထားသည်ဟုဆိုသည်။

အဆိုပါဇာတ်ညွှန်းကိုရေးသားရာတွင် စာရှုက်စာတမ်း မှတ်တမ်းမှတ်ရာများစုဆောင်းရာ၌ အခက်အခဲများရှိသော်လည်း ရုပ်ရှင်ဇာတ်ကားဖြစ်အောင် ရအောင်ဖန်တီးရာတွင် ဇာတ်ဆောင်တဦးချင်းစီ၏ စရိုက်နှင့် ပုဂ္ဂိုလ်ရေးအချက်အလက်များသည် အရေးပါကြောင်း ဇာဂနာကပြောသည်။

ယင်းဇာတ်ညွှန်းကို ကိုယ်တိုင်ဒါရိုက်တာအဖြစ် ရိုက်ကူးခွင့်ရပါက နိုင်ငံခြားထုတ်လုပ်သူများနှင့် ဇာတ်ညွှန်းပြကာ ဆွေးနွေးသွားမည်ဖြစ်ပြီး အလုပ်ဆောင်သစ်များ ရွေးချယ်၍ ရိုက်ကူးသွားမည်ဟုလည်းဆိုသည်။ ကိုဇာဂနာက ဂန္ဒီရုပ်ရှင်ကားအောင်မြင်သကဲ့သို့ အောင်မြင်ရေးအတွက် မျှော်လင့်ကြောင်း ဆက်လက် ပြောဆိုခဲ့သည်။

ရေးသားထားပြီးသမျှဇာတ်ညွှန်းကို အသေးစိတ်တွင်ဖော်ပြထားသည့် အင်တာနက်စာမျက်နှာတွင်တင်ထားပြီးဖြစ်၍ မည်သူမဆိုဖွင့်လှစ်ဖတ်ရှုနိုင်ကြောင်းနှင့် မြန်မာနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီးအကြောင်း မြန်မာ့အင်ပိုင်တွင်မပေါ်ပေါက်လာရေးအတွက် မည်သူမဆို ထိုစာမျက်နှာမှ တဆင့်ပါဝင်ရေးသားနိုင်ကြောင်း ဖိတ်ခေါ်ထားသည်။

ကိုဇာဂနာသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ခဲ့သူ ဂဠုန်ဦးစော (သို့မဟုတ်) တပါတီစနစ်ဖြင့် မြန်မာနိုင်ငံကို (၂၆) နှစ်တိုင်အုပ်ချုပ်ခဲ့သည့် အာဏာရှင်ဦးနေဝင်းအကြောင်းကိုလည်း ဇာတ်ညွှန်းရေးသားချင်ကြောင်း ဧရာဝတီသတင်းဌာနသို့ ထုတ်ဖော်ပြောဆိုသွားခဲ့သည်။

သတင်းရှိတွင်မူ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ၊ အရုပ်ဆောင်နှင့် ဟာသမင်းသားကိုဇာဂနာမှာ လေလှိုင်းအင်တာဗျူးတခုအားပြောကြားခဲ့မှုဖြင့် အနုပညာလုပ်ပိုင်ခွင့်အားလုံး ဆင်ဆာဖြတ်တောက်ပိတ်ပင်ခြင်းကို ခံနေရသူဖြစ်သည်။

❖

ကုန်ပစ္စည်းများသိမ်းဆည်းခံရ၍ ကုန်သည်များအခက်တွေ့

ထိုင်း - မြန်မာ မဲဆောက်ဘက်ရှိ အဝင်ဂိတ်တခု

ယခုအခါတွင် ထိုင်း-မြန်မာနယ်စပ်မြို့ဖြစ်သည့် မြဝတီမြို့စသော မြန်မာပြည်တွင်းသို့ တင်သွင်းနေသည့် ထိုင်းနိုင်ငံလုပ်ကုန်ပစ္စည်းများကို စစ်အစိုးရ၏နေပြည်တော်တိုင်းလက်အောက်ခံတပ်ရင်းတပ်ဖွဲ့များက အကြောင်းပြချက်မရှိဘဲ သိမ်းဆည်းနေသဖြင့် ပစ္စည်းတင်သွင်းနေသည့်ကုန်သည်များအနေဖြင့် အခက်အခဲတွေ့နေကြောင်းသိရသည်။

"ပါလာတဲ့ကုန်ပစ္စည်းအကုန်သိမ်းတယ်။ ဘာမှပြန်မရဘူး။ ပစ္စည်းတွေအသိမ်းခံရတော့ အားလုံးအရှုံးပေါ်နေတယ်။ ခုထိ နေပြည်တော်အဖွဲ့တွေရှိတုန်းပဲ" ဟု မြဝတီမြို့ခံတဦးကပြောဆိုခဲ့သည်။

လိုင်စင်မဲ့ ဆိုင်ကယ်၊ ကားနှင့် ကားပစ္စည်းများအပြင် မြဝတီမြို့ပေါ်တွင်ရှိသည့် အနိမ့်စနစ်၊ ပြည်တန်ဆာရုံများမှ အမျိုးသမီးငယ်များကိုလည်း နောက်ရက်များတွင် စတင်ဖမ်းဆီးရန် စုံစမ်းမှုများပြုလုပ်လျက်ရှိကြောင်း အဆိုပါမြို့ခံက ဆက်လက်ပြောဆိုခဲ့သည်။

"မွန်တင်ဝိတ်မှာ ကုန်ကားတင်အား (၉) စီး ဖမ်းထိုက်တယ်။ အချို့ကုန်တွေ အထည်အလိပ်တွေအကုန်ပဲ၊ ကုန်သည်တွေလည်း မျက်ရည်ကျတဲ့လူကျန်နဲ့ပဲ" ဟု ကုန်သည်တဦးက ပြောပြသည်။

ယခု လာရောက်ဖမ်းဆီးသည့်အဖွဲ့မှာ အင်အား (၁၀၀) ခန့်ရှိပြီး နေပြည်တော်တိုင်းတပ်မှူး၊ နစက၊ မှုခင်းစုံစမ်းရေးအဖွဲ့နှင့် အထူးရဲအထောက်အထားအဖွဲ့ဝင်များပါဝင်ပြီး ပြီးခဲ့သည့် (၁၃) ရက်နေ့က မြဝတီမြို့သို့ စတင်ရောက်ရှိလာခြင်းဖြစ်သည်။

ဒီကေဘီအေ အမှတ် (၂) ဂိတ်တွင်လည်း ကုန်ပစ္စည်းများတိုက်သွင်းခွင့်မပြုဘဲ လူများကိုသာကူးသန်းခွင့်ပြုထားသည်။ ယခင်နှစ်များကလည်း နေပြည်တော်မှတပ်ဖွဲ့များ မြဝတီမြို့သို့ရောက်ရှိလာခဲ့ပြီး ယခုကဲ့သို့ ထိုင်း နိုင်ငံမှထုတ်လုပ်သည့်ကုန်ပစ္စည်းများကို လိုက်လံဖမ်းဆီးမှုများပြုလုပ်ခဲ့သည်။ ❖

အနှစ် (၆၀) လွန်တဲ့အခါမှာ...

"လွတ်လပ်ရေးနဲ့ ပြည်တွင်းစစ်၊ အမွှာလိုမွေးဖွားခဲ့တဲ့ဗမာပြည်ကြီးဟာ ဒီစစ်ကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးမတည်ဆောက်နိုင်ဘဲ အမျိုးသားစီးပွားရေးဟာ အဘက်ဘက်က ချွတ်ခြုံကျလာခဲ့တယ်။ လွတ်လပ်ရေးဟာ ဘာအဓိပ္ပာယ်များရှိသေးသလဲ မေးစရာဖြစ်နေတယ်။ အာဇာနည်အဆက်ဆက်တို့ အသက်ပေးတိုက်ပွဲဝင်ခဲ့တာဟာ ဒီစစ်ဗိုလ်ချုပ်တွေကောင်းစားဖို့လား။ လွတ်လပ်ရေးကို လွယ်လွယ်ကူကူရခဲ့တာမဟုတ်ဘူးဆိုတာ ဗမာနိုင်ငံသားတွေအသိဆုံးပဲ။ နယ်ချဲ့နိုင်ငံကြီးတွေချင်း စစ်ပွဲတွေအသွင်နဲ့ ထိပ်တိုက်စောင့်နေကြတဲ့အကြားက ကိုလိုနီအမျိုးသားတရပ်က လွတ်လပ်ရေးရဖို့ လုံးပမ်းရတယ်ဆိုတာ နွှန့်လွှတ်ပိုင်းဖြတ်မှုတွေလိုသလို နည်းပရိယာယ်တွေလိုတယ် ...။"

မဉ္ဇူ

လွတ်လပ်ရေးရတာ အနှစ် (၆၀) ရှိသွားပြီ။

ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက် ကမ္ဘာမှာ၊ အထူးသဖြင့် အာရှတိုက်မှာ လွတ်လပ်ရေးရတဲ့နိုင်ငံတွေ အလျှိုလျှိုပေါ်လာကြတယ်။ ဒီအထဲမှာ အိန္ဒိယ၊ အင်ဒိုနီးရှားလို လူဦးရေအင်မတန်များတဲ့ နိုင်ငံကြီးတွေလည်းပါတယ်။ လာအိုလို ကမ္ဘောဒီးယားလို နိုင်ငံငယ်တွေလည်းပါတယ်။ တွေ့က်တုန်းကတော့ အားလုံးအတူတူတာလွတ်မြောက်ကြတာပဲ။ ဒါပေမယ့် ရာစုနှစ်တစ်ဝက်ကျော်လာလို့ ပြန်ကြည့်လိုက်တော့ ဗမာပြည်ကနောက်ဆုံးမှာ တရွတ်ဆွဲလိုက်နေတယ်ဆိုတာ တွေ့ကြရတယ်။ နအဖလက်ထက် ဗမာပြည်ရဲ့ဒီနေ့ တဦးချင်းကိုဖိုပီနှုန်းက အာဆီယံနိုင်ငံတွေထဲမှာတောင် အနိမ့်ဆုံး။

အာရှတိုက်မှာ ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်လာတဲ့နိုင်ငံတွေရဲ့ လွတ်လပ်ပြီးကာလ သမိုင်းတွေကို သုတေသနပြုပြီး ယှဉ်လိုက်ရင် ဗမာပြည်လောက် နိုင်ငံရေးအရဖိနှိပ်မှုပြင်းထန်တာ၊ ရှည်ကြာတာ၊ နိုင်ငံရေးအကျဉ်းသားတွေများပြားတာမရှိဘူးလို့ တွေ့ရမယ်ထင်တယ်။ အထူးသဖြင့် ကိုယ့်နိုင်ငံသားချင်းအပေါ် ဖိနှိပ်ရာမှာ ကမ္ဘာ့ရှားဖြစ်တယ်။ အမေရိကန်နဲ့တောင် တိုက်ခိုက်ကြရတဲ့ ဗီယက်နမ်လို ဗီယက်နမ်တွေ စစ်ပွဲကြီးတွေ ပြီးပြတ်ကုန်ပြီ။ ပြည်တွင်းစစ်ဆိုတာတွေလည်း အာရှအရှေ့ပိုင်းမှာ မကျန်တော့သလောက်ပဲ။ ဗမာပြည်မှာသာ စစ်အုပ်စုတွေဟာ (လူဦးရေနဲ့အချိုးအစားတွက်လိုက်ရင်) ကမ္ဘာ့အကြီးဆုံးစစ်တပ်ကြီးတည်ဆောက်၊ ပြည်တွင်းစစ်ကိုတမင်မွေးပြီး မျော့မျော့ကြီး စစ်တိုက်စားနေတယ်။

လွတ်လပ်ရေးနဲ့ ပြည်တွင်းစစ်၊ အမွှာလိုမွေးဖွားခဲ့တဲ့ဗမာပြည်ကြီးဟာ ဒီစစ်ကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေး မတည်ဆောက်နိုင်ဘဲ အမျိုးသားစီးပွားရေးဟာ အဘက်ဘက်က ချွတ်ခြုံကျလာခဲ့တယ်။ ဒါနဲ့ပြောင်းပြန် ဒီစစ်ကြောင့်ပဲ စစ်အုပ်စုခေါင်းတိုက်ဆောင် စစ်တပ်ကြီးဟာ ကြီးထွားသထက်ကြီးထွားလာ၊ စစ်အုပ်စုနဲ့ အပေါင်းပါတွေ ချမ်းသာ သထက်ချမ်းသာလာတယ်။ အရှေ့တောင်နဲ့ တောင်အာရှမှာ အစောဆုံးလွတ်လပ်ရေးရအောင်တိုက်ပွဲဝင်ခဲ့တဲ့ ဗမာပြည်ဟာ နိုင်ငံတကာအစည်းအဝေးတွေမှာ ခေါင်းမမော်နိုင်ဘဲ ဟိုလူကဝေဖန် ဒီလူကဆုံးမနဲ့ဖို့ ခေါင်းငုံ့နေရတဲ့ဘဝ ရောက်နေရတယ်။

နအဖဟာ ဗမာပြည်ကို ကမ္ဘာ့အလယ်မှာဂုဏ်ယူနိုင်အောင် ဘာတွေများနှစ်ဆောင်ပေးနိုင်ခဲ့သလဲ။ စီးပွားရေး၊ တတိယနိုင်ငံအဆင့်ကနေ စတုတ္ထနိုင်ငံအဆင့်လျော့ကျပြီး အကြွေးတွေလည်းဝင်းနေရောက်နေတယ်။ (ဒါတောင်သူ့မှာအတွေ့အကျွမ်းပေးကြလို့၊ နအဖကတော့ အကြွေးဘာရှင် ဆင်တောင်လက်ကားယူမယ်ဆိုတဲ့ဟာမျိုး)။

လူမှုရေး ....

လူမှုဖူလုံရေးစံနှုန်း အမတော်ကြေးစတာတွေဟာ ဘင်္ဂလားဒေ့ရှ်တောင်မှမရှိတော့၊ ရှိသူနဲ့ မရှိသူ လူတန်းစားကွဲပြားမှုသိသာခြားနားလွန်းလို့ တရားရုံး၊ မြန်မြေရေးရုံ စတာတွေအားလုံးဟာ တံဆိပ်တုံးနှိပ်ရာထက်သာ ဖြစ်ကုန်တယ်။

ကျန်းမာရေး ....

စစ်အုပ်စုထိပ်ပိုင်းသားက ငွေကြေးတတ်နိုင်သူနဲ့သာ ပြည်ပထွက်ဆေးကုနေကြတယ်။ အာဟာရမပြည့်စုံသူတွေ ဆေးဝါးမတတ်နိုင်သူတွေများများဆုံးနေတဲ့ ဒီနိုင်ငံမှာ ဆေးတိုင်ဒီဆက်စီရောဂါက အဆိုးဝါးဆုံးနှိပ်စက်နေတယ်။

ပညာရေး ....

ကိုလိုနီခေတ်တုန်းက အိမ်နီးနားချင်းနိုင်ငံတွေကလူတွေ ဒီမှာလာပြီး ပညာမျိုးစုံသင်ယူကြတာတွေရှိတယ်။ အခုတော့ သားအမီးကိုပြည်ပဖို့ ပညာသင်ကြားစေရေး ပြည်ပမှာပဲ အလုပ်အကိုင်ရရှိစေရေးဟာ မိဘတွေရဲ့မျှော်လင့်ချက်တခုဖြစ်နေပြီ။ နိုင်ငံရေးလက်ရှိကမ္ဘာမှာ နိုင်ငံရေးအကျဉ်းသားအရေအတွက်အများဆုံးနဲ့ သက်တမ်းအရှည်ဆုံးစံချိန်တင်ထားတယ်။

လွတ်လပ်ရေးဟာ ဘာအဓိပ္ပာယ်များရှိသေးသလဲ မေးစရာဖြစ်နေတယ်။ အာဇာနည်အဆက်ဆက်တို့ အသက်ပေးတိုက်ပွဲဝင်ခဲ့တာဟာ ဒီစစ်ဗိုလ်ချုပ်တွေကောင်းစားဖို့လားလို့လည်း မေးစရာဖြစ်နေတယ်။

လွတ်လပ်ရေးကို လွယ်လွယ်ကူကူရခဲ့တာမဟုတ်ဘူးဆိုတာ ဗမာနိုင်ငံသားတွေအသိဆုံးပဲ။ နယ်ချဲ့နိုင်ငံကြီးတွေချင်း စစ်ပွဲတွေအသွင်နဲ့ ထိပ်တိုက်စောင့်နေကြတဲ့အကြားက ကိုလိုနီအမျိုးသားတရပ်က လွတ်လပ်ရေးရဖို့ လုံးပမ်းရတယ်ဆိုတာ နွှန့်လွှတ်ပိုင်းဖြတ်မှုတွေလိုသလို နည်းပရိယာယ်တွေလိုတယ်။ အင်္ဂလိပ်ကိုလိုနီအခင်တွေရဲ့ (၉၁) ဌာန၊ ဒိုင်အာခီတဲ့ မျက်စိရေလည်စရာများပြုမူအမျိုးမျိုးကိုဖယ်ရှားပြီး နေ့သတာသနိုင်ငံတရင်ထဲတောင်မခင်တဲ့ လုံးဝလွတ်လပ်ရေးကိုရအောင် တိုက်ပွဲဝင်ခဲ့ရတာ ဗမာပြည်ကအမျိုးသားခေါင်းဆောင်အဆက်ဆက်နဲ့ ပြည်သူတွေရဲ့ထူးခြားချက်ဖြစ်တယ်။ ဒီကြားထဲမှာ ဂျပန်ပေးတဲ့လွတ်လပ်ရေးကို ပါးနပ်စွာအသုံးပြုပြီး ဂျပန်ကိုပြန်တော်လှန်ခဲ့တယ်ဆိုတဲ့ဂုဏ်ယူစရာအချက်လည်းရှိသေးတယ်။

အရှေ့တောင်အာရှနဲ့ တောင်အာရှမှာ အစောဆုံးလွတ်လပ်ခဲ့တဲ့နိုင်ငံဟာ အခုအခါမှာ အဘက်ဘက်နောက်အကျဆုံးဖြစ်နေရတယ်။ စစ်အာဏာရှင်စနစ်ကြောင့်ဖို့ ဒီအဖြစ်ရောက်ရတယ်ဆိုတာ ဘာမှအငြင်းပွားစရာမရှိတဲ့အချက်ဖြစ်တယ်။ မိမိတို့ရဲ့ ဗမာနိုင်ငံကို ကမ္ဘာ့အလယ်မှာ ဂုဏ်ရှိဖြိမ်နဲ့ ရပ်တည်နိုင်စေဖို့၊ ခေတ်မီစက်မှု၊ အိပ္ပံနည်းပညာများထွန်းကားတဲ့၊ ဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်စေဖို့ဆိုရင် စစ်အာဏာရှင်စနစ်ကို ဖယ်ရှားရမယ်ဆိုတာလည်းရှင်းနေတယ်။

ဗမာပြည်သားများအနေနဲ့ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသလိုပဲ စည်းလုံးညီညွတ်မှု၊ စွန့်လွှတ်မှု၊ အနစ်နာခံမှု၊ နည်းပရိယာယ်ကြွယ်ဝမှုတွေ ဖော်ပြကြရဦးမယ်။

ဒီနေ့အခါမှာ နိုင်ငံတကာအခြေအနေက ဗမာပြည်ချစ်ပြည်သားတွေ ကိုယ့်မြေဘာလုံးဝင်အောင်ကန်ဖို့မှရမယ်ဆိုတာကို ပြနေတယ်။ ကယ်တင်ရှင်မျှော်ကိုးမှု စိတ်ကူးယဉ်မှုတွေကိုဖယ်ရှားပြီး 'ငါဘာလျှင် အရှင်သခင်၊ ငါဘာလျှင် ငါ့သမိုင်းဖန်တီးသူ' ပီသစွာတိုက်ပွဲဝင်ကြရမှာပဲ။ စစ်အုပ်စုကို ထိထိရောက်ရောက်တိုးနှက်နိုင်ခဲ့တဲ့ ရွှေဝါလေလှိုင်းအရေးတော်ပုံနဲ့ စက်တင်ဘာအရေးအခင်းစိတ်ဓာတ်တွေကိုကိုင်စွဲ အမီးက သင်ခန်းစာတွေထုတ်၊ အတုယူစရာတွေယူပြီး အောင်ပွဲဆီကို လှမ်းချီကြပါစို့။

၂၀၀၈ ခုနှစ်ကို တိုက်ပွဲဝင်စိတ်ဓာတ်၊ အောင်ပွဲခံသန္နိဋ္ဌာန်နဲ့ လှမ်းဝင်ကြပါစို့။

မဉ္ဇူ ◆

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာချုပ်
ဇော်နိုး

တာဝန်ခံအယ်ဒီတာ
မောင်ဟိန်း

သတင်းအယ်ဒီတာ
မောင်နုမ်းမြင့်

အထုပ်သင်အယ်ဒီတာ
ဇော်ဝိုင်းဝင်း

စာရျက်နှာခွဲ ဒီဇိုင်း
အောင်ထက် ၊ သန်းဇော်

မိုးမခ သတင်းစဉ် သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ၊
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
admin@binamojo.org

ပြည်တွင်းလှုပ်ရှားမှု ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအကျဉ်းသားများ
နှင့်
နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း
(မြန်မာနိုင်ငံ)
တို့အား
မိုးမခ သတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

– ကိုယ့်အခွင့်အရေးအတွက် ကိုယ်တိုင်တိုက်ပွဲဝင်ကြ။
– ကောင်းတဲ့ကိစ္စ တရားတဲ့ကိစ္စမှန်သမျှ ရဲရဲလုပ်ကြ။
– မတရားတဲ့အမိန့် အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ။

မြန်မာ့ကျောက်မျက်ရတနာပွဲတွင်း ဝယ်ယူထားသည့် ကျောက်များ ထုတ်ယူခွင့်မရ

မြန်မာ့ကျောက်မျက်များအားဝယ်သော်ကြည့်ရှုနေစဉ်

ပြီးခဲ့သည့်နှစ်နှစ်ဝင်ကာလအတွင်း ရန်ကုန်မြို့၌ကျင်းပခဲ့သော မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင်ဝယ်ယူထားခဲ့သည့် ကျောက်စိမ်းတုံးများအား ထုတ်ယူခွင့်မရသည့်အတွက် မြန်မာ့ကျောက်ကုန်သည်များ အခက်တွေ့နေကြရသည်။

ပြပွဲအပြီး ဝယ်ယူထားခဲ့သည့်ကျောက်မျက်ရတနာများအား နိုင်ငံခြားသားကျောက်ကုန်သည်များက ထုတ်ယူသွားနိုင်သော်လည်း မြန်မာကျောက်ကုန်သည်များကမူ ထုတ်ယူခွင့်မပြုကြောင်း မှူးတစ်ဦးက ကျောက်လုပ်ငန်းရှင်တစ်ဦးက ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံသားကျောက်ကုန်သည်များသည် ကျောက်ဝယ်ယူလျှင် (၃) လဆိုင်း အကြွေးစနစ်ဖြင့် အရစ်ကျပေးသွင်းဝယ်ယူနိုင်ပြီး (၃) လအတွင်း အပြီးငွေချေရကာ ပေးချေရန်ပါက ဒဏ်ငွေပေးရသဖြင့် ကျောက်လုပ်ငန်းရှင်များအနေဖြင့် လက်ငင်းငွေပေးပြီးဝယ်ယူထားသည့်ကျောက်များအား မြန်မာသည်ရောင်းချရန် အချိန်မရှိသည့်အတွက် ဒဏ်ငွေပေးဆောင်ရမည်ကို စိုးရိမ်နေကြသည်။

"ကုန်သည်တယောက်ဟာ အနည်းဆုံးသိန်း (၁၀၀) လောက်တော့ရှိရတာပေါ့။ ထိုငွေနဲ့တစုကို လက်ငင်းဝယ်၊ ကျန်တော့လောက်ကိုတော့ အကြွေးဝယ်လို့ရတယ်။ လက်ငင်းဝယ်ထားတဲ့ကျောက်ကို အပြင်မှာပြန်ရောင်းရတဲ့ငွေနဲ့ပြန်သွင်းပြီး အကြွေးဝယ်ထားတဲ့ကျောက်ကို ပြန်လာထုတ်ရပြီးရောင်းရ ပေးပို့ရမှာ ဆိုရင် ထည့်ဝင်တဲ့အခကြေးငွေများလည်း အခုတော့ လက်ငင်းဝယ်ထားတဲ့ကျောက်ကို ထုတ်လို့မရတော့ ဘာမှလုပ်လို့မရတော့ဘူး။ အချိန်ကျော်ရင် ဒဏ်ငွေဆောင်ရတော့မယ်" ဟု ကျောက်ကုန်သည်တဦးကပြောဆိုခဲ့သည်။

ယခုလအတွင်းကျင်းပရန်ရှိသည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ကျောက်မျက်ရတနာပြပွဲတွင် ကျောက်များမရှိသည့်အတွက် ယခုကဲ့သို့ရောင်းချပြီးသားကျောက်များကို ပြသနိုင်ရန်အတွက် ထိန်းထားပုံရသည်ဟုလည်း ကျောက်ကုန်သည်များအကြားတွင် ခန့်မှန်းပြောဆိုနေကြသည်။

မြန်မာ့ကျောက်မျက်စီးပွားရေးလုပ်ငန်းမှ အရောင်းပြပွဲများကို တနှစ်လျှင် (၃) ကြိမ်နှင့်မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်က (၂) ကြိမ် စုစုပေါင်း တနှစ် (၅) ကြိမ် ပြုလုပ်လျက်ရှိပြီး ပြည်တွင်းပြည်ပကျောက်လုပ်ငန်းရှင်များက မြန်မာ့ကျောက်မျက်စီးပွားရေးလုပ်ငန်းမှပြုလုပ်သည့် ကျောက်မျက်ပြပွဲများကို ပို၍စိတ်ဝင်စားကြကြောင်း ကျောက်ရောင်းချနေသူတဦးက ပြောဆိုခဲ့သည်။

လွန်ခဲ့သည့်နှစ်ဝင်ကာလအတွင်း ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့သည့် ကျောက်မျက်ပြပွဲတွင် နိုင်ငံခြားသားကုန်သည်ပေါင်း (၂၀၀၀) ကျော် တက်ရောက်ခဲ့ပြီး ကျောက်မျက်ရတနာအတွဲပေါင်း (၅၀၀၀) ရောင်းချခဲ့ရကြောင်း နအဖ စစ်အစိုးရ သတင်းထုတ်ပြန်ကြေညာခဲ့သည်။

နအဖစစ်အုပ်စုအား အနုပညာဖြင့် စင်မြင့်ပေါ်မှ သရော်ရဲသော သီး (၄) သီး ဆေးရောင်စုံအငြိမ့် ပြည်ပတွင် လှည့်လည်ဖျော်ဖြေလျက်ရှိ

နအဖစစ်အုပ်စု၏ အကျင့်ပျက်လာဘ်စားမှုများအား သရော်သည့်ပြက်လုံးများဖြင့် နာမည်ကြီးပြီး ပရိသတ်၏စိတ်ဝင်စားမှုအများဆုံးရရှိနေသည့် သီးလေးသီးဆေးရောင်စုံအငြိမ့်အဖွဲ့သည် ပြည်ပသို့ရောက်ရှိလာကာ အဝေးရောက်မြန်မာအသိုင်းအဝိုင်းများအကြား ကပြဖျော်ဖြေမှုများ ပြုလုပ်နေလျက်ရှိသည်။

သီးလေးသီးဆေးရောင်စုံအငြိမ့်အဖွဲ့တွင် အငြိမ့်မင်းသမီးများအဖြစ် ရှောစုမျိုး၊ မြဝယ်ငုံတို့နှင့် လူရွှင်တော်များမှာ သီးလေးသီးအဖြစ် နာမည်ကြီးနေသည့် ပန်းသီး၊ စိန်သီး၊ ဇီးသီး၊ ကြယ်သီးတို့ဖြစ်ပြီး အဖွဲ့ခေါင်းဆောင်အဖြစ် လူရွှင်တော်ဇော်ဇော်လာတို့ပါဝင်သည်။

အဆိုပါအဖွဲ့သည် ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ပြည်ပသို့ရောက်ရှိလာကာ ဒီဇင်ဘာ (၃၀) ရက်နေ့တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ပထမဆုံးပွဲအဖြစ် စတင်ဖျော်ဖြေခဲ့သည်။ ထို့နောက် မလေးရှားနိုင်ငံ၊ ပီနန်မြို့တွင် ဇန်နဝါရီ (၆) ရက်နေ့တွင် သွားရောက်ဖျော်ဖြေခဲ့သည်။ ထို့မှ ထိုင်းနိုင်ငံ ဘန်ကောက်တွင် (၁၂) ရက်နေ့နှင့် (၂၅ - ၂၆) ရက်နေ့များတွင် ချင်းမိုင်တို့၌ သွားရောက်ဖျော်ဖြေကပြခဲ့သည်။ ၎င်းအပြင် ဇန်နဝါရီ (၁၉) ရက်နေ့က စင်ကာပူသို့သွားရောက်ကပြခဲ့ပြီး ကိုရီးယားနိုင်ငံ ဆိုးလ်၊ ဂျပန်နိုင်ငံ နာဂိုယာနှင့်တိုကျိုတို့သို့လည်း သွားရောက်ကပြရန် စီစဉ်လျက်ရှိသည်။

သီးလေးသီးဆေးရောင်စုံအငြိမ့်အဖွဲ့ကို ၂၀၀၄ ခုနှစ်က စတင်ထူထောင်ခဲ့ပြီး ၁၉၈၀ ခုနှစ်များက ကျော်ကြားခဲ့သည့် မြပုဏ္ဏမာ အငြိမ့်၏မျိုးဆက်သစ်အဖြစ် လူရွှင်တော်ဇာဂနာက ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။ ဇာဂနာနှင့်အတူ မြပုဏ္ဏမာအဖွဲ့သားများဖြစ်ကြသော အရိုင်း၊ ကင်းကောင်၊ ဇော်ဇော်လာ၊ ပိုက်ဆံတို့က ကူညီလျက်ရှိနေပြီး ယခုအဖွဲ့ကို ဇော်ဇော်လာက ခေါင်းဆောင်အဖြစ်တာဝန်ယူနေသည်။

သီးလေးသီးဆေးရောင်စုံအငြိမ့်အဖွဲ့သည် ပြီးခဲ့သည့်နှစ် တန်ဆောင်မုန်းလပြည့်နေ့ညက ရန်ကုန်ကန်တော်ကြီးရှိ မော်ကျွန်းတွင် ကပြဖျော်ဖြေခဲ့ရာတွင် နအဖစစ်အုပ်စုနှင့် ကုလသမဂ္ဂကိုယ်စားလှယ် မစ္စတာဂမ်ဘာရီတို့တွေ့ဆုံခြင်းအား ပြက်လုံးထုတ်ခဲ့သည့်အပြင် နအဖ၏လူထုတောက်မိုဲ့အတုများကိုလည်း ရိုရိုရှင်ရှင်သရော်ခဲ့သည့်အတွက် လူထုအကြား ရေပန်းအစားဆုံးနှင့် ပြည်သူတို့၏အားပေးမှုကိုအခံရဆုံး အငြိမ့်အဖွဲ့ဖြစ်သည်။

ဖိတ်ခေါ်ချက်များအရ အမေရိကားတွင် မတ်လမှ မေလအထိနေထိုင်ပြီး နယူးယောက်၊ လော့စ်အိန်ဂျလိစ်၊ ဆန်ဖရန်စစ္စကိုတို့တွင် ဖျော်ဖြေနိုင်ရန်အစီအစဉ်ရှိပြီး အဆင်ပြေပါက ဝါရှင်တန်၊ ဖီလီနိစ်တို့သို့သွားရောက်ဖျော်ဖြေကာ ပြီးပါက မြန်မာနိုင်ငံသို့ ပြန်မည်ဖြစ်ကြောင်းသိရသည်။ ❖

ဗိုလ်ချုပ်မှူးကြီးကို အပုပ်ချရေးသားသည်ဟု စွဲချက်ဖြင့် ကဗျာဆရာစောဝေဖမ်းဆီးခံရ

ကဗျာဆရာစောဝေရေးသားထားသည့် ကဗျာမှာ …
အာရင်ဘာတ်က ပြောတယ်
နာ နာခံစားတတ်မှ ခံစားမှု
ရူးရူးမှူးမှူးကို ဖြစ်နေမှ
ကြီးမြတ်တဲ့အနုပညာလို့
မှုန်မှိုင်းဝေဝေတဲ့ ဓာတ်ပုံမော်ဒယ်မလေးရေ
ကြီးတောင့်ကြီးမားကျမှ အသည်းကွဲတဲ့ရောဂါတဲ့
သန်းပေါင်းများစွာသော ချစ်တတ်သူများ
ရွှေအတိရှိထားသောလက်များဖြင့် လက်ခုပ်တီး၍ရယ်ပါ ဟုဖြစ်သည်။

ဇန်နဝါရီ (၂၃) ရက်

နအဖဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တိုက်ခိုက်ပြဲဆိုထားသောကဗျာကို ရေးဖွဲ့သည်ဟု စောဒနာ်ချက်ဖြင့် ကဗျာစောဝေကို ဇန်နဝါရီ (၂၃) ရက်နေ့က ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်းသိရသည်။

အဆိုပါကဗျာမှာ အပတ်စဉ်ထုတ်အချစ်ဂျာနယ်တွင်ပါဝင်ခဲ့ပြီး (Valentine's Day) ချစ်သူများနေ့အထိမ်းအမှတ် ရေးဖွဲ့ခဲ့ခြင်းဖြစ်သော်လည်း နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ထိခိုက်နေသည့်အတွက် အာဏာပိုင်များက ကဗျာဆရာစောဝေကို ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

ကဗျာခေါင်းစဉ်မှာ "ဖေဖော်ဝါရီ ၁၄" ဟုအမည်ပေးထားပြီး ကဗျာ၏ ဝါကျများ၏ ဆုံးရှိစာလုံးများကို ခေါင်းလိုက်ဖတ်သွားပါက "အာဏာရူးကြီးမှူးကြီးသန်းရွှေ"ဟု အဓိပ္ပါယ်ထွက်နေသည့်အတွက် ရန်ကုန်မြို့တွင်းတွင်လည်း ရုတ်ရုတ်သဲသဲဖြစ်သွားသည်ဟု သတင်းများကဆိုပြီး အဆိုပါကဗျာကို ကော်ပီကူးကာလိုက်လံဖြန့်ဝေမှုများပင် ရှိနေကြောင်းသိရသည်။

ဖမ်းဆီးထိန်းသိမ်းခြင်းခံနေရသူ ကဗျာဆရာစောဝေသည် အမြဲရောင်သတ်တ အမည်ရှိ ထိပ်စိမ့်ဂိုဏ်ခွဲအထိုင်ခံဆက်ခံစေရာရှင် ကလေးငယ်များအတွက် ရုံပုံရှင်းရှင် ပေးနေသည့်လူမှုရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေသူတဦးလည်းဖြစ်သည်။

ရရှိသော နောက်ဆုံးသတင်းများအရ ဦးစောဝေကို အင်းစိန်အကျဉ်းထောင်သို့ ပို့လိုက်ကြောင်း၊ နေကောင်းကြောင်းမှူးကိုသာ တဆင့်ကြားသိခဲ့ရပြီး ဆေးဝါးနှင့် အဝတ်အထည်တို့ကိုပင် ပို့ခွင့်မရကြောင်း ဇနီးဖြစ်သူနန်းဆမ်းဆမ်းအေးက ဦးဆိုပေးပို့ပြောသည်။

ယခုနှစ်က မြန်မာတိုင်းမ်ဂျာနယ်တွင်လည်း ခရီးသွားလုပ်ငန်းကြော်ငြာတခုတွင် လူသတ်သမားသန်းရွှေ (Killer Than Shwe) ဟုအဓိပ္ပါယ်ထွက်ရသည့် စာသားတခုကို စာပေစိစစ်ရေးမှမသိလိုက်ဘဲ ပါသွားခဲ့ပြီး စစ်အစိုးရအား လှောင်ပြောင်ရန် တမင်လုပ်ခြင်းဖြစ်ကြောင်း၊ ထုတ်ဖော်ပြောဆိုခဲ့ခြင်းကြောင့် မြန်မာတိုင်းမ်ဂျာနယ်များ ရောင်းထွက်တွင် သတ်မှတ်ရောင်းချခဲ့ရသည်။ ❖

ကျောက်မှာ (၁၅) ကောင်ဆောင်းဒိမှ…

ရက်ရက်စက်စက်လိုက်လံဖမ်းဆီးနေခြင်းတို့သည် နည်းနည်းလေးမှတရားနည်းလမ်းမကျတဲ့ တရားလက်လွတ်ကျူးလွန်နေကြခြင်းသာဖြစ်သည်။

ယခုအခါတွင် အတိတ္တဘုရားနေများစွာ မြန်မာပြည်အားရေမီးကြီး၍သက်ရောက်ပြီး အမြဲတမ်းရေမြင့်လုံကို တတ်နိုင်သမျှ ထိန်းသိမ်းနိုင်ပြီ ပြုလုပ်နေသည်။ တတ်တွေ့ တွင်မြန်မာပြည်ကြီး ကောင်းမွန်နေပါ၏ ကမ္ဘာ့ရာသီများပေါ်တွင် ပျောက်ဆုံးသွားသော အသက်ပေးများ၊ ရှောင်းဝေလေ လာနေသော ကျန်ကြီးရေကန်တို့၏ လောင်းများကို သယ်ဆောင်ရန် မပေါ့သော ကျောက်မျက်ရတနာ့ ပြည်ဝင် ပြည်သူတို့ခံစားနေကြရသော အဝိုင်းသာခါမှ မျောက်ရုပ်ရုပ်တော့မည်မဟုတ်သော သာယာတိုင်များ၊ သမိုင်းမှတ်တိုင်များဖြစ်သည်။ နာမလည်နိုင်သော ဗိုလ်ချုပ်ကြီးများက အသလုံးကျည်းငြိမ်သောနေ့မှ သွားပေါ်ကြပြီ ဖိုက်ခိုက်မဲ့ပြောဆိုနေကြသည်။

ကျောင်းသားခြင်းများက စွဲအမြဲငြိမ်ပြီး သခွင့်ကောင်းကိုစောင့်နေခြင်းဖြစ်သည်။ တိုက်ပွဲဆင် နောက်တလှမ်းဆုတ်နေခြင်းသာဖြစ်သည်။ ပင်လယ်ကြပ်ကြီးမဖြစ် လှိုင်းများ ငြိမ်သက်လျက် လှိုင်းကြက်ခွက်ကလေးများ ရပ်သွားပြီး သင်ဖြူးဖျာကြီးကာရှုပ်ခင်းတော့ အလို ငြိမ်သက်သွားပြီဆိုလျှင် မကြာခင်မှာ မုန်တိုင်းကြီးလာတော့မည်မှာ အသာသေချာပြီဖြစ်သည်။ ထိုနည်းလည်း မြန်မာပြည်၏ ငြိမ်ဖြစ်နေသည့် ပင်လယ်ပြင်ကြီးသင်ဖြူးများခင်းသလို ငွေ့မြိုမ်သက်သွားခြင်းသာ ထိုငြိမ်သက်မှု၏ နောက်ကွယ်တွင် ….

(စောဝေ)

❖